AAPP

# အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက်

# လမ်းညွှန်ချက်များ

## တာဝန်ယူမှု တာဝန်ခံမှု လုပ်ငန်းစဉ် ရည်ရွယ်ချက်အတွက် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း

EUROJUST

Network for investigation and prosecution of genocide, crimes against humanity and war crimes

Cour Pénale Internationale
International Criminal Court
Le Bureau du Procureur
The Office of the Prosecutor

“ဤအရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ” ကို
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

# မာတိကာ


ကျေးဇူးတင်စကား

အမှာစကား

**၁။ မိတ်ဆက်** 1

- မည်သူတို့သည် ဤလမ်းညွှန်ချက်များကို အသုံးပြုသင့်သနည်း။
- အတိုင်းအတာနယ်ပယ်နှင့် ရည်ရွယ်ချက်
- အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ တာဝန်များ

**၂။ ယေဘုယျအခြေခံမူ စည်းမျဉ်းများ** 2

- ထိခိုက်မှုမရှိစေပါနှင့်
- အသိပေးသဘောတူညီချက်
- ဓမ္မဓိဋ္ဌာန်ကျမှု၊ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှု
- တာဝန်ယူမှု တာဝန်ခံမှု၊ ဥပဒေနှင့်ဆီလျော်မှု
- ပရော်ဖက်ရှင်နယ်ဆန်မှု နှင့် လေးစားမှု

**၃။ အစီအစဉ် ရေးဆွဲချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း** 3

- ကြိုတင်ပြင်ဆင်မှု
- အရင်းအမြစ်များ
- လုံခြုံရေး
- လျှို့ဝှက်ချက်
- တဆင့်ခံစိတ်ဒဏ်ရာ Vicarious trauma

**၄။ ထိရှလွယ် အားနည်းသူများ** 4

- ယေဘုယျ စဉ်းစားချက်များ
- စိတ်ဒဏ်ရာ
- ထိရှလွယ် အားနည်းသူများနှင့် ထိတွေ့ဆက်ဆံခြင်း

# CONTENTS


**၅။ တစ်စုံတစ်ယောက်၏ ပြောဆိုချက်များ ရယူခြင်း**

- လမ်းညွှန်ချက်မူငါးပါး
- လူတစ်ဦး၏ပြောဆိုချက်ကိုယူရန်အတွက် ယေဘုယျစည်းစားချက်များ 5
- အစီအစဉ် ရေးဆွဲချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း
- ချဉ်းကပ်ရှင်းပြမှု
- ပြောဆိုချက်
- အဆုံးသတ် နိဂုံးချုပ်ခြင်း
- အကဲဖြတ်သုံးသပ်ခြင်း
- ပြောဆိုချက်ကို မှတ်တမ်းတင်ခြင်း
- ထိရှလွယ် အားနည်းသူများထံမှ ပြောဆိုချက်ရယူခြင်း
- လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများ (SGBC) ကြောင့် နစ်နာခံစားရသူများ
- ကလေးသူငယ်များ 6
- ရာဇဝတ်မှု ကျူးလွန်ကောင်း ကျူးလွန်နိုင်ခဲ့သူများ

**၆။ ဓာတ်ပုံနှင့်ဗီဒီယိုများရယူခြင်း**

- ပဏာမခြေလှမ်းများ
- ဘယ်အရာကို ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးသင့်သည် ဆုံးဖြတ်ပါ 7
- ဗီဒီယိုနှင့် ဓာတ်ပုံများကို ဘယ်လိုရိုက်မလဲ
- ဗီဒီယိုများနှင့် ဓာတ်ပုံများကို ထိန်းသိမ်းပါ

**၇။ ရုပ်ဝတ္ထုပစ္စည်းများ**

**၈။ စာရွက်စာတမ်းနှင့်ဒစ်ဂျစ်တယ်သတင်းအချက်အလက်များ** 8

**ဒစ်ဂျစ်တယ် အချက်အလက်များ**

# မာတိကာ


၉။ Online မှတဆင့် စုံစမ်းခြင်းများ 9

၁၀။ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ 10

၁၁။ ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများ 11

- မှုခင်းဖြစ်ပွားရာနေရာကို စစ်ဆေးခြင်းဆိုင်ရာ အခြေခံမှုများ
- မှုခင်းဖြစ်ပွားရာနေရာ၏ ပကတိအ ခြေအနေခိုင်မာပြည့်စုံမှုကို လုံခြုံစိတ်ချအောင်လုပ်၍ ထိန်းသိမ်းပါ
- မှုခင်းအခင်းဖြစ်ပွားရာနေရာ၏ စစ်ဆေးမှုကို မှတ်တမ်းတင်ပါ
- မှုခင်းဖြစ်ပွားရာနေရာကို စနစ်တကျစီမံခြင်း
- သင်္ချိုင်းနေရာများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့်သင်္ချိုင်းနေရာများကို မှတ်တမ်းတင်ခြင်း

၁၂။ သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း 12

- ထုပ်ပိုးမှု
- တံဆိပ်တပ်ခြင်း
- အလုံပိတ်ခြင်း
- စာရင်းပြုစုခြင်း
- သိမ်းဆည်းသိုလှောင်ခြင်း

၁၃။ စုဆောင်းကောက်ယူထားသည့် သတင်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း 13


ဖေဖော်ဝါရီ၊ ၂၀၂၄ ခုနှစ်။ ထိုင်းနိုင်ငံ

# CONTENTS


- နောက်ဆက်တွဲ ၁: အသိပေးသဘောတူညီချက် ပုံစံ
- နောက်ဆက်တွဲ ၂: ထိန်းသိမ်းမှုကွင်းဆက် ပုံစံ
- နောက်ဆက်တွဲ ၃: အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လုပ်ဆောင်ရမည့်အချက်များစာရင်း

1. ယေဘုယျမူဝါဒများ
2. ပြင်ဆင်မှု
3. ထိရှလွယ် အားနည်းသူများ
4. တစ်စုံတစ်ယောက်၏ ပြောဆိုချက်များ ရယူခြင်း
5. ဓာတ်ပုံနှင့်ဗီဒီယိုများရယူခြင်း
6. ရုပ်ဝတ္ထုပစ္စည်းများ
7. စာရွက်စာတမ်းနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက်များ
8. Online မှတဆင့် စုံစမ်းခြင်းများ
9. ကိုယ်ကာယရုပ်ပိုင်းပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ
10. ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများ
11. သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း
12. စုဆောင်းကောက်ယူထားသည့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

**နောက်ဆက်တွဲ ၄ :အဓိကအရင်းအမြစ်များ**


ANNEX 1. 2. 3. 4

February . 2024. Thailand

# ကျေးဇူးတင်စကား

ဤ လမ်းညွှန်ချက်များကို **EUROJUST** (European Union Agency for Criminal Justice Co-operation), **Genocide Network** (The European Network for investigation and prosecution of genocide, crimes against humanity and war crimes), **International Criminal Court** တို့မှ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်ကို ရည်ရွယ်၍ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသော အရပ်ဘက်အဖွဲ့အစည်းများအတွက် ပြုစုထားသည့် လမ်းညွှန်ချက်များဖြစ်သည်။

ယနေ့ ကမ္ဘာတဝှမ်းတွင် လက်နက်ကိုင်ပဋိပက္ခများ၊ အားကြီးသူများက အားနည်းသူတွေကို အနိုင်ကျင့်စော်ကားမှုများကြောင့် ကျူးလွန်ခံရသူများမှာ ဆိုးရွားစွာထိခိုက်နာနာမှုများ ရှိနေဆဲဖြစ်သည်။ သို့သော်လည်း ကျူးလွန်သူအများစုမှာမူ အပြစ်ပေးရေးယူခံရ ခြင်းမှ ကင်းလွတ်နေဆဲပင်ဖြစ်သည်။

ယနေ့မြန်မာနိုင်ငံတွင်လည်း အကြမ်းဖက်စစ်အုပ်စုမှ လက်နက်အားကိုးဖြင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများစသည့် ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို နေ့စဉ်နှင့်အမျှ ကျူးလွန်လျှက်ရှိသည်ကိုတွေ့မြင်နေရသည်။

ထို့ကြောင့် တရားမျှတမှုကို လိုလားသူများသည် အမှန်တရားဖော်ထုတ်ရေးနှင့် တရားမျှတမှု ဖော်ဆောင်မြှင့်တင်ရေးတွက် လူ့အခွင့်အရေးချိုးဖောက်သူများ၊ နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်သူများအား တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် ကွန်ရက်များ ချိတ်ဆက်ကာ ရှာဖွေဖော်ထုတ်လျှက်ရှိကြသည်။ တဘက်တွင်လည်း ကျူးလွန်ခံရသူများအား ကာကွယ်စောင့်ရှောက်ရန်၊ ဂုဏ်သိက္ခာ ပြန်လည်မြှင့်တင်သည့် လုပ်ငန်းစဉ်များကို ရှာဖွေဆောင်ရွက်လျှက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မှတ်တမ်းကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်သည် အလွန်အရေးပါသော လုပ်ငန်းစဉ်တခု ဖြစ်သည်။

ဤလမ်းညွှန်ချက်များသည် အရပ်ဘက်အဖွဲ့အစည်းများ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် တိကျခိုင်မာသော သက်သေခံအထောက် အထားများ ရရှိရန်နှင့် စနစ်တကျမှတ်တမ်းတင် ဖော်ထုတ်နိုင်ရန်အတွက် ရည်ညွှန်းထားသည်ကို တွေ့ရသည်။

မှတ်တမ်းတင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း ကျင့်သုံးသင့်သည့် ယေဘုယျ မူဝါဒများ၊ ကြိုတင်ပြင်ဆင်မှုများ၊ ထိလွယ်ရှလွယ် ရှိသူများအတွက် ယေဘုယျစဉ်းစားချက်များ၊ မှတ်တမ်းများရယူခြင်း အဆင့်ဆင့်နှင့် သတိပြုလိုက်နာသင့်သည်များ၊ သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း စသဖြင့် ကဏ္ဍများခွဲ၍ အသေးစိတ် ပြုစုလမ်းညွှန်ထားပါသည်။

လမ်းညွှန်ချက်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်လုပ်ဆောင်နေသည့် အရပ်ဘက်အဖွဲ့အစည်းများအတွက် မရှိမဖြစ် လက်ကိုင်ထားသင့်သည့်လမ်းညွှန်ချက်များ ဖြစ်သည့်အတွက် မိမိတို့နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေး အသင်းမှ ဘာသာပြန်ဆို၍ ထပ်ဆင့်ဖြန့်ဝေလိုက်ခြင်းဖြစ်ပါသည်။

ဤလမ်းညွှန်ချက်လက်စွဲစာအုပ်ကို အချိန်မီ လိုအပ်သူများလက်ထဲရောက်ရှိစေရန် ကြိုးစားဆောင်ရွက်ခဲ့ရာတွင် ဘာသာပြန်ဆိုရန် ခွင့်ပြုခဲ့သည့် မူရင်းရေးသားသူများ၊ ဘာသာပြန်ဆိုသူ၊ တည်းဖြတ်သူနှင့် ဤလုပ်ငန်းစဉ်ကြီးတခုလုံးအတွက် ကုန်ကျစရိတ်အား ထောက်ပံ့ကူညီပေးခဲ့သည့် International Republican Institute **(IRI)** အဖွဲ့တို့အား မိမိတို့အေအေပီပီမှ ကျေးဇူးမှတ်တမ်း တင်အပ်ပါသည်။

***လူ့အခွင့်အရေးချိုးဖောက်မှုများအား တိကျခိုင်မာသည့် သက်သေခံမှတ်တမ်းများမှတဆင့် ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်ခွင့် ရနေသည့်အပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရှိစေပြီး ကျူးလွန်ခံရသူများအား ကာကွယ်ပေးရန်နှင့် ၎င်းတို့၏ ဂုဏ်သိက္ခာများ ပြန်လည်မြှင့်တင်ပေးနိုင်ရမည်။***

တိတ်နိုင်

အတွင်းရေးမှူး

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း

# အမှာစကား

နိုင်ငံတကာငြိမ်းချမ်းရေးနှင့် တရားမျှတမှုစနစ်များအနေဖြင့် ပြင်းထန်သောဖိအားများအောက်ရောက်နေသည့် အချိန်ကာလတွင် ဤလမ်းညွှန်ချက်များသည် စာဖတ်သူများ၏လက်ဝယ် ရောက်ရှိလာပြီဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာတဝန်းတွင် ဖြစ်ပျက်နေသော လက်နက်ကိုင်ပဋိပက္ခတို့နှင့် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခြင်းတို့၏ ကြီးမားသည့် အကျိုးသက်ရောက်မှုများကို မြင်တွေ့နေရဆဲဖြစ်သည်။ လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းနိုင်ငံမှ အခြေအနေများသည် နိုင်ငံတကာရာဇဝတ်မှုများကြောင့် ထိခိုက်ခံစားခဲ့ရသည့်သူများ၏ ဘဝများအတွက် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားမျှတမှုများ၏ အရေးပါမှုကို ထုတ်ဖော်ပြသနိုင်ရန် ပါဝင်ပတ်သက်သူများအားလုံးအနေနှင့် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းသည် မရှိမဖြစ်လိုအပ်ကြောင်းကို မီးမောင်းထိုးပြလျက်ရှိသည်။

သို့သော်လည်း ယခုလက်ရှိအခြေအနေသည် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်များကို အသစ်တဖန်ထောက်ခံအားပေးမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ခံအားပေးမှုများလည်း ပြန်လည်တိုးပွားလာစေခဲ့သည်။ ယင်းသည် ကျွန်ုပ်တို့ကို မိတ်ဖက်များတည်ဆောက်ရန် တွန်းအားပေးနေသည်။ ထို့နည်းတူ ကျွန်ုပ်တို့သည် ယခုလပိုင်းများအတွင်း တရားစွဲအရာရှိရုံးThe Prosecutor နှင့် Eurojust တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ ဘုံကြိုးပမ်းအားထုတ်မှုများတွင် ပူးပေါင်းဆောင်ရွက်လိုသော ကျွန်ုပ်တို့၏ကတိကဝတ် သန္နိဋ္ဌာန်ကို ထပ်လောင်းပြသသည့်အနေဖြင့် ဤလမ်းညွှန်ချက်များကို ပူးပေါင်းထုတ်ဝေခြင်းဖြစ်သည်။

အပြစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်မှု တိုက်ဖျက်ခြင်းသည် နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများ၏ တာဝန်သက်သက်သာမဟုတ်ပါ။ ၎င်းသည် တရားမျှတမှုမြှင့်တင်လိုသူအားလုံး၏ ပူးပေါင်းဆောင်ရွက် ပံ့ပိုးကူညီမှုများမှ တဆင့် အကျိုးဖြစ်ထွန်းနိုင်မည့် ဘုံတာဝန်တစ်ရပ်ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ထိုဘုံတာဝန်အတွက် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည်။ ကမ္ဘာတဝန်းဖြစ်ပေါ်နေသည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရာတွင် အရပ်ဖက်လူ့အဖွဲ့အစည်းများ ပိုမိုတက်ကြွစွာ ပါဝင်လာကြပြီး၊ တာဝန်ယူ၊ တာဝန်ခံမှု လုပ်ငန်းစဉ်များကို ထိရောက်စွာ ပံ့ပိုးကူညီပေးနိုင်စွမ်းကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။

ဤလမ်းညွှန်ချက်များသည် နောက်ဆုံးအဆင့် တရားရုံးတွင် သက်သေခံဝင်ထိုက်စေနိုင်မည့် အချက်အလက်များ စုဆောင်းထိန်းသိမ်းနိုင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်သည်။ အချက်အလက်နှင့် သက်သေခံအရည်အသွေး ခိုင်မာပြည့်စုံမှုကို အာမခံမည့်၊ နိုင်ငံတော်နှင့် နိုင်ငံတကာ တာဝန်ယူ၊ တာဝန်ခံမှု လုပ်ငန်းစဉ်များကို မြှင့်တင်ပေးမည့် နည်းလမ်းများဖြင့် မှတ်တမ်းတင်လုပ်ငန်းများကို အထောက်အကူပေးမည့် အဓိကအခြေခံမှုများ ဆောင်ကျဉ်းပေးနိုင်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သည်။ ယခုလမ်းညွှန်ချက်များသည် ပုံသေကားချပ်မဟုတ်သည့်အတွက် ကျွန်ုပ်တို့၏ အနာဂတ်

ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအပေါ် အခြေခံ၍ ဤလမ်းညွှန်ချက် များကို ပိုမိုကောင်းမွန် မွမ်းမံတည်ဆောက်သွားရမည်ဖြစ်သည်။

နစ်နာခံစားရသူများ ခံစားခဲ့ရသော ဆင်းရဲဒုက္ခများကို အသိအမှတ်ပြုရာတွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ၏ အရေးပါသည့်အခန်းကဏ္ဍနှင့် နစ်နာခံစားရသူများ၏ ဂုဏ်သိက္ခာကို ပြန်လည်တည်ဆောက်ရာတွင် တရားမျှတမှုဆောင်ကျဉ်းပေးနိုင်မှုအပေါ် ယုံကြည်မှုတို့က များစွာအထောက်အကူဖြစ်ကြောင်းကို ကျွန်ုပ်တို့ တရားစွဲအရာရှိများအနေနှင့် မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ်တွင် နစ်နာခံစားရသူများကို အသိအမှတ်ပြုမှုနှင့် ၎င်းတို့၏အသံကို ကြားသိနိုင်ရန်မှာ လွန်စွာ အရေးကြီးပါသည်။ ထို့အပြင် အပြစ်ပေးအရေးယူခံရခြင်းမှကင်းလွတ်မှု တိုက်ဖျက်လိုသူတိုင်း၏ ပံ့ပိုးကူညီ၊ အားလုံးပူးပေါင်းဆောင်ရွက်မှသာ အဓိပ္ပာယ်ပြည့်ဝသည့် တာဝန်ယူ၊ တာဝန်ခံမှု ရရှိနိုင်မည်ကို ကျွန်ုပ်တို့အနေနှင့် တွေ့မြင်ခဲ့ပြီးဖြစ်သည်။

သင်တို့အရပ်ဖက်အဖွဲ့အစည်းများ လုပ်ဆောင်နေသည့် အရေးကြီးသော လုပ်ငန်းတာဝန်များ အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တရားမျှတမှုကို ပြန်လည်ထူထောင်နိုင်ရန်၊ လူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်နိုင်ရန်၊ အနာဂတ်မျိုးဆက်သစ်များကို အသိပညာ ပေးနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ တာဝန်ခံမှုဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ်ကို အတူတကွ ဖန်တီးတည်ဆောက်ရန် ကြိုးပမ်းကြပါမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် လူသားတိုင်း၏တန်ဖိုးကို အသိအမှတ်ပြုသည့် နိုင်ငံတကာတရားမျှတမှု ကတိကဝတ်ကို ဖြည့်ဆည်းသွားမည် ဖြစ်ပါကြောင်း။

လူသားတိုင်း  တူညီသော တရားမျှတမှု ရရှိထိုက်ပါသည်။

ကာရီမ် အေ၊ အေ၊ ခန် ကျူစီ (Karim A. A. Khan QC)

နိုင်ငံတကာ ရာဇဝတ်တရားရုံး တရားစွဲအရာရှိ

လာဒီဆလဗ် ဟာမ်ရန်း (Ladislav Hamran)

Eurojust ဥက္ကဌ

# ၁. မိတ်ဆက်

နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တရားမျှတမှုရရှိရန် စုပေါင်းလုပ်ဆောင်ရာတွင် နိုင်ငံတော်အာဏာပိုင်များနှင့် နိုင်ငံတကာ တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများအတွက် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကျွန်ုပ်တို့၏ အရေးကြီးသော မိတ်ဖက်များဖြစ်သည်။

ယခုဖော်ပြထားသည့် လမ်းညွှန်ချက်များကို Eurojust နှင့် နိုင်ငံတကာရာဇဝတ်တရားရုံး ICC တရားစွဲအရာရှိရုံးတို့ ပူးပေါင်း စီစဉ်ပြုစုထားသည်။ Eurojust သည် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကို စုံစမ်းတရားစွဲဆိုသည့် EU ကွန်ရက်တခု (‘Genocide Network’) ဖြစ်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်အတွက် နိုင်ငံတကာ ရာဇဂတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အချက်အလက်များကို အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် သီးခြားလွတ်လပ်စွာ ထိန်းသိမ်းစုဆောင်းရရှိရန် ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ဤလမ်းညွှန်ချက်များကို ရေးသားထားခြင်းဖြစ်သည်။ အထူးသဖြင့် ဤလမ်းညွှန်ချက် များသည် နိုင်ငံတော်တရားရုံးများ သို့မဟုတ် နိုင်ငံတကာရာဇဝတ်တရားရုံး(‘ICC’) ရှေ့မှောက် တရားစွဲဆိုမှုများစသည့် ရာဇဂတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့ အကောင်းဆုံး အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို လမ်းညွှန်ထားသည်။

ဤလမ်းညွှန်ချက်သည် လက်စွဲစာအုပ်မဟုတ်ပါ။ ယင်းအစား ၎င်းသည် နိုင်ငံတော်ဆိုင်ရာ စုံစမ်းစစ်ဆေးရေးနှင့် တရားစွဲရေးအာဏာပိုင်များ၊ ICC တရားစွဲအရာရှိရုံးတို့၏ ရှုထောင့်အမြင်နှင့် အကြံပြုချက်များကို အခြေခံသည့် 'ဆောင်ရန် ရှောင်ရန် 'အချက်များ ချမှတ်ထားခြင်းဖြစ်သည်။' ဆောင်ရန် ရှောင်ရန် 'အချက်များတွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းများကို အထောက်အကူပြုမည့်အရာများ၊ ထိခိုက်စေနိုင်မည့်အရာများ ပါဝင်သည်။ ဤလမ်းညွှန်ချက် များ၏ ရည်ရွယ်ချက်မှာ ထိုသို့သော ကျူးလွန်ခဲ့သည့်ပြစ်မှုများအတွက် အပြစ်ပေးခံရမှုမှကင်းလွတ်ခြင်း တိုက်ဖျက်ခြင်း ဆိုင်ရာ ဘုံရည်မှန်းချက်ပြည့်ဝရန် အထိရောက်ဆုံး ကြိုးပမ်းအားထုတ်၊ စွမ်းဆောင်မှုများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်သည်။

## အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ

ဤနောက်ခံအခြေအနေအောက်တွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် တာဝန်ယူ၊ တာဝန်ခံမှု နယ်ပယ်တွင်းရှိ သက်ဆိုင်သူအများအပြားက ၎င်းတို့ကောက်ယူ ရရှိထားသည့် အချက်အလက်များသည် အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ[1] ၏ ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုစေရန်နှင့် ထိုအချက်အလက်များသည် နောင်တချိန်တွင် နိုင်ငံတော်အဆင့် သို့မဟုတ် နိုင်ငံတကာအဆင့် တရားစွဲဆိုမှုများ၌ သက်သေခံအဖြစ် အသုံးပြုနိုင်မည့် အခွင့်အလမ်းများ မြင့်မားလာစေရေးအတွက် ၎င်းတို့၏ လုပ်ဆောင်မှုများကို လမ်းညွှန်ချက်ပေးရန်လိုအပ်ကြောင်း ထုတ်ဖော် ပြောဆိုခဲ့ကြသည်။

## မည်သူတို့သည် ဤလမ်းညွှန်ချက်များကို အသုံးပြုသင့်သနည်း။

ဤစာတမ်းသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် အထူးဦးတည်ရည်ရွယ် ရေးသားထားခြင်းဖြစ်သည်။ အဆိုပါ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံမှုယန္တရားများထံ လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် ကြိုးပမ်းသည့်အဖွဲ့အစည်းများ ပါဝင်သည်။ ဤတွင် “အရပ်ဖက်လူမှုအဖွဲ့အစည်း” ဟူသော ဝေါဟာရသည် တာဝန်ယူ၊ တာဝန်ခံမှု လုပ်ငန်းများကို ၎င်းတို့၏ အဓိကဆောင်ရွက်ချက်အဖြစ် ကြိုးပမ်း အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ၊ အခြားလုပ်ငန်းဆောင်တာများရှိသော်လည်း တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ် ရည်ရွယ်ချက်အတွက် သတင်းအချက်အလက်များကို ထိန်းသိမ်းစုဆောင်းသည့် အဖွဲ့အစည်းများလည်း ပါဝင်သည်။

ဤလမ်းညွှန်ချက်များသည် အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးရေးအာဏာပိုင် သို့မဟုတ် တရားစီရင်ရေးအာဏာပိုင်များအတွက် ရည်ရွယ်ရေးဆွဲထားခြင်းမဟုတ်ပါ။ ဆိုလိုသည်မှာ မတူကွဲပြားသည့် ထည့်သွင်းစဉ်းစားချက်များပါဝင်သည့် နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ တရားစီရင်ရေးဆိုင်ရာ တာဝန်ယူ၊ တာဝန်ခံမှု ယန္တရားများ၏ တရားဥပဒေလုပ်ပိုင်ခွင့်အောက်တွင် လုပ်ဆောင်သည့် စုံစမ်းစစ်ဆေးမှုများကို ဆိုလိုခြင်းဖြစ်သည်။

သတိပြုရမည့်အချက်တခုမှာ ဤလမ်းညွှန်ချက်များသည် အသုံးဝင်သော်လည်း၊ နစ်နာခံစားရသူများ၊ ဥပဒေရေးရာ ဝန်ဆောင်မှုပေးသည့် အခြားသူ၊ အဖွဲ့အစည်းများ (ဥပမာ အုပ်ချုပ်ရေး၊ အရပ်ဖက်နှင့် ရာဇဝတ်မှုဆိုင်ရာ၊ စသည်ဖြင့် နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာတရားစွဲဆိုမှုများတွင် ဥပဒေကိုယ်စားပြုလိုက်ပါဆောင်ရွက်သူများ) အတွက် အကျုံးမဝင်ပါ။

## အတိုင်းအတာနယ်ပယ်နှင့် ရည်ရွယ်ချက်

အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ မှတ်တမ်းတင်လုပ်ငန်းများသည် တာဝန်ယူ၊ တာဝန်ခံမှု လုပ်ငန်းစဉ်အတွက် အဖိုးဖြတ်၍ မရနိုင်ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ ပုံမှန်အားဖြင့် ထိုသို့သောအဖွဲ့အစည်းများသည် အလွန်စိန်ခေါ်မှုများသော အခြေအနေများအောက်တွင် လုပ်ဆောင်ရလေ့ရှိပြီး၊ အရည်အချင်းပြည့်ဝသည့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ

[1] ဤဝေါဟာရတွင် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်နေသည့် နိုင်ငံ၊ ပေါင်းစပ် သို့မဟုတ် နိုင်ငံတကာအဖွဲ့အစည်းများ (ဆိုလိုသည်မှာ အစိုးရ၊ အစိုးရအချင်းချင်း သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများ) ပါဝင်သည်။

စတင်ဝင်ရောက်ဆောင်ရွက်မှုမရှိသေးသည့်အချိန်တွင် ထိုအလုပ်များကို မြေပြင်နှင့် စတင်ထိတွေ့ဆက်ဆံရသူများမှာ မှတ်တမ်းတင်သူများဖြစ်သည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းတို့၏ ကျွမ်းကျင်မှု၊ သတင်းအချက်အလက်များကို လျင်မြန်စွာမျှဝေနိုင်မှုတို့နှင့်အတူ သတင်းအချက်အလက်များနှင့် ထိခိုက်ခံစားရသည့် လူမှုအသိုင်းအဝိုင်းများကို အချိန်နှင့်တပြေးညီ လက်လှမ်းမီခြင်းသည် အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ ဆောင်ရွက်ချက်များကို အထောက်အကူပြုရန် တပန်းသာသည့် အနေအထားတွင် ရှိသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းတို့အနေနှင့် တစ်နည်းတဖုံအားဖြင့် ပျောက်ဆုံး သွားနိုင်သည့် အချက်အလက်များကို စုဆောင်းကာ မှတ်တမ်းအချက်အလက်၊ အီလက်ထရွန်နစ်အချက်အလက်၊ အွန်လိုင်းပစ္စည်းများအပါအဝင် အချက်အလက်အမျိုးမျိုးကို လက်လှမ်းမီရရှိနိုင်မှု၊ စစ်ဆေးအတည်ပြုပြီး ခွဲခြမ်းစိတ်ဖြာခြင်းစသည့် အားသာချက်များရှိပါသည်။ ထို့ကြောင့် ၎င်းတို့၏ လွတ်လပ်သော လှုပ်ရှားမှုများနှင့်အညီ အရပ်ဖက်အဖွဲ့အစည်းများသည် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးဖောက်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်နှင့် ခွဲခြမ်းစိတ်ဖြာမှုများကို အရည်အချင်းပြည့်ဝသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ တတ်နိုင်သမျှ အမြန်ဆုံးမျှဝေရန် တိုက်တွန်းအပ်ပါသည်။

အချို့သောအခြေအနေများတွင် အရည်အချင်းပြည့်ဝသည့် အာဏာပိုင်များသည် ရာဇဝတ်မှု တာဝန်ယူ၊ တာဝန်ခံမှုဆိုင်ရာ အခွင့်အာဏာကို ကျင့်သုံးရန် ဆန္ဒမရှိခြင်း သို့မဟုတ် မစွမ်းဆောင်နိုင်ခြင်းကို Eurojust၊ Genocide Network နှင့် ICC တရားစွဲအရာရှိရုံးတို့အနေနှင့် အသိအမှတ်ပြုပါသည်။ ထိုသို့သော အခြေအနေမျိုးတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ သည် နောင်တချိန် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် အချက်အလက် များနှင့် ပစ္စည်းများကို စုဆောင်းထိန်းသိမ်းထားလျှက် တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ်များအတွက် အခြားနည်းလမ်းများ ကို ဆက်လက်ရှာဖွေ လုပ်ဆောင်ရန် ဆုံးဖြတ်နိုင်သည်။ သို့သော်လည်း အသုံးဝင်မည်ဟု ယူဆသော အရာများတွင် အကန့်အသတ်များလည်း ရှိပါသည်။ မြေပြင်တွင် ဆောင်ရွက်သော လုပ်ငန်းအချို့သည် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူ၊ တာဝန်ခံမှုလုပ်ငန်းစဉ် ကြိုးပမ်းမှုများကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ထိခိုက်နစ်နာ အာဃာတ ဖြစ်စေမည့် အလားအလာများရှိသည်။

တူညီသော တာဝန်ခံမှုကဏ္ဍတွင် မတူညီသော စံနှုန်းများနှင့် နည်းနိဿယများကို အသုံးပြု၍ လုပ်ဆောင်နေသာ အရပ်ဖက်လူမှုအဖွဲ့အစည်းအမျိုးမျိုးနှင့် အကျိုးဆိုင် stakeholders အများအပြား ရှိနေခြင်းသည် အလွန်အကျွံ မှတ်တမ်းတင်ခြင်းအန္တရာယ်နှင့်၊ စိတ်ဒဏ်ရာပြန်လည်ရနိုင်ခြေကို မြင့်မားလာစေပြီး တာဝန်ယူ၊ တာဝန်ခံမှု ဆိုင်ရာ လုပ်ငန်းစဉ်အတွက် သက်သေခံအရည်အသွေးကို ထိခိုက်နိုင်သည့် အလားအလာရှိသည်။ ဤလမ်းညွှန်ချက်များသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပံ့ပိုးကူညီရန်နှင့် သတင်းပေးသည့် ပုဂ္ဂိုလ်များ၏ ဘေးကင်းရေးနှင့် ကျန်းမာရေးကို အာမခံနိုင်ရန် ရည်ရွယ်ထားပါသည်။

ဤလမ်းညွှန်ချက်များကို အရပ်ဖက်လူမှုအဖွဲ့အစည်းများကိုယ်တိုင် ယခင်က ပြုစုထားခဲ့သော အလားတူ လမ်းညွှန်ချက်များအပေါ် အခြေခံ၍ မွမ်းမံရေးဆွဲထားခြင်းဖြစ်သည်[2]။ ထို့ကြောင့် ဤလမ်းညွှန်ချက်များတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၏ လက်ရှိလုပ်ငန်း ကြိုးပမ်းအားထုတ်မှုများကို စုစည်း၍ ထိုလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။ ထိုလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်မှုမရှိသေးပါက နိုင်ငံတကာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်နေသည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ဤလမ်းညွှန် ချက်များကို ၎င်းတို့၏ လုပ်ငန်းအလေ့အထများတွင် ပြန်လည်ထင်ဟပ် အသုံးချရန် တိုက်တွန်းအပ်ပါသည်။
ဤလမ်းညွှန်ချက်များသည် ပုံသေကားချပ်မဟုတ်ဘဲ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တိုင်ပင်ဆွေးနွေး၊ ၎င်းတို့၏ အတွေ့အကြုံများကို ထင်ဟပ်၍ ပြောင်းလဲပြင်ဆင်မွမ်းမံသွားမည်ဖြစ်သည်။

## အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ တာဝန်များ

ဤလမ်းညွှန်ချက်များသည် Eurojust၊ Genocide Network၊ International Criminal Court သို့မဟုတ် အခြားသော တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများကိုယ်စား အရပ်ဖက်လူမှုအဖွဲ့အစည်းများအား တစ်စုံတရာကို အရေးယူဆောင်ရွက်ရန်၊ ညွှန်ကြားရန်၊ ပြဌာန်းရန် သို့မဟုတ် တောင်းဆိုရန် ရည်ရွယ်ထားခြင်းမဟုတ်ပေ။ ထို့ကြောင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အမှီအခိုကင်းလွတ်လပ်စွာ ဆောင်ရွက်မှုများကို ဤလမ်းညွှန်ချက်ဖြင့် ကန့်သတ်သတ်မှတ်၍မရပေ။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုနှင့် တည်ဆဲဥပဒေများ အထူးသဖြင့် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် နိုင်ငံများရှိ ဥပဒေများအောက်တွင် ဖြစ်လာနိုင်ချေရှိသော တာဝန်ခံမှု အပါအဝင် ၎င်းတို့၏ အပြုအမူလုပ်ရပ်အတွက် အချိန်တိုင်းတွင် တာဝန်ရှိပါကြောင်း လမ်းညွှန်ချက်တွင် ဖော်ပြထားသည်။ ထို့ကြောင့် အရပ်ဖက်လူမှုအဖွဲ့အစည်း များသည် မိမိတို့၏ အကျိုးစီးပွားအတွက် သက်ဆိုင်ရာနိုင်ငံရှိ တည်ဆဲဥပဒေများကို အချိန်တိုင်း လိုက်နာသင့်သည်။

[2] နောက်ဆက်တွဲ ၄ ရှိ “အဓိကအရင်းအမြစ်များ” ကိုကြည့်ပါ။

# ၂. ယေဘုယျအခြေခံမူစည်းမျဉ်းများ

## ထိခိုက်မှုမရှိစေပါနှင့်

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများတွင် မလိုလားအပ်သည့် ဆိုးကျိုးများကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ကြိုးပမ်းသင့်သည်။ သတင်းအချက်အလက်များပေးသည့် ပုဂ္ဂိုလ်များ၊ ကြားခံပုဂ္ဂိုလ်များ၊ ဒေသခံလူထုများနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့် အခြားမည်သူမဆိုအတွက် အကောင်းဆုံးအကျိုး ရရှိစေရန် ထိုမှတ်တမ်းတင်ခြင်း လုပ်ငန်းများကို အမြဲတမ်းလုပ်ဆောင်သင့်သည်။ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်အတွင်း ၎င်းပုဂ္ဂိုလ်တို့၏ လုံခြုံရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၊ ကိုယ်ရေးကိုယ်တာလုံခြုံရေးတို့ကို ဦးစားပေး ဆောင်ရွက်သင့်ပြီး အထက်ဖော်ပြပါ ပုဂ္ဂိုလ်များကို အန္တရာယ် ဖြစ်စေနိုင်သော လုပ်ရပ်များ မလုပ်ဆောင်သင့်ပါ။ ယင်းတွင် မှတ်တမ်းတင်ခြင်းမပြုမီ၊ မှတ်တမ်းတင်စဉ်ကာလအတွင်းနှင့် မှတ်တမ်းပြုစုအပြီးတွင် အန္တရာယ်အကဲဖြတ်ခြင်းများ၊ ပရော်ဖက်ရှင်နယ် စံနှုန်းများနှင့် ကိုက်ညီရန် ဝန်ထမ်းရွေးချယ်ခြင်းနှင့် လေ့ကျင့်သင်ကြားခြင်း၊ အသိပေးသဘောတူညီချက် ရယူခြင်း၊ သတင်းအရင်းအမြစ်များကို ကာကွယ် ပေးခြင်း၊ လျှို့ဝှက်လုံခြုံရေးကို လေးစားလိုက်နာခြင်း၊ လွှဲပြောင်းပေးသည့် ပံ့ပိုးမှုစနစ်များ တည်ဆောက်ခြင်း၊ ထိခိုက်ခံစားလွယ်သူများ[3]နှင့် ဆက်ဆံရာတွင် အထူးဂရုစိုက်၍ တိကျသောအစီအမံများ ကျင့်သုံးခြင်း စသည့်တို့ လုပ်ဆောင်ရန် ပါဝင်သည်။

နိုင်ငံတကာ ရာဇဝတ်မှုကျူးလွန်သူများအား တရားဝင် နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ အာဏာပိုင်များက အဆုံးသတ်တရားစွဲခြင်းအပါအဝင် အနာဂတ် သက်သေအထောက်အထားများ စုဆောင်းခြင်း သို့မဟုတ် တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်ဆိုင်ရာ ကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေရန်နှင့် ထိုလုပ်ငန်းများကို ထိခိုက်ခြင်းမရှိစေအောင် မှတ်တမ်းတင်လုပ်ငန်းများ ဆောင်ရွက်သင့်သည်။ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်များတွင် အသုံးပြုရန်အတွက် စေတနာကောင်းဖြင့် အချက်အလက်စုဆောင်းရန် ကြိုးပမ်းလုပ်ဆောင်မှု များပင်လျှင် အနာဂတ်တရားစွဲဆိုမှုများတွင် ၎င်းသတင်း အချက်အလက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်စွမ်းကို ထိခိုက်နိုင်ချေရှိသည်။ အထူးသဖြင့် ဤအချင်းအရာသည် လူများကို မေးခွန်းမေးမြန်းခြင်းနှင့် သက်ဆိုင်ပါသည်။

---

[3]အခန်း ၄ ကို ကြည့်ပါ။

အရည်အချင်းပြည့်မီသော အာဏာပိုင်များ၏ အနာဂတ် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို ပံ့ပိုးကူညီရန် အဓိက လုပ်ဆောင်သည့် နေရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လူများထံမှ ရာဇဝတ်မှုနှင့်ပတ်သတ်၍ ၎င်းတို့၏ အသိအသေးစိတ် ပြောဆိုချက်များ ရယူခြင်းမှ ရှောင်ကြဉ်သင့်သည်။ ယင်းအစား အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ နောင်တချိန် အင်တာဗျူးကို လုပ်ဆောင်ရာတွင် လွယ်ကူချောမွေ့စေရန် သတင်းအချက်အလက်ပေးမည့် ပုဂ္ဂိုလ်၏ ဆက်သွယ်ရန်အချက်အလက်များကို မှတ်တမ်းတင်ခြင်း၊ ထိုပုဂ္ဂိုလ် အဓိကပြောဆိုနိုင်မည့် ခေါင်းစဉ်အကြောင်းအရာများ ဖော်ထုတ်ခြင်းကို ဦးစားပေးလုပ်ဆောင်သင့်သည်။ ICC တရားစွဲအရာရှိရုံးကဲ့သို့သော အရည်အချင်းပြည့်မီသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ အခွင့်အရေးရရချင်း ပေးနိုင်ရန် ဤအချက်အလက်များကို ထိန်းသိမ်းထားသင့်သည်။

## အသိပေးသဘောတူညီချက်

လူတစ်ဦးကို မေးမြန်းခြင်း၊ ဓာတ်ပုံ/ဗီဒီယိုများရိုက်ခြင်း၊ စာရွက်စာတမ်းများရယူခြင်းကဲ့သို့သော အခြားသူများ ပါဝင်သည့် သတင်းအချက်အလက်စုဆောင်းခြင်းဆိုင်ရာ လုပ်ငန်းများမစတင်မီတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများသည် ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတို့ထံမှ အသိပေး သဘောတူညီချက် ရယူသင့်သည်။

လူတစ်ဦးချင်းစီထံမှ စုဆောင်းရရှိထားသော သတင်း အချက်အလက်များကို နောင်တချိန်တရားစွဲဆိုမှုများတွင် အသုံးချရာ၌ အားကောင်းစေရန်အတွက် သဘောတူညီချက်ရယူရန် ကြိုးပမ်းသည့်အခါ နောက်ဆက်တွဲ ၁ ပါ ပုံစံကို အသုံးပြုရန် ထည့်သွင်းစဉ်းစားပြီး လုပ်ငန်းများကို အောက်ပါလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ပါစေ။

ကြိုတင် ရှင်းလင်းအသိပေးထားသည့် သဘောတူညီချက်ဖြစ်ရမည် - ကာယကံရှင်အား ယခုလုပ်ဆောင်ချက်၏ သဘောသဘာဝ နှင့် ရည်ရွယ်ချက်၊ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ ရရှိထားသော အချက်အလက်များ၏ အသုံးပြုနိုင်မှု အလားအလာ (ထုတ်ပြန်နိုင်ခြေ သို့မဟုတ် လိုက်နာရမည့် ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ချက်များအပါအဝင်) ဖြစ်နိုင်ခြေရှိသော လုံခြုံရေး အန္တရာယ်များအပါအဝင် သတင်းအချက်အလက်မျှဝေခြင်း၏ ဖြစ်လာနိုင်သောအကျိုးဆက်များကို အပြည့်အစုံ ရှင်းလင်းချက် ပေးရမည်။ သက်ဆိုင်ရာ အချက်အလက်အားလုံးကို ထိုပုဂ္ဂိုလ်ကို လုံလောက်စွာ ဖြည့်ဆည်းပေးပြီး ရှင်းပြရန်နှင့် ခိုင်လုံသော သဘောတူချက်ကို ပေးနိုင်ရန်အတွက် ပြောပြထားသည့် အချက်များကို အပြည့်အဝ နားလည်နိုင်စွမ်းကို အကဲဖြတ်သင့်သည်။

သဘောတူညီချက်ကို အချိန်နှင့်အမျှ ထပ်လောင်းအတည်ပြုပါ - သဘောတူညီချက်ကို အချိန်မရွေး ပြန်လည်ရုပ်သိမ်းနိုင်ခွင့် ရှိသောကြောင့် သတင်းအချက်အလက်စုဆောင်းခြင်း လုပ်ငန်းတွင် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ရန် အသိပေး သဘောတူညီချက်ကို အချိန်နှင့်အမျှ ထပ်လောင်းအတည်ပြုပါ။ နိုင်ငံတော်အာဏာပိုင်များ၊ ICC တရားစွဲအရာရှိရုံး သို့မဟုတ် အခြားသော နိုင်ငံတကာတာဝန်ခံမှုယန္တရားများနှင့် မျှဝေမည့် သဘောတူညီချက်ကို အမှန်တကယ်မျှဝေခြင်းမပြုမချင်း ပြန်လည်ရုပ်သိမ်းနိုင်သည်။

သဘောတူညီချက်သည် ဆန္ဒအလျောက်ဖြစ်ရမည် - လူပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆန္ဒကို လေးစားပါ။ အတင်းအကျပ်ဖိအားပေးခြင်းမဟုတ်သော ပတ်ဝန်းကျင်တစ်ခုကိုသေချာဖန်တီးပြီး အခြားသူတို့၏ အမြင်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရန် အခွင့်အာဏာပေးပါ။ ယဉ်ကျေးမှု၊ ကျား၊မ သို့မဟုတ် အသက်အရွယ်ဆိုင်ရာ ဆက်ဆံရေးများ၊ လူမှု အသိုင်းအဝိုင်း သို့မဟုတ် မိသားစုဖိအားများကဲ့သို့သော လွတ်လပ်စွာ သဘောတူခွင့်ပေးနိုင်စွမ်းကို အဟန့်အတား ဖြစ်စေနိုင်သည့် လူမှုရေးဆိုင်ရာ နောက်ခံအကြောင်းတရားများကို သတိထားပါ။ အရည်အချင်းပြည့်မီသောနိုင်ငံတော် သို့မဟုတ် နိုင်ငံတကာအာဏာပိုင်များနှင့် သတင်း အချက်အလက်များကို မျှဝေသည့်အချိန်အထိ ၎င်းတို့အနေနှင့် စိတ်ပြောင်းနိုင်ပြီး ပူးပေါင်း ဆောင်ရွက်ခြင်းမပြုရန် ဆုံးဖြတ်နိုင်ကြောင်း အတိအလင်း အသိပေးပါ။

သဘောတူညီချက်သည် ရှင်းလင်းပြတ်သားမှုရှိရမည် - ဖြစ်နိုင်ပါက အသိပေး သဘောတူညီချက်ကို မှတ်တမ်းတင်ပါ။ အဆိုပါမှတ်တမ်းသည် သဘောတူညီချက်ကို ပေးသောသူမှ လက်မှတ်ရေးထိုးထားသော မှတ်တမ်းပုံစံ၊ အသံ/ဗီဒီယို မှတ်တမ်းတင်ခြင်း သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် သဘောတူညီချက်ကို ပေးသောပုံစံဖြစ်နိုင်သည်။ ထိုမှတ်တမ်းတွင် သဘောတူညီချက်ပေးသောသူ မည်သူမည်ဝါဖြစ်သည်ကို ဖော်ပြထားပြီး ၎င်းတွင် အောက်ပါတို့ပါဝင်သည်။ မှတ်တမ်းတင်ခြင်း သဘောသဘာဝနှင့် ရည်ရွယ်ချက် ဖော်ပြချက်၊ ဆက်စပ်သည့် လုံခြုံရေးအန္တရာယ်များနှင့် သတင်း အချက်အလက်များကို အသုံးပြုရန်ရည်ရွယ်ချက်နှင့် ပတ်သက်သည့် အချက်အလက်၊ လျှို့ဝှက်မှုဆိုင်ရာ စည်းမျဉ်းကမ်းများ၊ သဘောတူညီချက်သည် မိမိဆန္ဒအလျောက်ပေးခြင်းဖြစ်ကြောင်း အတိအလင်းဖော်ပြချက်၊ ထိုဆန္ဒအလျောက် သဘောတူညီချက်နှင့် သက်ဆိုင်သည့် အခြားအချက်အလက်များ၊ စသည်ဖြင့်။

လူတစ်ဦး၏ သဘောတူညီချက်ကို ရယူသည့်အခါ၊ ICC တရားစွဲအရာရှိရုံးကဲ့သို့သော အရည်အချင်းပြည့်မီသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ မျှဝေရန် ၎င်းတို့ထံမှ အသိပေးသဘောတူချက်ကို တောင်းဆိုပါ။

ထိုအခြေအနေတွင် သင့်လျော်သည်ဟု ယူဆပါက အရည်အချင်းပြည့်မီသော အာဏာပိုင်များသည် သက်ဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားမည်ဖြစ်ကြောင်း၊ ထိုလုပ်ထုံးလုပ်နည်းများသည် နိုင်ငံအလိုက် ကျင့်သုံးသည့် အခွင့်အာဏာအပေါ်မူတည်၍ ကွဲပြားနိုင်ကြောင်း ထိုလူပုဂ္ဂိုလ်အား ရှင်းလင်းအသိပေးရမည်။ ခုခံကာကွယ်ခွင့်အပါအဝင် ဖြစ်လာနိုင်ခြေရှိသည့် တရားစီရင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သတ်သူ၊ အဖွဲ့အစည်းများသို့ အချက်အလက်များကို မျှဝေသွားနိုင်ကြောင်း အသိပေးပါ။ ထိုသို့သော အာဏာပိုင်များသည် နောက်ပိုင်းတွင် ၎င်းတို့ကို မဆက်သွယ်ကောင်း မဆက်သွယ်နိုင်သောကြောင့် ထိုလူပုဂ္ဂိုလ်၏ မျှော်လင့်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်လည်း အရေးကြီး ပါသည်။ စုဆောင်းထားသော အချက်အလက်များ၏ နောင်တချိန်အသုံးဝင်မှု သို့မဟုတ် ဖြစ်နိုင်ချေရှိသော အကျိုးကျေးဇူးများ နှင့် ပတ်သက်၍ လက်တွေ့မကျသော အာမခံချက်များ သို့မဟုတ် ကတိများ မပေးပါနှင့်။ လိုအပ်ပါက မည်သည့်ပုံစံဖြင့် အချက်အလက်မျှဝေမည်ကို ဆွေးနွေးပါ (ဥပမာ - အကြောင်းအရာ အချက်အလက်နှင့် ကိုယ်ရေးအချက်အလက်/ဆက်သွယ်ရန် အသေးစိတ်အားလုံး သို့မဟုတ် အမည်နာမ လျှို့ဝှက်ထားသော အချက်အလက်များသာ)။

စိုးရိမ်ပူပန်မှုများ၊ သတင်းအချက်အလက်မျှဝေမှုဆိုင်ရာ သတ်မှတ်ချက်စည်းကမ်းများကို အသိပေးသဘောတူညီချက်မှတ်တမ်းတွင် ထင်ဟပ်ဖော်ပြနိုင်ပါစေ။ 'အသိပေးသဘောတူညီချက်ပုံစံ' (နောက်ဆက်တွဲ ၁) ကိုအသုံးပြုရန်စဉ်းစားပြီး လိုအပ်ပါက ကာယကံရှင်အနေဖြင့် ထိုပုံစံကို အပြည့်အစ နားလည်သဘောပေါက်ပြီး အသိပေးသဘောတူညီချက်ပုံစံကို အပြီးသတ် ဖြည့်စွက်နိုင်ရန် ပံ့ပိုးကူညီပါ။

သတင်းအချက်အလက်မျှဝေရန်အတွက် လူတစ်ဦး၏ အသိပေးသဘောတူညီချက်ရရှိပြီးသည်နှင့် အရည်အချင်းပြည့်မီသော နိုင်ငံတွင်း သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေးရရချင်း ပေးနိုင်ရန် ရရှိထားသော အချက်အလက်များကို လုံခြုံစွာထိန်းသိမ်းထားပါ။ သတင်းအချက်အလက်များကို တရားစီရင်ပိုင်ခွင့်အများအပြားသို့ ပေးပို့မျှဝေပါက ညှိနှိုင်းဆောင်ရွက်မှု လွယ်ကူချောမွေ့စေရန် တရားစီရင်ပိုင်ခွင့်တစ်ခုချင်းစီကို အသိပေးအကြောင်းကြားပါ။

## ဓမ္မဓိဋ္ဌာန်ကျမှု၊ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှု

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အမှန်တရားကို ရှာဖွေတွေ့ရှိလိုသော ဘုံရည်ရွယ်ချက်နှင့်အညီ ၎င်းတို့၏ ဆောင်ရွက်ချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ၊ သမာသမတ်ကျကျဖြင့် အမှီအခိုကင်းမှုရှိစေရန် ကြိုးပမ်းသင့်သည်။ အောက်ပါမူဝါဒများနှင့်အညီ လုပ်ဆောင်ခြင်းဖြင့် ဤကြိုးပမ်းလုပ်ဆောင်မှုများကို အားကောင်းစေမည်ဖြစ်သည်။

ဓမ္မဓိဋ္ဌာန်ကျမှု - အမှန်တရားကို တည်ဆောက်ရန် ကြိုးစားပါ။ ယူဆချက်များ မဖန်တီးပါနှင့်။ အပြစ်ရှိကြောင်း ထောက်ပြသည့် အချက်အလက်နှင့် အပြစ်မရှိကြောင်း ထောက်ပြသည့် အချက်အလက်နှစ်ခုလုံးကို ညီတူညီမျှ ထည့်သွင်းစဉ်းစားပါ။ ဖြစ်နိုင်ခြေအမျိုးမျိုးနှင့် သီအိုရီအယူအဆများကို ထည့်သွင်းစဉ်းစားပြီး ပြန်လည်သုံးသပ်ပါ။ အချက်အလက်များကို စုဆောင်းကောက်ယူနေသည်နှင့်အမျှ သင်၏လုပ်ဆောင်ချက်များကို စဉ်ဆက်မပြတ်စီစဉ်ပါ။ သတင်းအချက်အလက်ပေးသူများကို ဩဇာလွှမ်းမိုးခြင်း မပြုပါနှင့် (ဥပမာ - နမိတ်ပြမေးခွန်းများကို အသုံးပြုခြင်း)၊ ဖြစ်ရပ်မှန်အချက်အလက်များကို စုဆောင်းသည့်အခါ ဥပဒေဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်များ မပြုလုပ်ပါနှင့် (ဥပမာ - စစ်ဖက်အရပ်ဖက်ပစ်မှတ်မခွဲခြားဘဲ တိုက်ခိုက်တာလား' ကဲ့သို့ မေးမြန်းခြင်း) သတင်းအရင်းအမြစ်၊ ရရှိထားသော အချက်အလက်များကို အကဲဖြတ်သုံးသပ်ပြီး ၎င်းတို့၏ ယုံကြည်စိတ်ချရမှုကို ပြန်လည်စမ်းစစ်ပါ။

သမာသမတ်ကျမှု - ဘက်မလိုက်ပါနှင့်။ ဘက်မလိုက်ဘဲ၊ မိမိ၏ယဉ်ကျေးမှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာဘက်လိုက် တိမ်းညွှတ်မှုများကို သတိထားပါ။ ဖြစ်ရပ်မှန်များနှင့် အချက်အလက်အားလုံးအတွက် အကျုံးဝင်သည့် လုပ်ငန်းမူဘောင်နည်းစနစ်များ ချမှတ်အကောင်အထည်ဖော်ပါ 'ရှေ့တည့်တည့်သာမြင်ပြီး ဘေးဘီမမြင်၊ အမြင်ကျဉ်းခြင်း 'သို့မဟုတ်' အတည်ပြုချက် ဘက်ကိုလိုက်မှုကို တားဆီးသည့် အစီအမံများ ကြိုတင်ချမှတ်ပါ။ အကျိုးစီးပွားပဋိပက္ခများကို ခွဲခြားဖော်ထုတ်၊ ရှောင်ရှားပါ။

အမှီအခိုကင်းမှု - မိမိ၏လုပ်ဆောင်မှုများသည် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အာဏာပိုင်တစ်ဦးဦး၏ ဝင်ရောက်စွက်ဖက်မှု၊ ဩဇာလွှမ်းမိုးမှု သို့မဟုတ် ထင်မြင်ယူဆသည့် သို့မဟုတ် ပေါ်လွင်သည့် ဆန္ဒများမှ ကင်းဝေးပါစေ။ မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ငန်းကို ထိခိုက်ပျက်ပြားစေမည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်များ၏ သတင်းအချက်အလက် ကြိုးကိုင်ချယ်လှယ်ခြင်း သို့မဟုတ် သတင်းမှားထုတ်ပြန်ခြင်းများကို သတိထားပါ။

## တာဝန်ယူ တာဝန်ခံမှု၊ ဥပဒေနှင့်ဆီလျော်မှု

၎င်းတို့၏လုပ်ငန်းများဆောင်ရွက်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်း အဖွဲ့ဝင်များသည် သတင်းအချက်အလက်များမျှဝေသည့် တရားဝင် တာဝန်ယူ၊ တာဝန်ခံမှုယန္တရားတစ်ခုနှင့် ဆက်စပ်ပတ်သက် နေသည့်အတွက် မည်သို့သော ကင်းလွတ်ခွင့် သို့မဟုတ် အခွင့်ထူးများ ရရှိမည်မဟုတ်ကြောင်းကို သတိပြုသင့်သည်။ ထို့အတူ အရပ်ဖက်အဖွဲ့အစည်းများသည် ထိုယန္တရားများ၏ လမ်းညွှန်မှုအောက် သို့မဟုတ် ၎င်းတို့ကိုယ်စား လုပ်ဆောင်ခြင်း မဟုတ်ပေ။ စုဆောင်းရရှိထားသော သတင်း အချက်အလက်များ၏ ခိုင်မာပြည့်စုံမှုကို ပံ့ပိုးရန်နှင့် ၎င်းတို့ဝန်ထမ်းများ၏ အခွင့်အရေးနှင့် ကျန်းမာရေးကို အကာအကွယ်ပေးရန် အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်-

အထူးသဖြင့် ၎င်းတို့အလုပ်လုပ်ကိုင်ဆောင်ရွက်နေသောနိုင်ငံရှိ တည်ဆဲဥပဒေများအောက်တွင် ဖြစ်လာနိုင်ချေရှိသော တာဝန်ယူ တာဝန်ခံမှုကို သတိချပ်ပါ။

အဖွဲ့အစည်း ကိုယ်စားပြုသူများသည် ၎င်းတို့ စုဆောင်းထားသော အချက်အလက်များနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ တရားစွဲဆိုမှုများတွင် သက်သေထွက်ဆိုရန် ဆင့်ခေါ်ခံရနိုင်သည်ကို သတိချပ်ပါ။ ၎င်းတို့အား အဖွဲ့အစည်း၏ လုပ်ဆောင်ချက်များ၊ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောပြထားပါ။

သတင်းအချက်အလက်စုဆောင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်မှတ်တမ်းတင်ပြီး၊ ကောင်းမွန်သော သတင်းအချက်အလက် စီမံခန့်ခွဲမှု အလေ့အကျင့်များကို ကျင့်သုံးပါ။ ထိုသို့လုပ်ဆောင်ရာတွင် မှတ်တမ်းပါအချက်အလက်များကို လုံခြုံစိတ်ချလျှို့ဝှက်ထားနိုင်ပါစေ (ဥပမာ လိုအပ်ပါက စကားဝှက်နံပါတ်သုံး ဘာသာစကားကို သုံးပါ။ သို့မဟုတ် စကားဝှက်ကုဒ်ဝှက်ထားသော encrypted (စက်ပစ္စည်းထဲတွင် မှတ်တမ်းကိုသိမ်းဆည်းပါ)

## ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် လေးစားမှု

- ၎င်းတို့ စုဆောင်းရရှိထားသော သတင်းအချက်အလက်များ အသုံးပြုနိုင်မှုအလားအလာ ပိုမိုအားကောင်းလာစေရန်အတွက် အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် အောက်ပါအချက်များကို လုပ်ဆောင်သင့်သည်-
- အမြဲတမ်း ပရော်ဖက်ရှင်နယ်ဆန်မှု၊ သမာဓိရှိမှု၊ လေးစားမှုနှင့် စာနာမှုတို့ဖြင့် ပြုမူပြီး ယဉ်ကျေးမှုဆိုင်ရာ အထိမခံ ထိရှလွယ်သည့်အကြောင်းအရာများ၊ ထိခိုက်ခံစားလွယ်သည့်ကိစ္စများကို သတိချပ်ပါ။ ၎င်းတို့၏ အမူအကျင့်များကြောင့် မိမိတို့နှင့် ထိတွေ့ဆက်ဆံနေသူများအပေါ် သက်ရောက်နိုင်ချေကို သတိပြုပါ။
- အချက်အလက်ရဖို့အတွက် အခကြေးငွေပေးချေခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းမျိုးကို မည်သည့်အခါမျှ မပြုပါနှင့်။ မှတ်တမ်း ပြုစုခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သူများအား ပံ့ပိုးပေးရမည့် အခြေအနေများနှင့် သတ်မှတ်ချက်များ (ဥပမာ သယ်ယူပို့ဆောင်စရိတ်၊ တွေ့ဆုံမေးမြန်းမှုများအတွက် အစားအသောက်၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အသုံးစရိတ်များ) ကို ကြိုတင်သတ်မှတ်ထားပြီး၊ ကုန်ကျစရိတ်များ၊ ကုန်ကျရသည့် အကြောင်းအရင်းကို မှတ်တမ်းတင်ပါ။

# ၃။ အစီအစဉ်ရေးဆွဲချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း

သတင်းအချက်အလက် စုဆောင်းထိန်းသိမ်းရန် ရည်ရွယ်သည့် မည်သို့သောဆောင်ရွက်မှုများအတွက် စေ့စေ့စပ်စပ် စီစဉ်ပြင်ဆင်ခြင်းမှာ အဓိကဖြစ်သည်။ ထို့ကြောင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်-

## ကြိုတင်ပြင်ဆင်မှု

လုပ်ငန်းလုပ်ဆောင်မှုပတ်ဝန်းကျင်ကို သုတေသနပြုပါ - စွပ်စွဲခံထားရသော ရာဇဝတ်မှု (များ) ပါဝင်ပတ်သက်သူများနှင့် ဖြစ်နိုင်သည့်ကျူးလွန်သူ၊ လူ့အသိုက်အဝန်း၏ ထိခိုက်ခံစားလွယ်မှု၊ လူမှုရေး - ယဉ်ကျေးမှု - နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ နောက်ခံအကြောင်းအရင်း၊ ကျား၊ မ၊ လိင်၊ အသက်အရွယ် စသည်နှင့်အတူ မှတ်တမ်းတင်လုပ်ငန်းများအပေါ် သက်ရောက်သည့် ဥပဒေများကို ထည့်သွင်းစဉ်းစားပါ။

သင်၏လုပ်ပိုင်ခွင့်၊ ရည်မှန်းချက်များနှင့် ဦးစားပေးအာရုံစိုက်မှုတို့ကို သတ်မှတ်ပါ - သင်မှတ်တမ်းတင်မည့်အကြောင်းအရာနှင့် ၎င်းကို မည်သည့်ရည်ရွယ်ချက်အတွက် မှတ်တမ်းတင်သည်ကို သတ်မှတ်ပါ။ သင်မှတ်တမ်းတင်လိုသော အချက်အလက်များ၏ ပထဝီဝင်နှင့် အချိန်ကာလ နယ်ပယ်ကို သတ်မှတ်ပါ။ ဤသည်မှာ အကောင်အထည်ဖော်ရမည့် သင့်လျော်သော နည်းစနစ်ကို သတ်မှတ်ရာတွင် အထောက်အကူ ဖြစ်စေမည်ဖြစ်သည်။

ဦးစားပေးသတ်မှတ်၍ အစီအစဉ်ဆွဲပါ - သင်ဦးစားပေး လုပ်ဆောင်ရမည့် အရာများကို သတ်မှတ်ပြီး သင့်ဆောင်ရွက်မှုများကို လိုက်လျောညီထွေဖြစ်အောင် စီမံပါ။ သတင်းအချက်အလက် တည်ရှိရာ နေရာနှင့် ၎င်းကို မည်သို့ အကောင်းဆုံး ရယူနိုင်မည်ကို သုံးသပ်ပါ။

- ညှိနှိုင်းဆောင်ရွက်ခြင်း - မတူညီသော အဖွဲ့အစည်းအမျိုးမျိုးမှ လူပုဂ္ဂိုလ်တစ်ဦးတည်းကို ထပ်ခါတလဲလဲ မေးခွန်းထုတ်ခြင်းကဲ့သို့သော မှတ်တမ်းတင်ပုံစံ များစွာထပ်နေခြင်းသည် ထိုသူအပေါ် ထိခိုက်မှု ရှိစေနိုင်သည့်အပြင် နောင်တချိန် တရားစွဲဆိုမှုများတွင် ၎င်းတို့၏အချက်အလက်များကို အသုံးချနိုင်မှုအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။ တူညီသော ပတ်ဝန်းကျင်တွင် အလုပ်လုပ်ဆောင်နေသော အခြားသောလူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ ဆင်တူသည့် လုပ်ဆောင်မှုများကို အသေးစိတ်ရေးဆွဲပုံဖော်ပါ။ ထိုပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးတည်ဆောက်ပြီး ၎င်းတို့နှင့် လုပ်ငန်းများကို ညှိနှိုင်းပါ။ အခြားသူများ စုဆောင်းပြီးသော အချက်အလက်များကို အကဲဖြတ်သုံးသပ်ပြီး သင့်လုပ်ဆောင်မှုများကို အာရုံစိုက်သတ်မှတ်ပါ။ အင်တာဗျူးမေးမြန်းခံရသူများအတွက် သင့်လျော်သည့် အထောက်အထားအချက်အလက်များ ပေးရန် ပြင်ဆင်ပါ၊ ထိုမှသာ အင်တာဗျူးခံရသူများအနေနှင့် ၎င်းတို့သင့်အဖွဲ့အစည်းနှင့် စကားပြောဆိုခဲ့သည်ကို နောင်တချိန်တွင် ပြန်လည်အမှတ်ရစေပါသည်။
- ထောက်ပံ့ပို့ဆောင်ရေး - လုံခြုံသောဆက်သွယ်ရေးနည်းလမ်းများအပါအဝင် လိုအပ်သောကိရိယာများ သင့်တွင် သေချာရှိနေပါစေ။ သင်သွားရောက် လုပ်ကိုင်ရမည့် အန္တရာယ်ပတ်ဝန်းကျင်နှင့် သင်ဆက်ဆံရမည့်သူများအပေါ် ထိခိုက်နိုင်မှုအဆင့်ကို ထည့်သွင်းစဉ်းစားပြီး ခရီးသွားခြင်းနှင့် နေရာထိုင်ခင်း စီစဥ်ခြင်းများ ပြုလုပ်ပါ။ လုပ်ထုံးလုပ်နည်းတစ်ခုကို တည်ထောင်ပြီး စုဆောင်းရမည့်အချက်အလက်များကို နောက်ပိုင်းတွင် သိမ်းဆည်းခြင်းနှင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းလမ်းများ ပြင်ဆင်ပါ။ [4]

## အရင်းအမြစ်များ

သင့်အဖွဲ့တွင် (ဥပမာ - ကျား၊ မ၊ နိုင်ငံသား၊ လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး စသဖြင့်ထည့်သွင်းစဉ်းစားပြီး) သင့်တင့်လျောက်ပတ်သည့် မတူကွဲပြားခြားနားမှုရှိပါစေ၊ အချက်အလက် စုဆောင်းရာတွင် ပါဝင်နေသူများအနေနှင့် လိုအပ်သော ကျွမ်းကျင်မှုအရည်အချင်းများ၊ လေ့ကျင့်မှုများရှိပါစေ။ ဤတွင် လိုအပ်လျှင်လိုအပ်သလို စိတ်ပညာရှင်၊ လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် ကလေးအထူးကုဆရာဝန်တို့ ပါဝင်နိုင်သည်။

ကြားခံပုဂ္ဂိုလ်များနှင့် စကားပြန်များအပါအဝင် အဖွဲ့ဝင်များအား အသေအချာစစ်ဆေးစီစစ်ပါ။ ၎င်းတို့၏ ဓမ္မဓိဋ္ဌာန်ကျမှုအပေါ်သော်လည်းကောင်း၊ သမာသမတ်ကျမှုအပေါ်သော်လည်းကောင်း သက်ရောက်မှုရှိနိုင်သည့်အချက်များ သို့မဟုတ် ၎င်းတို့၏ သို့မဟုတ် ၎င်းတို့နှင့် ဆက်ဆံနေသူများ၏ လုံခြုံရေးသော်လည်းကောင်း၊ ကျန်းမာရေးသော်လည်းကောင်းနှင့် ပတ်သက်၍ အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းအချက်များကို အထူးဂရုပြုပါ။

ကြားခံပုဂ္ဂိုလ်များ သို့မဟုတ် စကားပြန်များကို အသုံးပြုသည့်အခါ ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ လုံခြုံရေး လုပ်ထုံးလုပ်နည်းများ၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်၏ လျှို့ဝှက်ထားမှုနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုတွင် ၎င်းတို့၏ ပါဝင်ပတ်သက်မှုကို တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထုတ်ဖော်ပြောဆိုနိုင်ခြေများကို ၎င်းတို့အား အကျဉ်းချုပ်ပြောကြားထားနိုင်ပါစေ။ [5]

---

[4] အခန်း ၁၂ ကို ကြည့်ပါ။

[5] အခန်း ၁၂ ကို ကြည့်ပါ။

အခြေအနေနှင့်ကိုက်ညီပါက လိုအပ်သော ဆေးဖက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်များ ဆောင်ရွက်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ၊ ဆေးဖက်ဆိုင်ရာ အရင်းအမြစ်များနှင့် အထောက်အကူပစ္စည်းများ ရရှိနိုင်ရန် သေချာစီစဉ်ဆောင်ရွက်ရမည်။ ဥပမာအားဖြင့် မျက်မြင်သက်သေသည် မကြာသေးမီက ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာရရှိခဲ့ပါက ဆေးဖက်ဆိုင်ရာ အကဲဖြတ်သုံးသပ်ချက်တစ်ခု လိုအပ်နိုင်သည်။ သက်သေသည် ထိခိုက်ခံစားလွယ်သည့် အခြေအနေတွင်ရှိနေလျှင်သော်လည်းကောင်း၊ စိတ်ဒဏ်ရာရရှိနေလျှင်သော်လည်းကောင်း စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာစစ်ဆေးမှု လိုအပ်မည်ဖြစ်သည်။ ကြမ်းတမ်းသည့် ပတ်ဝန်းကျင်များတွင် ထိုဝန်ဆောင်မှုများကို ခဏချင်းအတွင်း လက်တန်းမရရှိနိုင်သောကြောင့် အလားတူကိစ္စများအတွက် ကြိုတင်စီစဉ်ခြင်းသည် မရှိမဖြစ်လိုအပ်ပါသည်။

## လုံခြုံရေး

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းများကို စိန်ခေါ်မှုပြင်းထန်သော ပတ်ဝန်းကျင်များတွင် မကြာခဏ လုပ်ဆောင်ကြရပြီး ဖြစ်နိုင်ချေရှိသည့် ရက်စက်ယုတ်မာမှုများကို လျင်မြန်စွာတုံ့ပြန်ရန် အရေးကြီးသောအလုပ်ကို လုပ်ဆောင်နေကြသည်။ ဤအချက်ကို သုံးသပ်၍ အခြေအနေအများစုတွင် ၎င်းတို့သည် အန္တရာယ်အတိုင်းအတာတစ်ခုအတွင်း လည်ပတ်ဆောင်ရွက်နေကြသည်ကို အသိအမှတ် ပြုနိုင်သော်လည်း အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ရာတွင် ၎င်းတို့၏ဝန်ထမ်း သို့မဟုတ် သတင်းအချက်အလက် ပေးသူများ သို့မဟုတ် စကားပြန်များနှင့် ကြားခံပုဂ္ဂိုလ်များ သို့မဟုတ် ထိခိုက်ခံစားရသည့် လူမှုအသိုင်းအဝန်း သို့မဟုတ် အခြားမည်သည့်ပုဂ္ဂိုလ်များအပေါ် မလိုလားအပ်သည့် အန္တရာယ်များအတွင်းကျရောက်ခြင်းမှ တားဆီးကာကွယ်ရန် ကြိုးစားသင့်သည်။ အချက်အလက်များကို လျှို့ဝှက်ထားမှုနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်အတွက် အန္တရာယ်များနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားသင့်သည်။ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်ကို စတင်ခြင်းမပြုမီနှင့် လုပ်ဆောင်နေစဉ်တွင် အန္တရာယ်အကဲဖြတ်ခြင်းများကို လုပ်ဆောင်ပါ။ ထိုသို့လုပ်ဆောင်ရာတွင် အောက်ပါ အချက်များကို အထူးအာရုံစိုက်လုပ်ဆောင်ရမည်-

- ခြိမ်းခြောက်မှုများ - ခြိမ်းခြောက်သူများ၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်နှင့် ထိုလုပ်ငန်းစဉ်တွင် ပါဝင်လုပ်ဆောင်သူများကို ၎င်းတို့၏ထိခိုက်နစ်နာအန္တရာယ်ပေးနိုင်စွမ်းများကို ခွဲခြားဖော်ထုတ်ပါ။ ဤအခြေအနေအောက်တွင် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူ့စစ်များ၊ နိုင်ငံခြားတပ်ဖွဲ့များ၊ အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများ သို့မဟုတ် အုပ်စုများကို ထည့်သွင်းစဉ်းစားပါ။

- အန္တရာယ်များ - ဘေးအန္တရာယ်ပြုနိုင်သည့်အရာများကို ခွဲခြားသတ်မှတ်သည့်အခါ အခြားအချက်များအပါအဝင် လက်တုံ့ပြန်ခြင်း၊ ခြောက်လှန့်ခြိမ်းခြောက်ခြင်း၊ သတိပေးခြိမ်းခြောက်ခြင်း၊ အပြစ်ပေးအရေးယူခြင်း၊ ဖိအားပေးမှုများ၊ လာဘ်ပေးလာဘ်ယူမှု၊ ငွေကြေးအမြတ်အစွန်းများရယူခြင်း၊ ပြန်လည်စိတ်ဒဏ်ရာရခြင်း၊ မိသားစု/ရပ်ရွာ အသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခံရခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေအပေါ်ထိခိုက်နိုင်မှု၊ ငွေကြေးအခက်အခဲ၊ စားဝတ်နေရေးလမ်းကြောင်းများ ဆုံးရှုံးမှု၊ စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားပါ။

- အန္တရာယ်လျော့ချသည့် ကြိုတင်ကာကွယ်ရေး အစီအမံများ - ဘေးအန္တရာယ်များကို စီမံခန့်ခွဲရန် အကောင်းဆုံးနည်းလမ်းမှာ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်မစတင်မီ၊ လုပ်ဆောင်နေစဉ်ကာလအတွင်း၊ လုပ်ဆောင်မှုအပြီးတွင် အကောင်းဆုံး

အလေ့အကျင့်များကို လိုက်နာခြင်းဖြင့် ဘေးအန္တရာယ်တို့ကို ရှောင်ရှားရန်ဖြစ်သည်ကို သတိပြုပါ။ ထို့ကြောင့် လုပ်ငန်းစဉ်နှင့် သတင်းအချက်အလက်များကို သေချာလျှို့ဝှက်ထားပြီး ပါဝင်ပတ်သက်သူများနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားမှုကို လျှော့ချပါ။ လုံခြုံသောဆက်သွယ်ရေး ကိရိယာနည်းလမ်း tools များအသုံးပြုခြင်းနှင့် စကားဝှက်ကုဒ်ဖြင့် အချက်အလက်များကို သိမ်းဆည်းခြင်းတို့ကို ထည့်သွင်းစဉ်းစားပါ။ မေးမြန်းတွေ့ဆုံမှုများအတွက် ဘေးကင်းလုံခြုံသော နေရာများကို ထည့်သွင်းစဉ်းစားပါ။ ပါဝင်သူများအတွက် ယုံကြည်လက်ခံနိုင်လောက်သည့် အယောင်ပြဆင်ထားသည့် ဇာတ်လမ်းများကို ပြင်ဆင်ထားပါ။ သတင်းရင်းမြစ်များအတွက် စကားဝှက်ကုဒ်အမည်များ/နံပါတ်များကို စီစဉ်ထားပါ။ အပြန်အလှန်ဆက်သွယ်မှုများကို လျှို့ဝှက်ထားရန် အရေးကြီးကြောင်း ပါဝင်ပတ်သက်သူအားလုံးကို ရှင်းလင်းပြပါ။

- အန္တရာယ်လျော့ချသည့် တုံ့ပြန်မှုအစီအမံများ - လိုအပ်ပါက အန္တရာယ်များ ဖြစ်ပေါ်လာပါလျှင် သက်ရောက်မှုများ လျော့ပါးသက်သာစေမည့် အစီအမံများကို ထည့်သွင်းစဉ်းစားပါ။ ယင်းတွင် လုံခြုံသောနေရာသို့ ပြောင်းရွှေ့ခြင်း၊ ဘေးကင်းသောလမ်းကြောင်းများ ဖော်ထုတ်ခြင်း၊ အန္တရာယ်ရှိသောနေရာမှ ရွှေ့ပြောင်းရာတွင် ကာယကံရှင်ကို ပံ့ပိုးကူညီခြင်း၊ ၎င်းအခြေအနေမျာ အောက်တွင် မည်ကဲ့သို့ ပြောဆိုဆက်ဆံပြုမူရမည်ကို သတ်မှတ်ခြင်း၊ လိုအပ်ပါက နေရာဒေသအလိုက် ပံ့ပိုးကူညီ သို့မဟုတ် ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်မည့် အဖွဲ့အစည်းများရှိ၊ မရှိ လေ့လာသတ်မှတ်ခြင်း စသည်တို့ပါဝင်သည်။
- လက်ခံနိုင်သောအန္တရာယ်အတိုင်းအတာ - အန္တရာယ်ရှောင်တိမ်းမှု၊ အန္တရာယ်လျော့ချရေး အစီအမံများကို အကောင်အထည်ဖော်ပြီးနောက် မိမိအတွက် ကျန်ရှိနေသေးသောအန္တရာယ်ကို အကဲဖြတ်သုံးသပ်ပါ။ ကျန်ရှိနေသေးသောအန္တရာယ်သည် သင့်အတွက်၊ သင့်အဖွဲ့အစည်းအတွက်၊ သတင်းအချက်အလက်ပေးသူ သို့မဟုတ် သင်ထိတွေ့ဆက်ဆံသည့် အခြားသူများအတွက် လက်ခံနိုင်သော အတိုင်းအတာရှိမရှိကို ဆုံးဖြတ်သတ်မှတ်ပါ။ ထိုအကြောင်းကို ချပြအသိပေး၍ ဖြစ်နိုင်ခြေများကို ဆွေးနွေးပါ။ တစ်ဦးချင်းစီကိုအသိပေး၍ လုပ်ငန်းတွင်ပူးပေါင်းပါဝင်လိုခြင်းရှိမရှိကို ၎င်းတို့ဆန္ဒအလျောက်ဆုံးဖြတ်ခွင့်ပေးပါ။ ရှေ့ဆက်မဆောင်ရွက်မီ ကာယကံရှင်၏ အသိပေး သဘောတူညီချက်ကို ရယူ မှတ်တမ်းတင်ပါ။ တစ်စုံတစ်ဦးအား ၎င်းတို့ လုပ်ဆောင်လိုခြင်းမရှိသည့် အန္တရာယ်ဖြစ်စေမည့် လုပ်ငန်းများတွင် အတင်းအကျပ် မခိုင်းစေပါနှင့်။ ထို့နည်းတူ မှတ်တမ်းတင်လုပ်ငန်းတွင် ပူးပေါင်း ပါဝင်နေသောသူများ သို့မဟုတ် သင်ထိတွေ့ဆက်ဆံနေသူများအပေါ် အန္တရာယ်လျော့ချရေး အစီအမံများ အတင်းအကျပ် မချမှတ်ပါနှင့်။

အန္တရာယ်များသည် လက်ခံနိုင်သောအဆင့်သို့ မရောက်နိုင်ဘဲ မြင့်မားလွန်းနေပါက မှတ်တမ်းတင်လုပ်ငန်းကို မလုပ်ဆောင်သင့်ပါ။ ယင်းအစား လက်ခံနိုင်သောအခြေအနေအောက်တွင် သတင်းအချက်အလက်များကို တတ်နိုင်သမျှ စုဆောင်းပြီး ထိုအချက်အလက်များကို အရည်အချင်းပြည့်မီသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေးရရချင်း ပေးပို့ရန် ပြင်ဆင်ထားပါ။

## လျှို့ဝှက်ချက်

စုဆောင်းထားသော အချက်အလက်နှင့် ၎င်း၏ အရင်းအမြစ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် သတင်းအရင်းအမြစ်များကို စကားဝှက်ကုဒ်များဖြင့် အမည်ဝှက်ထားခြင်း၊ စကားဝှက်ကုဒ် လုပ်ထားသောစက်ပစ္စည်းများ အသုံးပြုခြင်း နှင့်/သို့မဟုတ် လုံခြုံစိတ်ချသည့် ဆက်သွယ်ရေးလမ်းကြောင်းများ သတ်မှတ်အကောင်အထည်ဖော်ပါ။ မှတ်တမ်းတင်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို သိရန်လိုသော/သိခွင့်ရှိသော အခြေခံမူအရသာ မျှဝေသင့်သည်။

လျှို့ဝှက်မှု - လျှို့ဝှက်မှုလုပ်ထုံးလုပ်နည်းများ၊ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ၎င်းတို့၏ပါဝင်ပတ်သတ်မှုကို လျှို့ဝှက်ရန် လိုအပ်ကြောင်းကို သတင်းအရင်းအမြစ်များအား ရှင်းပြပါ။

အဖွဲ့ဝင်များ၊ ကြားခံပုဂ္ဂိုလ်များ၊ စကားပြန်များအားလုံးကို လျှို့ဝှက်မှုဆိုင်ရာသတ်မှတ်ချက်များနှင့် အချက်အလက်ကာကွယ်မှု လုပ်ထုံးလုပ်နည်းများ လေ့ကျင့်သင်ကြားထားပြီး ၎င်းတို့သည် ထိုလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာနိုင်ပါစေ။

သတင်းအချက်အလက်ကိုထုတ်ပြန်ရန် သို့မဟုတ် မျှဝေရန် လိုအပ်သည့်အခါ အသိပေးသဘောတူညီချက် ရယူပါ။ မည်သည်ကို လုံခြုံစိတ်ချစွာ ထုတ်ပြန်နိုင်သည် သို့မဟုတ် မျှဝေနိုင်သည်၊ မည်သည်ကို လျှို့ဝှက်ထားမည်ကို အကဲဖြတ်သုံးသပ်ပါ။

## တဆင့်ခံ စိတ်ဒဏ်ရာ [6]

အခြားသူများအပေါ် သက်ရောက်သော အကြမ်းဖက်မှု၊ ဝေဒနာ၊ စိတ်ဒဏ်ရာများနှင့် ထိတွေ့ဖူးသူတိုင်း ကိုယ်တိုင် စိတ်ဒဏ်ရာ ခံစားရနိုင်သည်ကို သတိပြုပါ။ သင်ကိုယ်တိုင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များတွင် ဖြစ်ပေါ်နိုင်သည့် တဆင့်ခံ စိတ်ဒဏ်ရာ ရောဂါလက္ခဏာများနှင့် နိမိတ်ပြလက္ခဏာများကို စူးစမ်းလေ့လာ၊ သတိပြုပါ။ သင့်အဖွဲ့အတွင်း ရင်ဆိုင်ဖြေရှင်းမည့် နည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ပါ၊ လိုအပ်ပါက ပံ့ပိုးကူညီပေးနိုင်မည့် ဝန်ဆောင်မှုများ၊ ကျွမ်းကျင်ပညာရှင်များကို သတ်မှတ်ဖော်ထုတ်ပါ။[7]

---

[6]'ဆင့်ပွားစိတ်ထိခိုက်ခြင်း'၊ 'ဆင့်ပွားနစ်နာခံစားရသူဖြစ်ခြင်း' သို့မဟုတ် 'သနားစာနာမှုကြောင့် ပင်ပန်းနွမ်းလျခြင်း' ဟုလည်း ခေါ်သည်။

[7]တဆင့်ခံစိတ်ဒဏ်ရာကို ရှောင်ရှားခြင်း၊ ဖော်ထုတ်ခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ နောက်ထပ် အသေးစိတ် အချက်အလက်များအတွက် Da'esh ၏ "ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံမှုမြှင့်တင်ရေးဆိုင်ရာ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့" ကို ကြည့်ပါ၊ 2021 ခုနှစ် ( "UNITAD Trauma-Informed Informed Investigations Filed Guide") အပိုင်း ၇။

# ၄ ထိရှလွယ် အားနည်းသူများ[8]

ယေဘုယျအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် နိုင်ငံတကာ ရာဇဝတ်မှုများကို မှတ်တမ်းတင်ရန်နှင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများကို ကူညီဆောင်ရွက်ပေးရန် ရည်ရွယ်ချက်ဖြင့် ထိရှလွယ်အားနည်းသူများနှင့် ထိတွေ့ ဆက်ဆံမှုကို ၎င်းတို့၏ လုပ်ဆောင်ရမည့်ကိစ္စများ ပြီးမြောက်ရန် လိုအပ်သလောက် တတ်နိုင်သမျှ အနည်းဆုံးထားရှိသင့်သည်။

လူပုဂ္ဂိုလ်တစ်ဦးအနေနှင့် စိတ်ဒဏ်ရာရရှိထားသော အခြေအနေတွင်သော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု ရာဇဝတ်မှုများ(SGBC') ခံစားရသောအခြေအနေတွင်သော်လည်းကောင်း၊ ကလေးသူငယ်တစ်ဦးဖြစ်သော အခြေအနေအောက် တွင်သော်လည်းကောင်း ဤအချက်သည် အရေးကြီးသကဲ့သို့ ပြည်တွင်းအာဏာပိုင်များ သို့မဟုတ် တရားစွဲအရာရှိရုံး ကဲ့သို့သော အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက တက်တက်ကြွကြွ စုံစမ်းစစ်ဆေးနေသည့် အခြေအနေမျိုး တွင်လည်း အရေးကြီးပါသည်။

ထိရှလွယ် အားနည်းသူများပါဝင်သည့် မှတ်တမ်းတင်လုပ်ငန်းမှန်သမျှကို အောက်ပါအခြေခံမူများနှင့် အကောင်းဆုံးအလေ့ အကျင့်များဖြင့် လမ်းညွှန်ထားသင့်သည်။ မှတ်တမ်းတင်ခြင်းတွင် လူတစ်ဦးထံမှ ဖြစ်စဉ်အကြောင်းအရာရယူခြင်း ပါဝင်နိုင်သလို ထို့ထက်လည်း ပို၍ ပါဝင်နိုင်သည်။

ထိရှလွယ် အားနည်းသူများထံမှ အချက်အလက်များ စုဆောင်းခြင်းသည် သတင်းအချက်အလက်ကို မဖြစ်မနေ လိုအပ်သော အခါမှသာ သော်လည်းကောင်း၊ သတင်းအချက်အလက်သည် အပြုသဘောဆောင်သည့် တန်ဖိုးတိုးပွားမှုကို ရှင်းရှင်းလင်းလင်း ဖြစ်စေနိုင်လျှင်လည်းကောင်း၊ သတင်းအချက်အလက်ကို အခြားသောအရင်းအမြစ်များမှ ရယူ၍ မရနိုင်လျှင်သော်လည်းကောင်း လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့သောလုပ်ဆောင်မှုကို လုပ်ရန်လိုအပ်သည်ဟု ယူဆပါက အရပ်ဖက်လူမှုအဖွဲ့အစည်းများ သည် ၎င်းတို့၏ရည်ရွယ်ချက်များ ပြည့်မီရန် လိုအပ်ရုံမျှ တတ်နိုင်သမျှအနည်းဆုံး ထားရှိရန်ရည်မှန်းထားပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုများ အားလုံးကို ထည့်သွင်းထားသင့်ပါသည်။ ၎င်းတွင် ထိရှလွယ် အားနည်းသူများနှင့် ဆက်ဆံရာတွင် ကျွမ်းကျင်သော ဝန်ထမ်းများနှင့် ကျန်းမာရေးဆိုင်ရာကျွမ်းကျင်ပုဂ္ဂိုလ်များ ဥပမာ စိတ်ရောဂါကုဆရာဝန်များကို အသုံးပြုကာ ထိခိုက်ခံစားလွယ်သူတို့၏ ကိုယ်စိတ်ကျန်းမာစေရေး နှင့် ပြန်လည် စိတ်ဒဏ်ရာရခြင်းမှ ကာကွယ်ရန် ထည့်သွင်းစီစဉ်ရမည်။[9]

---

[8] လုပ်ငန်းစဉ်များစွာတွင် တင်ပြခဲ့သော ICC – Victims and Witnesses Unit 'Vulnerability Protocols' ကိုလည်းကြည့်ပါ

[9] https://www.icc-cpi။ int/about/witnesses

## ယေဘုယျ စဉ်းစားချက်များ

ထိခိုက်ခံစားလွယ်ခြင်းသည် အချက်များစွာ အပေါ်တွင်မူတည်သကဲ့သို့ လူတစ်ဦးချင်းစီအလိုက် သေချာလေ့လာစိစစ်ရန် လိုအပ်သည်။ ထိရှလွယ် အားနည်းသူများတွင် အောက်ပါတို့ ပါဝင်နိုင်သည် -

- (အသက် ၁၈ နှစ်အောက်) ကလေးသူငယ်များ၊
- သက်ကြီးရွယ်အိုများ၊
- လိင်နှင့် ကျားမအခြေခံရာဇဝတ်မှုများ သို့မဟုတ် နှိပ်စက်မှု သို့မဟုတ် အကြမ်းဖက်ရာဇဝတ်မှုများကြောင့် နစ်နာ ခံစားရသူများ၊
- မသန်စွမ်းသူများ သို့မဟုတ် စိတ်ဒဏ်ရာရရှိကြောင်း လက္ခဏာများ ပြသသူများနှင့်
- ဖမ်းဆီးထိန်းသိမ်းခံရသောသူများ။

ဤသည်မှာ ပြီးပြည့်စုံသောစာရင်းမဟုတ်ပါ။ အခြားလူပုဂ္ဂိုလ် တစ်ဦးချင်းစီအနေနှင့် ၎င်းတို့၏ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ နောက်ခံအခြေအနေများအပြင် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအတွေ့အကြုံများအပေါ် အခြေခံ၍ ထိရှခံစားလွယ်မှု ပုံစံများစွာ နှင့် နွယ်ယှက်တိုက်ဆိုင်နေသည့် ပုံစံများလည်း တွေ့ကြုံနိုင်ပါသည်။

ထိရှလွယ်အားနည်းသူများနှင့် ထိတွေ့ဆက်ဆံမှုတိုင်းတွင် ‘ထိခိုက်မှုမရှိစေရ' နှင့် 'အသိပေးသဘောတူချက်' ပါ စည်းမျဉ်းများ အတိုင်း လုပ်ဆောင်ရမည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် နစ်နာခံစားရသူဗဟိုပြု သို့မဟုတ် အသက်ရှင် ကျန်ရစ်သူ ဗဟိုပြု ချဉ်းကပ်နည်းကို အသုံးပြုသင့်သည်။ ဆိုလိုသည်မှာ ထိရှလွယ် အားနည်းသူများ ပါဝင်သည့် မှတ်တမ်းတင် လုပ်ငန်းများကို ၎င်းတို့၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ပြီး၊ ထိတွေ့ဆက်ဆံမှုကို သဘောတူညီခြင်း၏ အကျိုးဆက် များကို ၎င်းတို့အနေနှင့် အပြည့်အဝ နားလည်သဘောပေါက်နိုင်သည့်အခါမှသာ ပြုလုပ်သင့်သည်ဟု ဆိုခြင်းဖြစ်သည်။ ထို့အပြင် နောင်တချိန် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းဆောင်ရွက်မှုများတွင် ထိုကဲ့သို့သော ထိတွေ့ဆက်ဆံမှု များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုလည်း ဂရုတစိုက်ထည့်သွင်းစဉ်းစားပြီး လျှော့ချသင့်သည်။

ထိရှလွယ် အားနည်းသူများသည် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သည့်အခါ ၎င်းတို့အနေနှင့် (ပြန်လည်စိတ်ဒဏ်ရာ ရနိုင်ခြေကဲ့သို့) စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေသည့် မြင့်မားသော အန္တရာယ် ကြုံတွေ့ရနိုင်သလို၊ ၎င်းတို့၏ မှတ်ဉာဏ်အပေါ် အကျိုးသက်ရောက်သည့် အခက်အခဲများ ကြုံတွေ့နိုင်သည်။ ထို့နည်းတူ ထိရှလွယ်အားနည်းသူများအနေနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သောသူများ၏ လွှမ်းမိုးမှုကိုပိုမိုခံရ နိုင်ခြေပိုများသည်။ ထိုအချက်များအားလုံးသည် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံမှုမှန်သမျှကို အနည်းဆုံးဖြစ်အောင်ထိန်းထားရန် အကြောင်းတရားများဖြစ်ပြီး ထိုသို့သောအန္တရာယ်များ မဖြစ်ပွားအောင် သတိထား၍၊ လိုအပ်သောကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရပါမည်။

လိုအပ်လျှင် လိုအပ်သလို ကျွမ်းကျင်ပညာရှင်များနှင့် ထိခိုက်ခံစားလွယ်မှု အကဲဖြတ်သုံးသပ်၊ တိုင်ပင်ပြီး ထိခိုက်ခံစားလွယ်မှုကို ဖြစ်ရပ်တစ်ခုချင်းအလိုက် အကဲဖြတ်သင့်ပါသည်။ ထိခိုက်ခံစားလွယ်မှု အကဲဖြတ်သုံးသပ်ခြင်း၏ ရည်မှန်းချက်မှာ လူတစ်ဦး အနေနှင့် အသိပေးသော သဘောတူညီချက်ကို ပေးနိုင်စွမ်းရှိမရှိ အကဲဖြတ်ရန်နှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းသည် ပါဝင်ပတ်သက်သူများကို ထိခိုက်မှုမရှိစေဘဲ လုပ်ဆောင်နိုင်၍ လိုအပ်သော ပံ့ပိုးကူညီမှုနှင့် အကာအကွယ် အစီအမံများကို ဖော်ထုတ်ရန် ဖြစ်သည်။

## ထိခိုက်နိုင်မှု အကဲဖြတ်ချက်သည် -

လူတစ်ဦး၏ ယေဘုယျ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် အခြားသော ထိခိုက်နိုင်မှုများ (ဥပမာ အသက်အရွယ်၊ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ နောက်ခံအခြေအနေ၊ ခွဲခြားဆက်ဆံမှုနှင့် လူမှုရေးရာ ချန်လှပ်ခြင်းခံရမှု) အကြောင်းကို မေးမြန်းပြီး အကဲဖြတ်ပါ။

စိတ်ဒဏ်ရာနှင့် ထိတွေ့နိုင်ခြေရှိသော အချက်ပြလက္ခဏာများကို ထည့်သွင်းစဉ်းစားပါ။

စီစဉ်ထားသော မှတ်တမ်းတင်ခြင်း လုပ်ဆောင်ချက်၏ သဘောသဘာဝကို အကဲဖြတ်ပြီး ၎င်းသည် လူပုဂ္ဂိုလ်တစ်ဦးအပေါ် မရမနေတောင်းဆိုသော သို့မဟုတ် စွက်ဖက်ဝင်ရောက်နှောင့်ယှက်သော သဘော ရှိ၊ မရှိကို ချင့်ချိန်ပါ။

တပါးသူအပေါ် ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ဘေးဥပါဒ်အန္တရာယ် နည်းနိုင်သမျှနည်းစေမည့် အစီအမံများဖြင့် သင့်ဆောင်ရွက်မှုကို လိုက်လျောညီထွေ ထိန်းညှိပါ။ ဖြစ်လာနိုင်ဖွယ် အန္တရာယ်များကို လျှော့ချနိုင်မည့် အတိုင်းအတာများကို သတ်မှတ်ဖော်ထုတ်ပါ။ လုပ်ငန်းအတွင်း လိုအပ်နိုင်သည့် (ဥပမာ -ပံ့ပိုးကူညီသူတစ်ဦး သို့မဟုတ် စိတ်ပညာရှင်တစ်ဦး ရှိနေခြင်း ကဲ့သို့သော) ပံ့ပိုးကူညီမှုကို သတ်မှတ်ပါ။

လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကို ဖြေရှင်းရန် လိုအပ်သော ပံ့ပိုးကူညီမှု/ကာကွယ်မှု အစီအမံများကို အကောင်အထည် ဖော်နိုင်စွမ်းကို အကဲဖြတ်ပါ။ ထို့အပြင် အထက်ဖော်ပြပါအချက်အားလုံးကို သုံးသပ်ပြီး လူပုဂ္ဂိုလ်တစ်ဦးသည် နောက်ထပ်အန္တရာယ်မရှိဘဲ လိုအပ်သည့်အကူအညီများ ပံ့ပိုးမှုရရှိ၍ အသိပေးသဘောတူညီချက်ကို ပေးနိုင်ပြီး မှတ်တမ်းတင်ခြင်းလုပ်ငန်းတွင် ပါဝင်နိုင်စွမ်းရှိမရှိကို အကဲဖြတ်ပါ။

ထိခိုက်နိုင်မှုအကဲဖြတ်ခြင်းကို သက်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုနှင့် အတွေ့အကြုံရှိသော အဖွဲ့ဝင်များက ဆောင်ရွက်နိုင်ပါသည်။ စိတ်ဒဏ်ရာလက္ခဏာများ ပြသနေသူများနှင့် ကလေးများအတွက် လူမှုစိတ်ပိုင်းဆိုင်ရာအကဲဖြတ်ခြင်းကို စိတ်ပညာရှင်၏ ပံ့ပိုးကူညီမှုဖြင့် ပြုလုပ်သင့်ပါသည်။ ကျန်းမာရေး ပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာရမည်။

ထိခိုက်နိုင်မှု သို့မဟုတ် လူမှုစိတ်ပိုင်းဆိုင်ရာ အကဲဖြတ်မှုသည် လူတစ်ဦးကို ထပ်မံအန္တရာယ်ဖြစ်စေမည် သို့မဟုတ် လိုအပ်သည့် အကဲဖြတ်မှုဆိုင်ရာ ပံ့ပိုးကူညီမှု ရရှိနိုင်မည်မဟုတ်ကြောင်း ကောက်ချက်ချပါက မှတ်တမ်းတင်မှုကို မလုပ်ဆောင်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းသင့်သည်။

## စိတ်ဒဏ်ရာ

နိုင်ငံတကာ ရာဇဝတ်မှုများကြောင့် နစ်နာခံစားရသူများသည် ယေဘုယျအားဖြင့် ရက်စက်ကြမ်းကြုတ်မှုများနှင့် စနစ်တကျ အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ရသည်။ ထိုသို့ခံစားရမှုကြောင့် ၎င်းတို့အနေနှင့် စိတ်ဒဏ်ရာများ ရရှိကောင်း ရရှိနိုင်သည်။ ပုံသေပြော၍မရပါ။ စိတ်ဒဏ်ရာဆိုသည်မှာ လူတစ်ဦး၏လုပ်ဆောင်နိုင်စွမ်းကို ထိခိုက် စေနိုင်၍ ၎င်းကြုံတွေ့ခဲ့ရသည့် စိတ်ထိခိုက်စရာဖြစ်ရပ်ကို ပြန်လည်မှတ်မိနိုင်စွမ်းနှင့် ပြန်လည်ဝေမျှနိုင်မှုအပေါ် သက်ရောက်မှုရှိသည့် အဖြစ်အပျက်များကြောင့် ဖြစ်ပေါ်လာသော စိတ်ခံစားမှု ပိုင်းဆိုင်ရာတုံ့ပြန်မှုတစ်ခုဖြစ်သည်။

စိတ်ဒဏ်ရာ၏ အကျိုးသက်ရောက်မှုနှင့် အကျိုးဆက်များသည် လူတစ်ဦးနှင့်တစ်ဦးလိုက်၍ ကွဲပြားသော်လည်း ယေဘုယျအားဖြင့် ရေရှည်စိတ်ပိုင်းဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဂယက်ရိုက်မှုများရှိပြီး ထိုလူပုဂ္ဂိုလ်၏ ထိခိုက်နိုင်မှုနှင့် ပြန်လည်စိတ်ဒဏ်ရာရရှိမှုအန္တရာယ်ကို တိုးမြင့်စေသည်။ အသက်အရွယ်၊ ယခင် အတွေ့အကြုံများ၊ ကိုယ်ရည်ကိုယ်သွေး၊ ယဉ်ကျေးမှုဆိုင်ရာ နောက်ခံ အကြောင်းအရာ၊ ပံ့ပိုးမှုနှင့် လူမှုရေးရာ ပေါင်းစည်းမှုအပြင် စိတ်ဒဏ်ရာရရှိသော ဖြစ်ရပ်များ၏ အကြိမ်ရေ၊ ပြင်းထန်မှုနှင့် ကြာချိန်၊ စသည့်အချက်များသည် လူတစ်ဦးချင်းစီအနေနှင့် ၎င်းတို့၏ စိတ်ဒဏ်ရာကို မည်သို့ မည်ပုံကိုင်တွယ်ဖြေရှင်းနိုင်စွမ်းကို အဆုံးအဖြတ်ပေး နိုင်ပါသည်။ စိတ်ဒဏ်ရာရခြင်း၏ ဖြစ်နိုင်ခြေများစွာသော ရလဒ်များထဲမှ တစ်ခုမှာ စိတ်ဒဏ်ရာလွန်စိတ်ဖိစီးမှု ဝေဒနာ (Post-traumatic stress disorder - PTSD) ဖြစ်ပြီး စိတ်ဒဏ်ရာရရှိသည့်ဖြစ်ရပ် သို့မဟုတ် ဆက်တိုက် အဖြစ်အပျက်များနှင့် ဆက်စပ်နေသည့် စိတ်ကျန်းမာရေးအခြေအနေဖြစ်သည်။

စိတ်ဒဏ်ရာရရှိသူများသည် ယုံကြည်စိတ်ချနိုင်မသည့် အချက်အလက်များကို အတိအကျပေးပို့ ပြောပြနိုင်ပါ သည်။ သို့သော် စိတ်ဒဏ်ရာသည် မှတ်ဉာဏ်အပေါ် သက်ရောက်မှုရှိနိုင်ပြီး တစ်ခါတရံတွင် မှတ်ဉာဏ်ကို ပြင်းထန်စွာ ထိခိုက်စေနိုင်သည်။ အချို့အနေနှင့် စိတ်အနှောင့်အယှက်ဖြစ်စေသော အတိတ်ဖြစ်ရပ်ဆိုးများ အမှတ်ရခြင်း ကြုံတွေ့နိုင်သလို တချို့သောဖြစ်ရပ်များကို ပြန်လည်မှတ်မိခြင်း သို့မဟုတ် အစီအစဉ်တကျ ထား၍မရခြင်းတို့ ကြုံတွေ့နိုင်ပါသည်။ ထိုသို့သော အခက်အခဲများသည် မတိကျမှုအလွဲများ၊ မပြည့်စုံသော ဇာတ်လမ်းဖြစ်စဉ်များ သို့မဟုတ် အကြောင်းအရာတူ မူကွဲဇာတ်လမ်း များ ဖြစ်စေနိုင်သည်။

စိတ်ဒဏ်ရာများသည် လူတစ်ဦးချင်းစီ၏ စိတ်ခံစားမှုနှင့် ခံစားချက်များကို ထိန်းညှိပေးနိုင်စွမ်းကို ထိခိုက်စေနိုင်သည်။ အချို့သူများသည် စိတ်ဒဏ်ရာမှဖြစ်ပေါ်လာသော ဆိုးကျိုးများကို ထိန်းညှိရန် စီမံနိုင်သော်လည်း အချို့မှာ ထိုသို့မစီမံနိုင်ပါ။ ထို့ကြောင့် ၎င်းတို့၏ခံစားချက်များ၊ တုံ့ပြန်မှုများနှင့် အပြုအမူများကို ထိန်းချုပ်နိုင်စွမ်းမရှိကြပေ။ လူတစ်ဦးချင်းစီတွင် မိမိစိတ်ဒဏ်ရာဖြစ်စေသည့် အကြောင်းအရာတခုခု၏ နှိုးဆွမှုကြောင့် စိတ်ခံစားမှု ကမောက်ကမဖြစ်ခြင်း သို့မဟုတ် ပိုမိုဆိုးရွားခြင်း ဖြစ်စေနိုင်သည်။

စိတ်ဒဏ်ရာသည် လူပေါ်မူတည်၍ နည်းလမ်းများစွာဖြင့် ပေါ်ပေါက်လာနိုင်သည်။ အောက်ဖော်ပြပါများသည် စိတ်ဒဏ်ရာ ဖြစ်နိုင်ချေရှိသည့် လက္ခဏာအချို့၏ ဥပမာများဖြစ်သည်။

- စိတ်ဖိစီးမှု၊ စိုးရိမ်သောကစိတ်၊ ကြောက်ရွံ့မှု၊ စိတ်ဓာတ်ကျမှု၊

- လူမှုရေးရာ အထီးကျန်ခြင်း သို့မဟုတ် ချန်လှပ်ခံရခြင်း၊

- လျင်မြန်သော သို့မဟုတ် ထိုင်းမှိုင်းသော စိတ်ခံစားမှုဆိုင်ရာတုံ့ပြန်မှု၊

- စိတ်ရှုပ်ထွေးခြင်း၊ အာရုံမစိုက်နိုင်ခြင်း၊

- တုန်လှုပ်ခြင်း အသက်ရှုမြန်လာခြင်းကဲ့သို့သော ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုများ၊

ပြင်းထန်သော သို့မဟုတ် ထိန်းချုပ်မရသော စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှုများ၊

- အိပ်မက်ဆိုးများ၊ အတိတ်မှဖြစ်ရပ်ဆိုးများကိုအမှတ်ရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေသော ခြောက်လှန့်ဖွယ်အတွေးများ၊ အမှတ်ရစရာများ၊

- စိတ်ထိခိုက်စရာဖြစ်ရပ်ဆိုးနှင့် ဆက်စပ်နေသောအတွေးများ၊ အမှတ်ရစရာများ၊ လုပ်ရပ်များ၊ နေရာများ၊ လူများ သို့မဟုတ် အခြားအခြေအနေများကို ရှောင်ရှားခြင်း၊

- အမြဲတစေ အထူးနိုးကြားသတိရှိနေခြင်း၊

(ဆူညံသံများ သို့မဟုတ် အနံ့များနှင့်ပတ်သက်၍ မမျှော်လင့်ထားသော တုံ့ပြန်မှု ကဲ့သို့သော (လှုံ့ဆော်မှုအပေါ် ပြင်းထန်သည့် ရုပ်ပိုင်းဆိုင်ရာ အာရုံခံစားမှု သို့မဟုတ် အာရုံခံနိုင်စွမ်း

- အဆက်ဖြတ်ခြင်း - ကိုယ်ရေးကိုယ်တာ အဖြစ်အပျက်များကို အပြင်လူ ဘေးလူ တယောက် အမြင် အတွေ့အကြုံ အဖြစ် ဖော်ပြနိုင်သည်။ စိတ်ခံစားမှုများကို ပြသခြင်းမရှိခြင်း သို့မဟုတ် (စိတ်ထိခိုက်စရာဖြစ်ရပ်ကို ဖော်ပြနေစဉ် ရယ်မောခြင်းကဲ့သို့သော (စိတ်ခံစားမှုများသည် အဖြစ်မှန်များနှင့် ကွဲလွဲနေခြင်း။ မတူညီသော ကိုယ်ရည်ကိုယ်သွေး စရိုက်များကို ပြသနေခြင်း၊

- ဆေးပညာအရ မရှင်းပြနိုင်သော စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ တိုင်ကြားချက်များနှင့် မူးယစ်ဆေးဝါး သို့မဟုတ် အခြားစွဲလမ်းစေသော အရာများကို အလွဲသုံးစားအပြုအမူ၊ သုံးစွဲခြင်း။

(အထူးသဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြုရာဇဝတ်မှုများကဲ့သို့သော) စိတ်ဒဏ်ရာသည် မိမိကိုယ်ကို လေးစားတန်ဖိုးထားမှုအပေါ် သက်ရောက်မှု ရှိနိုင်သည်။ အရှက်ရခြင်း သို့မဟုတ် အပြစ်ရှိသကဲ့သို့ခံစားရခြင်းများမှ တဆင့် စိတ်ဓာတ်ကျခြင်း၊ အထီးကျန်ခြင်း၊ လူများကို ယုံကြည်ရန်ခက်ခဲခြင်းတို့ ဖြစ်လာစေနိုင်သည်။

စိတ်ဒဏ်ရာရသည့် အတွေ့အကြုံများကို ပြန်လည် အမှတ်ရစေသည့် လုပ်ငန်းစဉ်သည် စိတ်ဒဏ်ရာ ရရှိထားသူများကို စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေနိုင်သည်။ ထို့ကြောင့် မှတ်တမ်းတင်ခြင်းကိစ္စများအတွက် စိတ်ဒဏ်ရာရရှိထားသူများ နှင့် ထိတွေ့ဆက်ဆံရန် လိုအပ်လာသောအခါတွင် စိတ်ဒဏ်ရာကို မည်သို့ကိုင်တွယ်ဖြေရှင်းရမည်ကို နားလည်ခြင်း၊ အသိအမှတ်ပြုခြင်းနှင့် သတိရှိခြင်းသည် အင်မတန်အရေးကြီးသောအရာဖြစ်သည်။ ၎င်းသည် ပြန်လည်စိတ်ဒဏ်ရာရှိခြင်း၏ အန္တရာယ်ကို လျော့နည်းစေပြီး မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများအား ထိရောက်မှုရှိစေသည်။

## ထိခိုက်ခံစားလွယ်သူများနှင့် ထိတွေ့ဆက်ဆံခြင်း

မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို စီစဉ်ပြင်ဆင်သည့်အခါနှင့် ထိခိုက်ခံစားလွယ်သူများနှင့် မဆက်ဆံမီတွင် မိမိအနေနှင့် လိုအပ်သော ထိခိုက်ခံစားလွယ်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အကဲဖြတ်သုံးသပ်မှုကို လုပ်ဆောင်ရန်နှင့် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားသော အထူးလိုအပ်ချက်များကို ပံ့ပိုးပေးရန် သေချာအသင့်ဖြစ်နေပါစေ။ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များအတွက် ထိခိုက်ခံစားလွယ်သူများကို ကူညီပံ့ပိုးရန် ဘေးကင်းပြီး သင့်လျော်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရွေးချယ်မှုများကို ခွဲခြားသတ်မှတ်ပါ။ လိုအပ်သော ပံ့ပိုးကူညီမှု အမျိုးအစား များမှာ ဆေးဘက်ဆိုင်ရာဆေးရုံ (စိတ်ပိုင်းဆိုင်ရာ) ဆေးဘက်ဆိုင်ရာ စိတ်ပညာရှင် (ဥပဒေပိုင်းဆိုင်ရာ) အကြံပေးနှင့် ကိုယ်စားပြုမှု (အကာအကွယ်) အမိုးအကာနှင့် နေရာပြောင်းရွှေ့ခြင်း (အလွတ်သဘော ဝန်ဆောင်မှုများ) မိသားစု၊ ရပ်ရွာပံ့ပိုးမှု စသည်တို့ ဖြစ်နိုင်ပါသည်။ ထိခိုက်ခံစားလွယ်သူများကို ရည်ညွှန်းပေးနိုင်သည့် လုံလောက်သော ပံ့ပိုးကူညီမှု ယန္တရားစနစ် နေရာများ ရှိမရှိ ရှာဖွေပါ။ မရှိပါက ၊ ထိုသို့သောလူများထံ ချဉ်းကပ်သင့် မသင့်ကို စဉ်းစားပါ။

မည်သို့သော ပံ့ပိုးကူညီမှု သို့မဟုတ် အထောက်အပံ့ကမ်းလှမ်းမှု သို့မဟုတ် ပံ့ပိုးမှုကို လုပ်ဆောင်ခြင်းသည် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် လူပုဂ္ဂိုလ်၏ပါဝင်မှုအတွက် အပေးအယူအနေနှင့် လုပ်ပေးနေခြင်း မဟုတ်သလို လုပ်ပေးသည်ဟု မထင်မြင်မိရန် အရေးကြီးပါသည်။ ထိခိုက်ခံစားလွယ်သူအနေနှင့် ဤအချက် ကို အပြည့်အဝနားလည်သဘောပေါက် နိုင်ပါစေ။

သိမြင်နိုင်သော ထိခိုက်ခံစားလွယ်မှုများနှင့် စပ်လျဉ်း၍ သင်၏ (အပြုသဘော သို့မဟုတ် အနှုတ်သဘော ဆောင်သော) မသိစိတ်မှဘက်လိုက်မှုကို သတိထားပါ။ စာနာစိတ်ရှိပြီး လေးစားမှုရှိပါ။ ရည်မွန်ဟန်နှင့် အထက်စီးမှဆက်ဆံခြင်း သို့မဟုတ် သနားပြခြင်းတို့ကို မလုပ်ပါနှင့်။ ထိခိုက်ခံစားလွယ်သော နစ်နာခံစားရ သူများသည် ခံနိုင်ရည်နှင့် ယုံကြည်စိတ်ချရမှု နည်းပါး လျော့နည်းသည်ဟု တထစ်ချ မယူဆပါနှင့်။

ထိခိုက်ခံစားလွယ်သူများနှင့် ထိတွေ့ဆက်ဆံရန် လိုအပ်ပါက စိတ်ဒဏ်ရာ၏ သဘောသဘာဝနှင့် ဖြစ်နိုင်ခြေ ရှိသော သက်ရောက်မှုများအကြောင်း ကောင်းစွာ အသိပညာ ရှိထားပြီး၊ သင်သည် အံဝင်ခွင်ကျဖြစ်စေရန် သို့မဟုတ် လိုအပ်ပါက သင်၏ ထိတွေ့ဆက်ဆံမှုကို ရပ်တန့်နိုင်ပါစေ။

ထိခိုက်ခံစားလွယ်သူများနှင့် ထိတွေ့ဆက်ဆံစဉ်တွင် စိတ်ဒဏ်ရာ လက္ခဏာများကို ပုံမှန်စောင့်ကြည့်ပြီး သင့်လျော်သော အစီအမံများကို ပြုလုပ်ပါ၊

စိတ်ချလက်ချနေရန် ကာယကံရှင်ကို ထပ်လောင်းအားပေးပါ၊

တည်ငြိမ်သော အမူအရာဖြင့် မိမိကိုယ်ကိုယ် ထိန်းကျောင်းပြီး ကာယကံရှင်၏ စိတ်ခံစားမှုဆိုင်ရာ တုံ့ပြန်မှု ကို ပုံမှန်တုံ့ပြန်မှု အဖြစ် အသိအမှတ်ပြုပါ၊

သင့်လျော်သလို အနားယူရန် သို့မဟုတ် လုပ်ငန်း ဆောင်ရွက်မှုကို ရွှေ့ဆိုင်းရန် စဉ်းစားပါ၊

ကာယကံရှင်ကို ပရော်ဖက်ရှင်နယ်ကျွမ်းကျင်သူ သို့မဟုတ် ၎င်းတို့၏ပံ့ပိုးကူညီသူနှင့် တိုင်ပင်ဆွေးနွေးခွင့် ပြုရန် အင်တာဗျူးကို ခေတ္တရပ်ထားပါ၊ ထို့အပြင်

သာမာန်အကြောင်းအရာတစ်ခုသို့ ကူးပြောင်းပြောဆိုရန် စဉ်းစားပါ။

အကယ်၍ (သတ်သေရန် စိတ်ကူးယဉ်ခြင်း သို့မဟုတ် မိမိကိုယ်ကို အန္တရာယ်ပြုလိုသောဆန္ဒရှိခြင်းကဲ့သို့ သော) အန္တရာယ် အချက်ပြလက္ခဏာများ ဆိုးရွားစွာ ဖြစ်ပေါ်နေပါက ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင် ပညာရှင်နှင့် ချက်ချင်းတိုင်ပင်ပါ။

တွေ့ဆုံမှု အပြီးသတ်သည်နှင့်တပြိုင်နက် နောက်ထပ်တွေ့ဆုံရန် လို၊ မလိုနှင့်၊ ဖြစ်နိုင်ပါက ရရှိနိုင်မည့် နောက်ဆက်တွဲ ဝန်ဆောင်မှုများသို့ လွှဲပြောင်းပေးရန် ထည့်သွင်းစဉ်းစားပါ။

# ၅ တစ်ဖုံတစ်ယောက်၏ ပြောဆိုချက်များ ရယူခြင်း[13]

## လမ်းညွှန်ချက်မူငါးပါး

**အကောင်းဆုံးဖြစ်သင့်သည်မှာ တရားစီရင်ရေးဆိုင်ရာ စစ်ဆေးမှုတွေအတွက် လိုအပ်သော အသေးစိတ်အချက်အလက်များ ရရှိရန် လူတစ်ဦးကို တစ်ကြိမ်သာ တွေ့ဆုံမေးမြန်းသင့်သည်။ ထိုသို့သော အင်တာဗျူးများကို အရည်အချင်းပြည့်မီသည့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက လုပ်ဆောင်သင့်သည်။**

အင်တာဗျူးများပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကောင်းစွာလေ့ကျင့်သင်ကြားထားပြီး အတွေ့အကြုံရှိသည့်တိုင်အောင် နောက်ပိုင်းတွင် ပြည့်စုံသော တရားဝင်အင်တာဗျူးတစ်ခုလုပ်ရန် လိုအပ်နိုင်မည်ဟု အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေနှင့် ကြိုတင်မျှော်လင့်ထားသင့်ပြီး ယင်းကဲ့သို့သော အင်တာဗျူးများကိုရှောင်ပါ။

**ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ်များကိုပံ့ပိုးရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေနှင့် ဖြစ်လာနိုင်ခြေရှိသော စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်ရှိနိုင်သော သူများထံမှ အသေးစိတ်ဖြစ်စဉ် အချက်အလက်များကို ရယူရန်မလိုအပ်ပါ။**

ဤသည်မှာ ထိခိုက်ခံစားလွယ်သူများနှင့် အထူးသဖြင့်စပ်လျဉ်းသကဲ့သို့၊ ပြည်တွင်းအာဏာပိုင်များ သို့မဟုတ် ICC တရားစွဲအရာရှိရုံးကဲ့သို့သော အရည်အချင်းပြည့်မီသည့် စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုများ သက်ဝင်လှုပ်ရှားနေသော အခြေအနေများတွင် အထူးသဖြင့်သက်ဆိုင်သည်။

နစ်နာခံစားရသူများနှင့် ဖြစ်နိုင်ခြေရှိသော မျက်မြင်သက်သေများကို ခွဲခြားသတ်မှတ်ခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်း၊ စွပ်စွဲခံထားရသော ရာဇဝတ်မှုများကို ပုံဖော်ခြင်းအပြင်၊ နစ်နာခံစားရသူများနှင့် ဖြစ်နိုင်ခြေရှိသော မျက်မြင်သက်သေများအနေဖြင့် ပံ့ပိုးကူညီမှုရရှိသည့်နေရာများ သို့မဟုတ် ပြောင်းရွှေ့ပေးသည့်နေရာများ၊ နေရာချထားပေးခံရသည့် လွတ်မြောက်ရာလမ်းကြောင်းများကို ရှာဖွေပုံဖော်ခြင်းဖြင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများကို အဓိကအားဖြင့် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ပါသည်။ ထို့နောက် နောင်တချိန်လုပ်မည့်အင်တာဗျူးလွယ်ကူချောမွေ့စေရန် အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေးရရချင်း လွှဲပြောင်းပေးရန် ရည်ရွယ်ချက်ဖြင့် ဤအချက်အလက်များကို ထိန်းသိမ်းထားသင့်သည်။

---

[13] Mendez အခြေခံမူများ ကိုလည်းကြည့်ပါ – New Principles on Effective Interviewing for Investigations and Information Gathering', 2021; Global Rights Compliance LLP - 'Basic Investigative Standards For International Crimes', 2019; Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.4.2, p. 99.

**အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် လူတစ်ဦး၏ ပြောဆိုချက်ကို ယူရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်အတွက် သက်ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အာဏာပိုင်များနှင့် သတင်း အချက်အလက်မျှဝေရန် စဉ်းစားနေသေးပါက၊ ၎င်းတို့အနေနှင့် ကနဦး အကြမ်းဖျင်းဖြစ်စဉ် အချက်အလက်ကိုရယူရန် အထိသာ လုပ်ဆောင်ရန် ကန့်သတ်ထားသင့်သည်။[14]**

ဆိုလိုသည်မှာ အခြားသူများက မေးခွန်းမထုတ်ရသေးသော လူပုဂ္ဂိုလ်တစ်ဦးထံမှ ဖြစ်စဉ်အချက်အလက်တစ်ခု (ကနဦး ပြောဆိုချက်) ကို ရယူခြင်းနှင့် ၎င်းတို့၏လုပ်ပိုင်ခွင့် ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်ရန် လိုအပ်သော အချက်အလက်များကို တတ်နိုင်သမျှအနိမ့်ဆုံး အတိုင်းအတာအထိသာ သိမ်းဆည်းထားခြင်း (အကြမ်းဖျင်းဖြစ်စဉ် ပြောဆိုချက်)ကို ဆိုလိုခြင်း ဖြစ်သည်။

**လူတစ်ဦးကိုမေးခွန်းထုတ်ခြင်းသည် (ကနဦး ယေဘုယျပြောဆိုချက်ကိုသာ ရယူသည့် ရည်ရွယ်ချက်ဖြစ်စေကာမူ) ဖြစ်စဉ်ပြောပြချက် ခိုင်မာမှန်ကန်ပြည့်စုံမှုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ အထူးသဖြင့် မသင့်လျော်သောမေးခွန်းထုတ်နည်းများကို အသုံးပြုပါက ပို၍ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။**

နောက်ဆက်တွဲ အသေးစိတ် ထွက်ဆိုချက်များတွင် ရှေ့နောက်မညီကွဲလွဲမှုများကို ရှောင်ရှားရန်၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ သည် အောက်တွင် ဖော်ပြထားသည့် ကောင်းမွန်သော အလေ့အကျင့်များကို လိုက်နာရန် ကြိုးပမ်းပြီး ၎င်းတို့၏ မှတ်တမ်း တင်ခြင်း လုပ်ငန်း ရည်ရွယ်ချက်များ ပြီးမြောက်ရန် မေးခွန်းများကို အနိမ့်ဆုံးလိုအပ်သော အကန့်အသတ်ဖြင့်သာ မေးသင့်သည်။

**အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အထူးသဖြင့် စိတ်ဒဏ်ရာရရှိသူများနှင့် ကလေးသူငယ်များ ကဲ့သို့သော ထိခိုက်ခံစားလွယ် သူများထံမှ ဖြစ်စဉ်အချက်အလက်ရယူခြင်းမှ ရှောင်ကြဉ်သင့်သည်။**

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် နစ်နာခံစားရသူများနှင့် ဖြစ်နိုင်ခြေရှိသောမျက်မြင်သက်သေများကို ရှာဖွေဖော်ထုတ် ရန်နှင့် ၎င်းတို့၏ ထိခိုက်ခံစားလွယ်မှုများအပါအဝင် သက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းရှာဖွေရန် ကြိုးပမ်းခြင်းကို အာရုံစိုက်သင့်သည်။ ထို့နောက် နောင်တချိန် လုပ်မည့် အင်တာဗျူး လွယ်ကူချောမွေ့စေရန် အရည်အချင်း ပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေး ရရချင်း လွှဲပြောင်းပေးရမည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရန် ကနဦး ပြောဆိုချက်ကို ရယူရန် လိုအပ်ကြောင်း ဆုံးဖြတ်ပါက၊ ၎င်းတို့၏ မှတ်တမ်းတင်ခြင်းလုပ်ငန်း ရည်မှန်းချက်များပြည့်မီရန် လိုအပ်သော အနိမ့်ဆုံးအဆင့် အချက်အလက်များကိုသာ ရယူပါ။ ထိုသို့ လုပ်ဆောင်ရွင် ထိခိုက်မှုမရှိစေရမှုကို လေးစားကာ အကြံပြုထားသော အကောင်းဆုံး အလေ့အကျင့်များကို သတိမူကျင့်သုံးပါ။

[14]တရားစီရင်ရေးတွင် ကျူးလွန်ခံရသူများကို ဥပဒေကိုယ်စားပြု သို့မဟုတ် ဝန်ဆောင်မှုပေးသူများ၊ အခြားပုဂ္ဂိုလ် အဖွဲ့အစည်းများသည် အဖြစ်အပျက်အသေးစိတ်အချက်အလက်များကို ၎င်းတို့ကိုယ်စားပြုသည့် အမှုသည် ကာယကံရှင်များထံမှ(ထို့အတူ တရားစီရင်ရေးနှင့်ဆိုင်သည့် အခြား အကျိုးစီးပွား ပတ်သက်သူများ ထံမှ)ရယူရန် လိုအပ်လာနိုင်သည်။ ထိုအခြေအနေများတွင် ပုဂ္ဂိုလ်တစ်ဦး (အထူးသဖြင့် ထိခိုက်ခံစားလွယ်သူများ) ထံမှ အသေးစိတ်ပြောဆိုချက်ကို အထပ်ထပ်အခါခါရယူခြင်း၏ အန္တရာယ်များကို ဤလမ်းညွှန်ချက်များက ထပ်မံမီးမောင်းထိုးပြထားသည်။

## လူတစ်ဦး၏ပြောဆိုချက်ကိုယူရန်အတွက် ယေဘုယျစဉ်းစားချက်များ

တစ်ဦးချင်းမေးခွန်းမေးခြင်း - လူတစ်ဦးစီကို သီးခြားစီမေးခွန်းမေးပြီး အခန်းတွင်းရှိလူအရေ အတွက်ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ထားပါ။ မေးမြန်းနေသူ (များ)၊ မေးမြန်းခံရသူ၊ စကားပြန်တို့အပြင် (ဥပမာ -ပံ့ပိုးကူညီသူ၊ ရှေ့နေ သို့မဟုတ် တရားဝင်အုပ်ထိန်းသူကဲ့သို့သော) အခြားသူများ လိုအပ်ပါက၊ ၎င်းတို့သည် မေးမြန်းခံရသူ၏ ပြောဆိုချက်ကို မည်သည့်နည်းနှင့်မျှ ဩဇာလွှမ်းမိုးမှုမရှိစေရန်နှင့် ထိုပုဂ္ဂိုလ်ကို မေးမြန်းနေချိန်တွင် စကားမပြောသင့်ကြောင်း ၎င်းတို့ကို ကြိုတင်ပြောကြားထားပါ။

ဖြေကြားမည့် အချက်အလက်များအပေါ် အခြားသူများ၏ ဩဇာလွှမ်းမိုးမှုမှကင်းရန်၊ မေးမြန်းခံရသူများကို မေးသည့် မေးခွန်းများ သို့မဟုတ် ၎င်းတို့ပြောပြသည့် အဖြစ်အပျက်များကို အခြားသူများနှင့် ပြန်လည်ဆွေးနွေး တိုင်ပင်ခြင်း မပြုရန် ညွှန်ကြားထားရမည်။ အခြားသူများဟုဆိုရာတွင် အထူးသဖြင့် အဖြစ်အပျက်တူ ကြုံဖူးသော သို့မဟုတ် မျက်မြင်တွေ့ဖူးသော သူများပါဝင်သည်။ မေးမြန် ခံရသူများကို ' ကြိုတင်အစမ်းအင်တာဗျူးခြင်း ' သို့မဟုတ် နည်းပြလေ့ကျင့်ပေးခြင်းမှ ရှောင်ကြဉ်ပါ။

ပြောဆိုချက်တစ်ခုရယူရန်အတွက် လူတစ်ဦးကို ငွေပေးချေခြင်း သို့မဟုတ် အခြားအကျိုးကျေးဇူး တစ်ခုခုကို မည်သည့်အခါမျှ ပေးချေခြင်းသော်လည်းကောင်း၊ ကမ်းလှမ်းခြင်းသော်လည်းကောင်းမပြုပါနှင့်။ ဤအချက်ကို လူတစ်ဦးနှင့် တွေ့ဆုံမှုတစ်ခု ပြုလုပ်ရန် (ဥပမာ - သယ်ယူ ပို့ဆောင်ရေး၊ အစားအသောက်၊ နေရာထိုင်ခင်း၊ ပံ့ပိုးကူညီမှုနှင့် လုံခြုံရေးအစီအမံများအတွက်) ကျိုးကြောင်းဆီလျော်သော ကုန်ကျစရိတ်များ ပေးချေခြင်းနှင့် မရောထွေးစေပါနှင့်။

ပြန်လည်မေးခွန်းထုတ်ခြင်း - တူညီသောအဖွဲ့အစည်းတစ်ခုမှဖြစ်စေ၊ အခြားအဖွဲ့အစည်းတစ်ခုမှဖြစ်စေ သို့မဟုတ် အရည်အချင်း ပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များမှဖြစ်စေ တူညီသောအကြောင်းအရာတစ်ခုအပေါ် မေးခွန်းမေးမြန်းပြီးသား လူတစ်ဦးထံမှ နောက်ထပ်ပြောဆိုချက်တစ်ခုရယူခြင်းကို ရှောင်ကြဉ်ပါ။ ပြောဆိုချက်များစွာ ရယူခြင်းသည် ပြန်လည် စိတ်ဒဏ်ရာရခြင်း၊ ပြောဆိုချက်များတွင် မကိုက်ညီမှုများရှိခြင်း၊ ပင်ပန်းနွမ်းနယ်မှုနှင့် တရားဝင်စုံစမ်းစစ်ဆေးမှုများနှင့် ပူးပေါင်း ဆောင်ရွက်ရန် ဆန္ဒမရှိခြင်း၊ အန္တရာယ်များနှင့် ထိတွေ့မှု ပိုများလာခြင်းစသည်တို့ ဖြစ်လာနိုင်သည်။ ထိုအရာတို့သည် အမှန်တကယ်လည်း မကြာခဏ ဖြစ်တတ်သည်။

အဆက်အသွယ်မပြတ်ခြင်း - ပြောဆိုချက်တစ်ခုပေးထားသည့်သူများနှင့် တတ်နိုင်သမျှ ပုံမှန်အဆက်အသွယ် ထားရှိရန် ကြိုးစားပါ။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် သင်သည် ၎င်းတို့၏ တည်နေရာအရပ်နှင့် ကျန်းမာရေး အခြေအနေကို သိရှိနိုင်မည် ဖြစ်ပြီး ထိုလူများ၏မျှော်မှန်းချက်များကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ သို့မဟုတ်ပါက (နှစ်အနည်းငယ်ကြာပြီးနောက်)ထိုပုဂ္ဂိုလ် များကို ပြန်၍ရှာဖွေသည့်အခါ ယခင်ရှိထားသည့် လိပ်စာနှင့် အခြားဆက်သွယ်ရန်အချက်အလက်များ အသုံးမဝင်တော့ခြင်း၊ ဆက်သွယ်၍ မရတော့ခြင်း သို့မဟုတ် အဆက်အသွယ်ပြတ်သွားခဲ့သဖြင့် မမှတ်မိတော့ခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ရန် ငြင်းဆန်ခြင်းတို့ကြောင့် စိတ်ပျက်သွားရနိုင်သည်။

ထို့ကြောင့် ပြောဆိုချက်တစ်ခုကိုမရယူမီ၊ ထိုပုဂ္ဂိုလ်ကို တူညီသောအကြောင်းအရာများနှင့်ပတ်သက်၍ အခြားသူများက မေးမြန်း ထားပြီးခြင်းရှိမရှိကို မေးမြန်းပါ။ အကယ်၍ ထိုသို့မေးမြန်းထားခြင်းရှိလျှင် ထိုအကြောင်းအရာများကို ဒုတိယအကြိမ် ထပ်မံ မေးမြန်းခြင်းမှ ရှောင်ကြဉ်ပါ။

အပြုအမူ - မေးမြန်းခံရသူနှင့် သင်၏ဆက်ဆံရေးသည် အမြဲတမ်း ပရော်ဖက်ရှင်နယ်ဆန်ပါစေ။ တည်တည်ငြိမ်ငြိမ်၊ ယဉ်ကျေးစွာ၊ လေးစားမှုနှင့် စိတ်ရှည်ပါ။ ယုံကြည်မှုတည်ဆောက်ပြီး ကိုယ်ရေးကိုယ်တာကိစ္စများကို လေးစားပါ။ ဂရုပြု၍ တက်ကြွစွာ နားထောင်ပြီး လူတစ်ဦး၏ လိုအပ်ချက်နှင့် စိုးရိမ်မှုများနှင့်ပတ်သက်၍ တုံ့ပြန်ပါ။ ဝေဖန်တိကမပြုတတ်သည့် သဘောထားရှိပါစေ။ (ကိုယ်အမူအရာ၊ သံနေသံထားအပါအဝင်) သင်၏အပြုအမူများကို သတိပြုပါ။ (သနားခြင်းမဟုတ်သည့်) စာနာမှုကိုပြပါ။ မျက်လုံးချင်းဆုံကြည့်ခြင်းကို ယဉ်ကျေးမှုအရ သင့်လျော်သလောက် ထိန်းသိမ်းလုပ်ဆောင်ပါ။ လူတစ်ယောက်၏ စိတ်ဒဏ်ရာ ခံစားချက် သို့မဟုတ် အတွေး သို့မဟုတ် သက်ရောက်မှုကို ဘယ်တော့မှ ကြိုတင်ယူဆမှု မပြုပါနှင့်။ စိတ်ဖိစီးမှု၊ ပင်ပန်းနွမ်းနယ်မှုနှင့် စိတ်ဒဏ်ရာ လက္ခဏာများကို အာရုံပြု ဂရုစိုက်၍ ထိုလူက မတောင်းဆိုသည့်တိုင် ပုံမှန်အနားယူချိန်ပေးပါ။

လူတစ်ဦး၏အပြုအမူ၊ စိတ်ဒဏ်ရာနှင့် စိတ်ပူပန်မှုလက္ခဏာများနှင့်ပတ်သက်၍သာမက မေးခွန်းမေးမြန်းသည့် အသွားအလာကို လည်း သင့်အဖွဲ့နှင့် ဆွေးနွေးအကဲဖြတ်ရန် ပုံမှန်အနားယူချိန်များကို အသုံးပြုပါ။ ထို့ကြောင့် လိုအပ်ပါက မေးခွန်းမေးပုံ ချဉ်းကပ်မှုကို သင့်အနေနှင့်ချိန်ညှိနိုင်ပါသည်။ ပြောဆိုချက်တစ်လျှောက်လုံး၊ မေးခွန်းမေးမြန်းခြင်းကို ရှေ့ဆက်သင့်မသင့်နှင့် မည်ကဲ့သို့ရှေ့ဆက်နိုင်မည်ကို အကဲဖြတ်ပါ။

## အစီအစဉ်ရေးဆွဲချမှတ်ခြင်းနှင့်ကြိုတင်ပြင်ဆင်မှု

ဖြေကြားပေးမည့် အချက်အလက်များ၏ အရည်အသွေးကို သေချာပြည့်မီစေရန်နှင့် မေးခွန်းမေးမြန်းခံရမည့်သူများ၏ အကျိုးစီးပွားကို အကောင်းဆုံးကာကွယ်ရန် ကောင်းမွန်သော အစီအစဉ်နှင့် ပြင်ဆင်မှုတို့သည် အင်မတန် အရေးကြီးပါသည်။ ထို့ကြောင့် ဤရည်ရွယ်ချက်များအတွက် အောက်ပါအချက်တို့ကို ထည့်သွင်းစဉ်းစားပါ။

မေးခွန်းမေးမြန်းခံရသူနှင့်ပတ်သက်သည့် (ကိုယ်ရေးကိုယ်တာ အကြောင်းအရာ၊ ဆက်နွယ်မှုနှင့် လိုအပ်ချက်များကဲ့သို့သော) နောက်ခံအချက်အလက်များကို တတ်နိုင်သမျှရယူပါ။ ထိုပုဂ္ဂိုလ်က တာဝန်ယူရသော ကလေးသူငယ်များ သို့မဟုတ် မှီခိုသူများ ကို ပြုစုစောင့်ရှောက်ရန် အစီအစဉ်များကို လိုအပ်လျှင်လိုအပ်သလို ပြုလုပ်ပါ။

ထိုသူကို ဥပဒေအကြံပေးတစ်ဦးဦးက ကိုယ်စားပြုခြင်းရှိမရှိ မေးမြန်းပါ။ ကိုယ်စားပြုသူ ရှိသည်ဆိုလျှင် ထိုကိုယ်စားပြုနှင့် ဆွေးနွေးပြီး ဆက်သွယ်ရန် အချက်အလက်များကို တောင်းဆိုကာ ထိုသူထံမှ ခွင့်ပြုချက်ရရှိပြီးနောက် ထိုသူကို သင်မေးမြန်းလို သည်ဟု ကိုယ်စားပြုသူကို အသိပေးပါ။

ဆက်သွယ်မှုမစတင်မီ အန္တရာယ်အကဲဖြတ်မှုတစ်ခုပြုလုပ်ပြီး အချက်အလက်တစ်စုံတရာကိုမရယူမီ ၎င်းကို ပြန်လည်သုံးသပ်ပါ။

ရည်မှန်းချက်များကို သတ်မှတ်ခြင်းနှင့် သင်ဆွေးနွေးပြောကြားလိုသည့် အကြောင်းအရာများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် သင်၏ မေးခွန်းများကို ကြိုတင်စီစဉ်ပါ။

အဖွဲ့ဖွဲ့ခြင်း - လူတစ်ဦး၏ပြောဆိုချက်ကိုယူရန် လေ့ကျင့်သင်ကြားထားပြီး အတွေ့အကြုံရှိသော မေးခွန်းမေးသူများကို ခန့်အပ်ပါ။ ဖြစ်နိုင်လျှင် ကာယကံရှင် အနေနှင့် မိမိအတွက် လုံခြုံသည်ဟု ခံစားရသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးပါ။ ဤပြောဆိုချက်

ရယူသည့် လုပ်ငန်းစဉ်တွင် ပါဝင်သောသူများ၏ ကျား၊မ၊ နိုင်ငံသား၊ လူမျိုးနှင့်/သို့မဟုတ် အခြားသွင်ပြင် လက္ခဏာများနှင့် စပ်လျဉ်း၍ ၎င်းတို့တွင် လိုလားတောင့်တချက်တစ်စုံတရာ ရှိမရှိကို မေးမြန်းပါ။

စကားပြန်ခြင်း - ကောင်းမွန်သော ဘာသာပြန်ဆိုမှုသည် အဓိကသော့ချက်ဖြစ်သည်။ လိုအပ်သော ဘာသာစကား ကျွမ်းကျင်မှုများနှင့်အတူ မေးမြန်းခံသည့် လူတစ်ဦးမှ ဖော်ပြသော လိုလားတောင့်တချက်များ သို့မဟုတ် စိုးရိမ်မှုများကို ထည့်သွင်းစဉ်းစား၍ စကားပြန်ကို ဂရုတစိုက်ရွေးချယ်ပါ။ စကားပြန်၏ ကျား၊ မ၊ လိင်နှင့် နောက်ခံသမိုင်းကို သုံးသပ်ပါ။ အချို့သောလူများအနေနှင့် ဆန့်ကျင်ဘက်လိင်နှင့် သို့မဟုတ် တူညီသောဇာတိမြို့မှလာသော တစ်စုံတစ်ဦးနှင့် ထိလွယ်ခိုက်လွယ်သည့် ကိစ္စရပ်များကို ဆွေးနွေးဖို့ရန် အဆင်မပြေနိုင်ပေ။ စကားပြန်များအားလုံးကို (သက်ဆိုင်ရာဆက်စပ် ပတ်သက်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်ခံစားလွယ်သည့် အရာများ၊ ဖြစ်လာနိုင်သည့် ဘက်လိုက်မှုများ သို့မဟုတ် အလားတူအဖြစ်မှန်များနှင့် စိတ်ဒဏ်ရာများကို ထိတွေ့နိုင်မှုနှင့်ပတ်သက်၍) သေချာစစ်ဆေးပြီး၊ ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ သိထားရမည့် သက်ဆိုင်ရာ ဝေါဟာရများ၊ ပြောဆိုချက်ကို ပေးမည့်သူ၏ ကိုယ်ရေးအကျဉ်းနှင့် လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်များကို အကျဉ်းချုံးဖော်ပြပါ။ မိသားစုဝင်တစ်ဦးဦး၏ ဘာသာပြန်ဆိုမှုသည် တိကျသောအချက်အလက်များ စုဆောင်းမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် တတ်နိုင်သမျှ ရှောင်ရှားသင့်သည်။ မိသားစုဝင်တစ်ဦးဦး၏ဘာသာပြန်ဆိုမှုသည် အချို့သောဖြစ်ရပ်များကို ထုတ်ဖော်ပြသရန် ဆန္ဒကိုသော်လည်းကောင်း၊ ထုတ်ဖော်ပြသနိုင်မှုသော်လည်းကောင်း သို့မဟုတ် မှတ်တမ်းတင်ခြင်း လုပ်ငန်းတွင် ပါဝင်ရန်သော်လည်းကောင်း၊ နောင်တချိန်တွင် အခြားသောအာဏာပိုင်များနှင့် ထိတွေ့ဆက်ဆံရန်သော်လည်းကောင်း ကာယကံရှင်၏ စိတ်ဝင်စားမှုကိုပင်လည်း အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ဘာသာပြန်ရာတွင် အကောင်းဆုံးအလေ့အကျင့်များနှင့်ပတ်သက်၍ အဖွဲ့ဝင်များနှင့် စကားပြန်များကို လေ့ကျင့်ပေးပါ။ အထူးသဖြင့် ဘာသာပြန်ဆိုချက်သည် လုံးစေ့ပတ်စေ့ဖြစ်၍ လူတစ်ဦးပြောခဲ့သည့်စကားကို ပြောင်းလဲပြောဆိုခြင်း သို့မဟုတ် အကျဉ်းချုပ်ခြင်းတို့ကိုမလုပ်ဘဲ ထိုလူ အသုံးပြုသည့် စကားလုံးအတိအကျကို အတတ်နိုင်ဆုံး ထင်ဟပ်စေရမည်။ ဘာသာပြန်ဖို့ရန်အတွက် မေးခွန်းမေးမြန်းသူနှင့် မေးမြန်းခံရသူတို့ကို တပိုင်းတပိုင်းစီပြော၍ တချက်တချက် ခေတ္တရပ်ပေးရန် ညွှန်ကြားရမည်။ မေးခွန်းမေးမြန်းသူများသည် (စကားပြန်မှမဟုတ်ဘဲ) မေးမြန်းခံရသူနှင့် တိုက်ရိုက်ပြောဆိုရမည်။ စကားပြန်များသည် ၎င်းတို့၏ အမှုအရာအားဖြင့် ပရော်ဖက်ရှင်နယ်ဆန်သင့်ပြီး မျက်နှာလိုက်ခြင်း သို့မဟုတ် ဝေဖန်တိကပြုခြင်း ရှိသည့်ပုံစံမျိုး မဖြစ်သင့်ပေ။

လူတစ်ဦး၏ပြောဆိုချက်ကိုယူရန်အတွက် အသေးစိတ်စီစဉ်ဆောင်ရွက်ရာတွင်-

တည်နေရာ - အဝင်အထွက်ကို ထိန်းချုပ်နိုင်ပြီး မေးခွန်းမေးမြန်းခြင်းလုပ်ငန်းစဉ်၏ လျှို့ဝှက်ချက်ကို သေချာစေနိုင်သည့် ဆိတ်ငြိမ်သောတည်နေရာကို ရွေးချယ်ပါ။ လုံခြုံသော၊ ဂရုစိုက်သော၊ သီးသန့်ဖြစ်သော ပတ်ဝန်းကျင်ကို ဖန်တီးပါ၊ ထိုလူတစ်ဦးအနေနှင့် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် အရာများကို ပြောဆိုရန် သက်တောင့်သက်သာရှိစေမည့် နေရာတခုဖန်တီးပါ။ ၎င်းအနေနှင့် အနားယူနိုင်ပြီး ၎င်းကိုပံ့ပိုးပေးနိုင်သည့် နေရာကို ရှာဖွေဖော်ထုတ်ပါ။ ဖြစ်နိုင်လျှင် ထိုသူ၏နေအိမ် သို့မဟုတ် နေထိုင်ရာနေရာကို ရှောင်ကြဉ်ပါ။

လုံလောက်သောအချိန်သတ်မှတ်ပါ - မေးခွန်းမေးမည့်အချိန်၊ လူတစ်ဦးအနေနှင့် မေးခွန်းမေးမည့်နေရာသို့ မည်ကဲ့သို့ အသွားအပြန် လုပ်နိုင်မည့်နည်း၊ လုံခြုံရေးပြဿနာများ သို့မဟုတ် အခြားသော စီစဉ်ဆောင်ရွက်များကိုပါ ထည့်သွင်းစဉ်းစားပါ။

သွားလာရေးအစီအစဉ် - လူတစ်ဦးအတွက် သွားလာရေး အစီအစဉ်ကို ရေးဆွဲပါ၊ ၎င်း၏ဘေးကင်းမှုနှင့် အဆင်ပြေစေရေးကို အလေးထားပါ။ ထိုအစီအစဉ်တွင် သွားလာမည့်နည်းလမ်း၊ သွားလာရန် ရုံပုံငွေ၊ လိုအပ်ပါက အယောင်ပြဇာတ်လမ်းတစ်ခု ကြိုတင်ဖန်တီးခြင်းနှင့် လူတွေ့မေးမြန်းနေစဉ် နေထိုင်နေရာချထားရေး စသည်တို့ ပါဝင်သည်။

ပစ္စည်းကိရိယာ - ပြောဆိုချက်ရယူရန်နှင့် မှတ်တမ်းတင်ရန်အတွက် လိုအပ်သည့်အရာအားလုံး သင့်၌ ရှိထားကြောင်း သေချာပါစေ။ သင့်တွင် အထူးသဖြင့် ရေကဲ့သို့အကျွေးအမွေးများနှင့် ဥပမာ ဟာလာ သို့မဟုတ် ကိုရှာ သို့မဟုတ် သက်သတ်လွတ် အစားအစာကဲ့သို့ ယဉ်ကျေးမှုအရ သင့်လျော်သော အစားအစာတို့ သင့်၌ ရှိထားပါစေ။

ယဉ်ကျေးမှုအလိုက် စီစဉ်ဆောင်ရွက်ရန် လိုအပ်ချက်များ - ယဉ်ကျေးမှုအလိုက် ထောက်ပံ့ပို့ဆောင်ရေ ဆိုင်ရာ လိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် အစီအစဉ်ဆွဲကာ တဆင့်ချင်းလုပ်ဆောင်ပါ။ ယဉ်ကျေးမှုအရ သင့်လျော်သော အစားအစာအပြင် ဥပမာအားဖြင့် ဆုတောင်းရန်အတွက် အချိန်ပေးခြင်းနှင့် ဆုတောင်းဖျာ ခင်းပေးခြင်းတို့ ပါဝင်နိုင်သည်။

Remote မေးမြန်းခြင်းသည် စိန်ခေါ်မှုဖြစ်ပြီး အထူးသဖြင့် နည်းပညာအသစ်များနှင့် မရင်းနှီးပါက ပါဝင်သော လူများအတွက် မကြာခဏ စိတ်ရှုပ်စရာဖြစ်စေသော အတွေ့အကြုံတစ်ခု ဖြစ်လာနိုင်သည်။ ထို့ကြောင့် မူအရအားဖြင့် လူကိုယ်တိုင်သွားရောက် အင်တာဗျူးရန် မဖြစ်နိုင်သည့်အခါမှသာလျှင် ထိုသို့သောအင်တာဗျူးမျိုးကို ပြုလုပ်သင့်ပါသည်။ (ဖုန်းဖြင့်ဖြစ်စေ ဗီဒီယိုကွန်ဖရင့် နည်းပညာကို အသုံးပြု၍ဖြစ်စေ) အဝေးမှမေးမြန်းခြင်းကို မပြုလုပ်မီ ပါဝင်ပတ်သက်သူများနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်အတွက် အန္တရာယ်များကို အကဲဖြတ်သုံးသပ်ပါ။ ထိုလူ၏ ကိုယ်ရေးအကျဉ်းကို ကြည့်၍ လူကိုယ်တိုင်မတွေ့ဘဲ မေးမြန်းရန် သင့်လျော်မှုရှိမရှိကို သုံးသပ်ပါ (ထိခိုက်ခံစားလွယ်သူများကို စည်းကမ်းအရ ထိုကဲ့သို့သော နည်းလမ်းဖြင့် မေးမြန်းခြင်းမပြုသင့်ပါ။) အဝေးမှမေးမြန်းပါက ထိုလူ၏ အန္တရာယ်ကျရောက်နိုင်ခြေအလားအလာအပေါ် အန္တရာယ်အကဲဖြတ်မှု ပြုလုပ်ပါ။ သင့်လျော်သောဖုန်း သို့မဟုတ် အင်တာနက် ရရှိနိုင်မှုအပါအဝင် လုံလောက်သောပစ္စည်းကိရိယာများကို ရရှိရမည်။ လူတစ်ဦးအား အဝေးမှ မေးမြန်းမည့်နေရာ၏ သင့်လျော်မှုကို အကဲဖြတ်ပြီး လိုအပ်လျှင်လိုအပ်သလို ဒေသဆိုင်ရာ ပံ့ပိုးကူညီမှု ရှိနိုင်ပါစေ (၎င်းသည် စိတ်ပိုင်းဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှု နှစ်မျိုးလုံးကို ဆိုလိုနိုင်သည်)[15]

## ချဉ်းကပ်ရှင်းပြမှု

အဖွဲ့၊ အဖွဲ့အစည်း၊ အဖွဲ့အစည်းလုပ်ပိုင်ခွင့်တို့ကို မိတ်ဆက်ပြီး အဘယ်ကြောင့် သင် မေးခွန်းမေးမြန်းနေခြင်း ဖြစ်ကြောင်း ထိုသူကို ရှင်းပြပါ။

ထိုသူကို လုပ်ငန်းစဉ်၏ရည်ရွယ်ချက်နှင့် ဘောင်ကို အသေးစိတ်ရှင်းပြရန် လိုအပ်သလောက် အချိန်ယူပါ။ ထိုသူနှင့် ဆက်ဆံရေးတစ်ခုတည်ဆောက်ပြီး ၎င်းတို့တွင် ပေါ်ပေါက်လာနိုင်သည့် စိုးရိမ်မှုများကို ကိုင်တွယ် ဖြေရှင်းရန်၊ လိုအပ်သလို သင့်စကားအသုံးအနှုန်းကို လူနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ပါ။

---

[15]Institute for International Criminal Investigations ကိုလည်းကြည့်ပါ – 'IICI guidelines on remote interviewing', 2021.

စိတ်ရှည်သည်းခံပြီး၊ ထိုလူအနေနှင့် အထက်ပါအချက်အားလုံးကို နားလည်ပြီး ဤလုပ်ငန်းစဉ်တွင် ၎င်းဆန္ဒ အလျောက်ပါဝင်ခြင်း နှင့် ပတ်သက်၍ အသိပေး သဘောတူညီချက်ကို ရယူပါ။

ကိုယ်ရေးအချက်အလက်များကို ရယူပါ - ၎င်းတွင် အမည်၊ မွေးသက္ကရာဇ်၊ နိုင်ငံသား၊ လူမျိုး၊ အိမ်ထောင်ရေး အခြေအနေ၊ ဘာသာစကားများ၊ ပညာရေးအဆင့်အတန်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မိသားစုဝင်များနှင့် (ဥပမာ ဖုန်းနံပါတ်များ၊ အီးမေးလ်လိပ်စာများနှင့် လူမှုမီဒီယာအကောင့်များကဲ့သို့) ဆက်သွယ်ရန်အချက်အလက် များစသည်တို့ ပါဝင်သည်။ အချက်အလက်များပေးသူကို နောင်တချိန်တွင် ပြန်လည်ဆက်သွယ်ရန်၊ လတ်တလောနှင့် အနာဂတ်အန္တရာယ် အကဲဖြတ်မှုများ လုပ်ရန် ဤဒေတာ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားပါ။

လျှို့ဝှက်ထားမှု၏ အရေးပါမှုနှင့်အတူ သက်ဆိုင်ရာ အန္တရာယ်များနှင့် ထိုအန္တရာယ်များဖြစ်နိုင်ချေလျော့ချရေး အစီအမံများကို ထည့်သွင်းဆွေးနွေးပါ။ သင့်တော်ပါက ထိုလူပုဂ္ဂိုလ်မှဖော်ပြသော စိုးရိမ်ပူပန်မှုများကို ထည့်သွင်း စဉ်းစား၍ အန္တရာယ်အကဲဖြတ်မှုကို ပြုပြင်မွမ်းမံပါ။

လုပ်ငန်းစဉ်ကို ရှင်းပြပါ - ၎င်းတွင် မေးခွန်းအမျိုးအစားများ၊ ဘာသာပြန်ဆိုမည့် ပုံစံနည်းလမ်း၊ အနားယူချိန်များ၊ အစားအစာ များ၊ ပြောဆိုချက်ကို မှတ်တမ်းတင်ထားပုံ စသည်တို့ ပါဝင်သည်။

တိကျသောပြောဆိုချက်တစ်ခုပံ့ပိုးပေးခြင်း၏ အရေးပါမှုကို မီးမောင်းထိုးပြပါ။ လူတစ်ဦးသည် မေးခွန်းများကို ဖြေဆိုရန်၊ မဖြေရန် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ကြောင်း ရှင်းပြပါ။ လိုအပ်လျှင်လိုအပ်သလို အချက်အလက်ကို ထပ်ခါတလဲလဲ ပြောကြားပါ။ မေးသောအရာကို မမှတ်မိလျှင် သို့မဟုတ် မသိလျှင် ၎င်းအနေနှင့် ထိုအရာကို ရိုးရှင်းစွာ ဝန်ခံသင့်သည်၊ ၎င်းသည် အင်တာဗျူးကို အချိန်မရွေး အဆုံးသတ်ပိုင်ခွင့်ရှိသည်။

ဖြေကြားမည့်အချက်အလက်များကို တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများနှင့် မျှဝေနိုင်ပြီး နောင်တချိန် အလားအလာရှိသော တရားစီရင်ရေးဆိုင်ရာ စွဲဆိုမှုများတွင် ပါဝင်သော အဖွဲ့များကို ထုတ်ဖော်ပြောကြားရန် လိုအပ်ခြင်းအပါအဝင် ဖြေကြားမည့် အချက်အလက်များကို အသုံးပြုနိုင်သော ဖြစ်နိုင်သည့် နည်းလမ်းအားလုံးကို ရှင်းပြပါ။

## ပြောဆိုချက်

ယေဘုယျသတ်မှတ်ချက်များနှင့် အရေးကြီးသော ရှုထောင့်များကို အာရုံစိုက်ခြင်းအားဖြင့် ကနဦး ယေဘုယျ ပြောဆိုချက်တစ်ခုသည် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်၏ နယ်ပယ်နှင့် အကြောင်းအရာကိစ္စအတွက် လူတစ်ဦး တွင်ရှိနေသည့် သက်ဆိုင်သောအချက်အလက်များကို ရယူနိုင်ပါသည်။ မေးမြန်းခြင်းကို လိုအပ်သော အနိမ့်ဆုံး အဆင့်အထိ ထားရှိကာ ထိုလူကြုံတွေ့ခဲ့ရသည့် သို့မဟုတ် မြင်တွေ့ခဲ့ရသည့်အရာများကို ယေဘုယျနားလည် သဘောပေါက်သည့်အခါ ရပ်လိုက်ရမည်။ ထိုသူ၏ ကိုယ်ပိုင် သီးခြားအချက်အလက်၊ ရာထူးနှင့် အခန်းကဏ္ဍ ကဲ့သို့သော သက်ဆိုင်ရာ အကြောင်းအရာများကို ပါဝင်အောင် ပြောကြားပါ။ သက်ဆိုင်ရာဖြစ်ရပ်များနှင့် (သက်ဆိုင်ရာဖြစ်ရပ်များ၏ ပထဝီဝင်နှင့် ယာယီအချက်အလက်များအပါအဝင်) ကျူးလွန်ခံရခြင်း များကို ပါဝင်အောင် ပြောကြားပါ။ ကျူးလွန်သူဟု စွပ်စွဲခံရသူများအပါအဝင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများကို ရှာဖွေ ဖော်ထုတ်ပါ။

ပွင့်လင်းလွတ်လပ်သောဇာတ်ကြောင်းပြောဆိုနိုင်စေသည့် မေးခွန်းဖြင့် စတင်ပါ - မေးခွန်းမေးမြန်းခြင်း၏ ယေဘုယျ ဦးတည်ချက်ကို သတ်မှတ်ပြီး သက်ဆိုင်ရာဖြစ်ရပ်များကို လက်တမ်းပြန်လည် တွေးတောပြောပြပေးရန် တောင်းဆိုခြင်းဖြင့် စတင်ပါ (ဥပမာ' ကျွန်ုပ်တို့သည် ဤရက်စွဲ/နေရာတွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကို မှတ်တမ်းတင်နေပါသည်။ ဒီအဖြစ်အပျက်တွေအကြောင်း ဘာသိလဲကို ကျေးဇူးပြု၍ ပြောပြပါ။') စကားလမ်းကြောင်း ပြန်လည်တည့်မတ်ပေးရန် အမှန်တကယ် လိုအပ်မှသာ ဝင်ရောက်ပြောဆိုခြင်းကို ပြုလုပ်ပြီး အခြားအချိန်တွင် ထိုသို့ပြုလုပ်ခြင်းကို ရှောင်ကြဉ်ပါ။

လိုအပ်သော သတင်းအချက်အလက်ရရှိရန် လိုအပ်သည့် အတိုင်းအတာတခုအထိ သင့်လျော်သောမေးခွန်းများကို အမြဲ အသုံးပြု၍ လိုအပ်သလို အကြောင်းအရာများကို ရှင်းလင်း တင်ပြရန်၊ ရှေ့နောက်မညီမှုများ သို့မဟုတ် ဆန့်ကျင်ဘက်များကို ကိုင်တွယ်ဖြေရှင်းရန်၊ ဖော်ပြထားသော အချက်အလက် များကို ၎င်းတို့၏ ဗဟုသုတအပေါ် အခြေခံ၍ လူတစ်ဦးကို စုံစမ်းစစ်ဆေးရန်၊ ကိုယ်တွေ့အတွေ့အကြုံနှင့် တဆင့် စကားကို ခွဲခြားရန်နှင့် မည်သည့် အရာသည် ဘုံအချက်အလက် သို့မဟုတ် ဘုံယုံကြည်ချက် ဖြစ်သည်ကို ခွဲခြားရန်တို့တွင် ထိုလူကို ပံ့ပိုးကူညီရန် လုပ်ဆောင်ပါ။

မေးခွန်းအမျိုးအစားများ - ဤလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်မှာ လူတစ်ဦး၏ အဖြစ်အပျက်များကို ၎င်းတို့၏ ကိုယ်ပိုင်စကားလုံးများဖြင့် ပြောကြားခြင်းကို ဖမ်းယူ မှတ်တမ်းတင်ထားသော အချက်အလက်ရရှိရန်ဖြစ်သည်။ ၎င်းတို့၏ အောက်ပါမေးခွန်းအမျိုးအစားများ၏ အထက်အောက်အစီအစဉ် အရေးပါမှုကို အသိအမှတ်ပြုလေးစားကာ မေးခွန်းများမေးမြန်းနိုင်ပါသည်။

အဖွင့်သဘောမေးခွန်းများ (Open-ended questions)[16] - ၎င်းတို့သည် ကန့်သတ်ချက်မထားဘဲ ပြည့်ဝသော ပြောဆိုချက်တစ်ခုရရှိရန် အခွင့်ပေး၍ မေးခွန်းမေးနေသူ၏ သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ ဘက်လိုက်မှုတို့ကြောင့် ဩဇာလွှမ်းမိုးနိုင်ခြေနည်းပါးသည့် အဖြေများရရှိနိုင်သောကြောင့် ၎င်းတို့သည် လုံခြုံစိတ်အချရဆုံး မေးခွန်းအမျိုးအစား များဖြစ်သည်။ (ဥပမာ" ကျနော်/ကျမကို ပြောပါ ဘာဖြစ်သွားသေးလဲ"၊ "ပြောပြနိုင်မလား)

စုံစမ်းစစ်ဆေးသော သို့မဟုတ် ဦးတည်ချက်ထားသော မေးခွန်းများ (Probing or focused questions)-"' ဘ 'ဖြ လုံး " မေးခွန်းများဟုလည်း သိကြပြီး၊ ဤမေးခွန်းများသည် ပြောဆိုချက်၏ဦးတည်ချက်အပေါ် ပို၍ကောင်းမွန်စွာ ထိန်းကြောင်းပေးကာ အပွင့်သဘောမေးခွန်းများကို တုံ့ပြန်ဖြေကြားရာတွင် ဖြေဆိုသူမှ မပေးရသေးသော နောက်ထပ် အချက်အလက်များကို ရယူရန်အတွက် အသုံးပြုနိုင်သည်။ ၎င်းမေးခွန်းတို့ကို ထိုလူက မဖော်ပြ ထားသေးသော အရေးကြီးသည့် အချက်အလက်များကို ကာမိစေရန် အပွင့်သဘောမေးခွန်းများမှ တစ်ဆင့် ရယူထားသော ပြောကြားချက်တစ်ခုကို စူးစမ်း လေ့လာရန်၊ ရှင်းလင်းရန်နှင့် တိုးချဲ့ရန် ၎င်းတို့ကို အသုံးပြုနိုင်သည်။ ထိုသို့သောမေးခွန်းများသည် ပြောဆိုချက်ကိုကန့်သတ်နိုင်သည့် အလားအလာရှိသည်။ ထို့ကြောင့် သင်အနေနှင့် အပွင့်သဘောမေးခွန်းများကို အခွင့်အရေးရရချင်း ပြန်လည်မေးမြန်းသင့်သည်။ ဥပမာများ - 'အပြင်မှာရှိနေတယ်လို့ ပြောခဲ့တယ်၊ အဲ့ဒါ ဘယ်နေရာမှာရှိနေတာလဲ' 'နာမည်ကို လူတစ်ယောက်က ခေါ်ခဲ့တယ်လို့ ပြောခဲ့တယ်နော်၊ အဲ့ဒီလူက ဘယ်သူလဲ' 'သူတို့ထဲက တစ်ယောက်က လက်ကိုင်ရေဒီယိုသုံးနေတယ်လို့ ပြောခဲ့တယ်နော်၊ ဒါကို ဘယ်အချိန်မှာ သတိထားမိတာလဲ'၊ စစ်သားတစ်ယောက်က နှုတ်နဲ့ ခြိမ်းခြောက်တယ်လို့ ပြောခဲ့တယ်နော်၊ သူဘာပြောခဲ့တာလဲ'၊

[16]အပွင့်သဘောမေးခွန်းများတွင် (Tell, Explain, Describe) TED မေးခွန်းများ ပါဝင်သည်။

'အိမ်နီးနားချင်းတစ်ယောက် ခေါင်းကို သေနတ်နဲ့ အပစ်ခံခဲ့ရတယ်လို့ ပြောခဲ့တယ်၊ အဲ့ဒါ ဘယ်လိုသိလဲ'၊' အိမ်ရဲ့အိပ်ခန်းထဲမှာ ပုန်းနေ ခဲ့တယ်လို့ပြောတယ်။ ဘာကြောင့် ပုန်းရတာလဲ'။

အပိတ်သဘော အတင်းအကြပ်ရွေးချယ်ရသော သို့မဟုတ်' ရွေးချယ်စရာများပေးသော 'မေးခွန်းများ (Closed and forced-choice or option-posing questions) - အပွင့်သဘောမေးခွန်းများ၊ ဦးတည်ချက်ထားသောမေးခွန်းများဖြင့် လူတစ်ဦးထံမှ နောက်ထပ်နှင့် သက်ဆိုင်ရာ အချက်အလက်များကို လုံလုံလောက်လောက် ရယူ၍ မရသည့်အခါတွင် သင်သည် ယခု မေးခွန်းအမျိုးအစား များကို မေးရန် လိုအပ်ပါသည်။ သို့သော် ဖြေဆိုသူ အနေနှင့် အပိတ်သဘော မေးခွန်းကို' ဟုတ်ကဲ့ 'ဟု ရိုးရိုးရှင်းရှင်းဖြေနိုင်သကဲ့သို့၊ ရွေးချယ်စရာများပေးသော မေးခွန်းမှ ရွေးချယ်စရာတစ်ခုကို ရွေးသည့် အန္တရာယ် ရှိပါသည်။ ထို့ကြောင့် ထိုအဖြေကို ထပ်မံစူးစမ်း မေးမြန်းရန် အမြဲတမ်း လိုအပ်မည်ဖြစ်ပါသည်။ အတင်းအကြပ်ရွေးချယ်ရသော မေးခွန်းများသည် မေးခွန်းမေးသူမှ ရွေးစရာများကို သတ်မှတ်ပေးထားပါက ထိုမေးခွန်းများသည် နမိတ်ပြမေးခွန်းများ ဖြစ်နိုင်သည်။ တဖန် အခွင့်အရေးရရချင်း အပွင့်သဘော မေးခွန်းများမေးခြင်းဆီသို့ ပြန်သွားပါ။ ဥပမာများ – ဘုရားကျောင်းအကြောင်း ပြောခဲ့တယ်။ ဘုရားကျောင်းထဲသွားခဲ့လား။' 'သူဓားရှည်ကို ဘယ်လက်မှာကိုင်ထားတာလား၊ ညာလက်မှာကိုင်ထားတာလား။'

သင့်လျော်သည်ဟု မယူဆနိုင်သော အခြားမေးခွန်းအမျိုးအစားများ ရှိပါသည်။

မေးခွန်းများစွာမေးသော မေးခွန်းများ (Multiple questions) - ရှုပ်ထွေးမှုများ ဖြစ်စေနိုင်သောကြောင့် ဤမေးခွန်းများကို ရှောင်ရှား သင့်သည်။ ပထမဦးစွာ မေးမြန်းခံရသူအနေနှင့် မေးခွန်း၏ မည်သည့်အပိုင်းကိုဖြေဆိုရမည်ကို မသိနိုင်ပါ။ ဒုတိယအချက်အားဖြင့် မေးခွန်းမေးသူအနေနှင့် မေးခွန်းကိုဖြေကြားသော အဖြေသည် မေးခွန်း၏ ဘယ်အပိုင်းကို ရည်ညွှန်းမှန်း သိနိုင်မည်မဟုတ်ပါ။ မေးခွန်းများစွာမေးသော မေးခွန်းများကို မေးခွန်းတစ်ခု ချင်းစီအဖြစ် ပြန်လည်ခွဲခြမ်းပြီး သီးခြားမေးခြင်းသည် ပို၍သင့်လျော်ပါသည်။ ဥပမာ၊' သူဘယ်ကလာတာလဲ'၊' သူကဘယ်လိုပုံစံလဲ 'နှင့်' သူဘယ်ကိုသွားတာလဲ'

နမိတ်ပြမေးခွန်းများ (Leading questions) - လူတစ်ဦးအနေနှင့် မဖော်ပြ၊ မပြောကြားရသေးသည့် အသိ သို့မဟုတ် စိတ်ကူးများကို ကြိုတင်ပြောကြားလိုက်ခြင်းအားဖြင့် မေးခွန်းမေးမြန်းသူမှ မျှော်လင့်ထားသောအဖြေရှိကြောင်း အဓိပ္ပာယ် သက်ရောက်နိုင်သောကြောင့် ယင်းမေးခွန်း အမျိုးအစားများကို လုံးဝ မမေးသင့်ပေ။ လူတစ်ဦးမှ မှတ်မိသော အဖြစ်အပျက် များကို တလွဲမြင်၍ မှတ်မိစေပြီး ၎င်း၏အဖြေကို ဆိုးရွားစွာ ညြဇာလွှမ်းမိုးနိုင်စေသည်။ ဤမေးခွန်းများမှရရှိသော အချက်အလက် များကို ယုံကြည်စိတ်ချရမှုနည်းပါးသည်ဟု အကဲဖြတ် သုံးသပ်နိုင်ပြီး အကျိုးဆက်အနေဖြင့် ၎င်းတို့ကို သက်သေအထောက်အထားအနေဖြင့် အသုံးမပြုခြင်း သို့မဟုတ် အသုံးပြုမည့် အခွင့်အရေးနည်းပါးစေခြင်း ဖြစ်လိမ့်မည် ဖြစ်သည်။ ဥပမာအချို့မှာ 'ကောင်လေးက သေနတ်ကိုင်ထားတာလား၊ ဒါမှမဟုတ် ဓားကိုင်ထားသလား'၊ 'အရပ်သားတွေကို တိုက်ခိုက်ဖို့ တပ်ရင်းမှူးက အမိန့်ပေးခဲ့တာလား'၊ 'တိုက်ခိုက်ရေးသမားတွေက စစ်ယူနီဖောင်းတွေဝတ်ထားသလား 'စသည် ဖြင့်။ ၎င်းအစား 'ကောင်လေးက တစ်ခုခု ကိုင်ဆောင်ထားသလား'၊ 'တပ်ရင်းမှူးက ဘာပြောခဲ့တာလဲ'၊' တိုက်ခိုက်ရေးသမား တွေက ဘာဝတ်ထားလဲ 'ကဲ့သို့သော ရေလာမြောင်းပေးမဟုတ်သောမေးခွန်းများကိုအသုံးပြုပါ။

အတတ်နိုင်ဆုံး အဖွင့်သဘောမေးခွန်းများကို အသုံးပြုပါ။ လိုအပ်သောအသေးစိတ်အချက်အလက်ကို ရယူရန် သော်လည်းကောင်း၊ ဆွေးနွေးနေသော အကြောင်းအရာတစ်ခုကို ရှင်းလင်းရန်သော်လည်းကောင်း (စူးစမ်းလေ့လာသော၊ ဦးတည်ချက်ထားသော၊ အထူးသဖြင့် အပိတ်သဘောရှိသော) ပိုမိုစိန်ခေါ်မှုရှိသည့် မေးခွန်းအမျိုးအစားများ အသုံးပြုမှုကို ကန့်သတ်ပါ။ အခွင့်အရေးရရချင်း (ဥပမာ - အကြောင်းအရာအသစ်တစ်ခုကို မိတ်ဆက်ခြင်းကဲ့သို့သော’) ဘေးအကင်းဆုံး 'မေးခွန်းအမျိုးအစားများသို့ ပြန်သွားပါ။ တစ်ကြိမ်လျှင် မေးခွန်းတစ်ခုမေးပါ၊ လိုအပ်သည်ထက်ပို၍ မေးခွန်းများမမေးပါနှင့်။ မလိုအပ်ဘဲ တူညီသော မေးခွန်းတစ်ခုကို ထပ်ခါတလဲလဲ မေးခြင်းကို ရှောင်ကြဉ်ပါ။

ဖြစ်နိုင်လျှင် အချိန်ကာလအပိုင်းအခြား (Chronological) အလိုက် စီစဉ်၍ မေးခွန်းထုတ်သည့် ပုံစံကို ချမှတ်ပါ၊ အထူးသဖြင့် လူတစ်ဦးအနေနှင့် ဖြစ်စဉ်များ၏ အစီအစဉ်ကို မှတ်မိရန်ခက်ခဲလာသောအခါတွင် ပွင့်လင်းလွတ်လပ်သောဇာတ်ကြောင်းပြောဆိုနိုင်စေသည့် ပုံစံကို အမြဲလေးစားလိုက်နာပါ။ အကြောင်းအရာများအကြား၊ အတိတ်နှင့် ပစ္စုပ္ပန်အကြားတွင် ရှေ့သွားနောက်ပြန် ကူးချည်သန်းချည်မေးမြန်းခြင်းကို ရှောင်ကြဉ်ပါ။

ယေဘုယျကျသည့်၊ ဘက်မလိုက်သည့် (Neutral) အကြောင်းအရာများဖြင့် စတင်ပါ။ မေးခွန်းမေးမြန်းခြင်း အခြေအနေတိုးတက်လာပြီး အပေါက်အလမ်းတည့်လာချိန်မှသာ ပို၍ထိလွယ်ရှလွယ်သော အကြောင်းအရာများဆီသို့ စကားလမ်းကြောင်းပါ။ အကယ်၍ လူတစ်ဦးအနေနှင့် စိတ်ချမ်းသာမှု သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းလက္ခဏာကို ပြသပါက၊ ပိုမိုယေဘုယျကျသည့် သို့မဟုတ် ဘက်မလိုက်သည့် အကြောင်းအရာများသို့ ပြန်သွားပြီး အကဲဆတ်သည့် အကြောင်းအရာများဖက်ကို နောက်မှပြန်လည်ချဉ်းကပ်ပါ။

လူတစ်ဦးက ၎င်းပေးထားသည့် အချက်အလက်ကို သိရှိသည့်အခြေခံကို သတိပြု၍ ဘက်မလိုက်ဘဲ၊ ဓမ္မဓိဋ္ဌာန်ကျကျ အကြောင်းအချက်ဆိုင်ရာ မေးခွန်းများကိုမေးပါ။ တရားဥပဒေ သို့မဟုတ် စနစ်တကျသတ်မှတ်ထားသည့် တရားဝင် ဝေါဟာရအသုံးအနှုန်းများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ပါ (ဥပမာ' အရပ်သားတွေကို တိုက်ခိုက်တာလား’ ‘ရန်သူအရပ်သား ခွဲခြားတာမရှိဘူးလား' အကယ်၍ မေးမြန်းခံရသူသည် ထိုကဲ့သို့သော ဝေါဟာရများကို အသုံးပြုပါက ဖြစ်ရပ်မှန်အဓိပ္ပါယ်ကို ရှင်းပြရန် တောင်းဆိုပါ။

သင့်လျော်သလောက် မျက်လုံးချင်းဆုံကြည့်ခြင်းအပါအဝင် ယဉ်ကျေးမှုအရ သင့်လျော်သောအပြုအမူကို ထိန်းသိမ်းလုပ်ဆောင်ပါ။ ကာယကံရှင်၏ခံစားချက်နှင့် စိုးရိမ်ပူပန်မှုများကို အသိအမှတ်ပြုသည့် တုံ့ပြန်ပြောဆိုမှုများ ပြုလုပ်ပါ။ မည်သည့်အခါမျှ ဝေဖန်တိကပြုခြင်း သို့မဟုတ် အထက်စီးဟန်ပန်ဖြင့် ဆက်ဆံခြင်းမပြုရ။ အသံနေ အသံထား၊ မျက်လုံးချင်းဆုံကြည့်ခြင်း၊ မျက်နှာအမူအရာ၊ ကိုယ်ဟန်အမူအရာနှင့် ကိုယ်နေဟန်ထားများကဲ့သို့သော လူတစ်ဦး၏ နှုတ်မှမဟုတ်သော အချက်ပြချက်များကို ဂရုပြုပါ။

လူတစ်ဦးထံတွင် သက်ဆိုင်ရာ ဓါတ်ပုံ၊ ဗီဒီယို၊ စာရွက်စာတမ်းများ သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အထောက်အထားများ ရှိပါက သက်ဆိုင်ရာ စုံစမ်း စစ်ဆေးရေး အာဏာပိုင်များထံ လွှဲပြောင်းပေးနိုင်ရန် ၎င်းတို့ကို ထိန်းသိမ်းရန်နှင့် လုံခြုံသောနေရာတွင် ထားရှိရန် တောင်းဆိုပါ။ ပြောဆိုချက်၏အကျဉ်းချုပ်တွင် လူတစ်ဦးလက်ဝယ်ရှိသည့် သက်ဆိုင်ရာပစ္စည်းများ၏ အချက်အလက်ကို ရှင်းလင်းပြတ်သားစွာ ခွဲခြား ဖော်ပြပါ။ ပစ္စည်းတစ်ခုစီတိုင်းကို သီးသန့်ခေါင်းစဉ်တစ်ခုစီ ပေးသင့်သည်၊

**အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ**

သို့မှသာ အကျဉ်းချုပ်ကို နောင်တချိန်ဖတ်သူအနေနှင့် သိရှိနိုင်ပါမည်။ အကယ်၍ ထိုလူသည် သတင်းအချက် အလက်များကို လုံခြုံသောနေရာတွင် မသိမ်းဆည်း နိုင်ပါက သို့မဟုတ် သတင်းအချက်အလက်ကို သိမ်းဆည်းထားရန် ၎င်းအတွက် အန္တရာယ်ရှိလျှင် သို့မဟုတ် အရပ်ဖက်လူမှုအဖွဲ့အစည်းက အဆိုပါပစ္စည်းများကို လုံခြုံအောင် ထိန်းသိမ်းရန် အကောင်းဆုံး ဖြစ်ပါက ထိုပစ္စည်းအချက်အလက်ကို သင့်လျော်စွာ လက်ခံ ထိန်းသိမ်းနိုင်ခြေကို အကဲဖြတ်ပါ။ (နောက်ထပ် သိရှိလိုပါက 'ရုပ်ဝတ္ထုပစ္စည်းများ[17] 'နှင့်' သိမ်းဆည်းခြင်း၊ ကာကွယ်ခြင်း[18] 'ဆိုင်ရာအခန်းတွင် ကြည့်ပါ။)

အဖြစ်အပျက်များနှင့် မသက်ဆိုင်သောသူများ သို့မဟုတ် အဖွဲ့များ၏ အချက်အလက်စုဆောင်းမှုကို ကန့်သတ်ထားပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့လုပ်ဆောင်ခြင်းသည် ထိုပုဂ္ဂိုလ်၊ အဖွဲ့များအတွက် မလိုလားအပ်သည်များ ဖြစ်ပေါ်စေနိုင်သော ကြောင့်ဖြစ်သည်။

## နိဂုံးချုပ်အဆုံးသတ်ခြင်း

လူပုဂ္ဂိုလ်တစ်ဦး၏ပြောဆိုချက်ကို သင့်လျော်စွာရယူခြင်း လုပ်ငန်းစဉ်ကို နိဂုံးချုပ်ပါ။ သက်ဆိုင်ရာအချက်အလက်များ ရရှိပြီး သည်နှင့် လုပ်ငန်းစဉ်ကို ချက်ချင်းအဆုံးမသတ်ဘဲ နိဂုံးချုပ်ရန် ထိုလူကို လုံလောက်သော အချိန်ပေးပါ။

ဘက်မလိုက်သည့် (Neutral) အကြောင်းအရာတစ်ခုနှင့် မေးခွန်း မေးမြန်းခြင်းကို အဆုံးသတ်ပြီး ထိုသူ၏ စိတ်အနေအထား သည် အပြုသဘောဆောင်သော အခြေအနေတွင် ရှိနေပါစေ ထိုသူ၏ပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြုပါ။ ၎င်းကို အဆိုးမြင်စိတ်များ၊ စိတ်ခံစားမှုများကနေ နာလန်ထူ ရုန်းထွက်ဖို့ အချိန်ပေးပါ။ လိုအပ်လျှင်လိုအပ်သလို' စိတ်တည်ငြိမ်စေမည့် နည်းလမ်းများ (Grounding techniques)' ကို အသုံးပြုပါ။ (ဥပမာ လက်ရှိတည်နေရာ၊ ရက်စွဲနှင့် အချိန်ကို ဖော်ပြခြင်း၊ ရှိနေသည့်အခန်းကိုဖော်ပြခြင်းကဲ့သို့သော) လက်ရှိ ပစ္စုပ္ပန်အခိုက်အတန့်ကို ဦးတည်အာရုံစိုက်စေခြင်း၊ အသက်ကိုဖြည်းဖြည်းနှင့် နက်နက် ရှိုင်းရှိုင်းရှူရှိုက်ရင်း ဘေးကင်းသောနေရာ သို့မဟုတ် အေးချမ်းသောအခိုက်အတန့်တစ်ခုကို စိတ်ထဲ မြင်ယောင်မိစေရန် အကြံပြုခြင်း။

နိဂုံးမချုပ်မီတွင် ကြီးမားသောအမှားအယွင်းများ သို့မဟုတ် နားလည်မှုလွဲမှားမှုများကို ပြုပြင်နိုင်စေရန် ပြောဆိုချက်ကို ချရေးထားသည့် သင့်မှတ်စုများပါ အကျဉ်းချုပ်ကို ထိုလူထံ ပြန်လည်ဖတ်ရှုပြပါ။ ထပ်၍ ဖြည့်စွက်ရန် သို့မဟုတ် ရှင်းလင်းရန် အချက်အလက် ရှိမရှိကို ထိုလူကိုလည်း မေးပါ။ နောက်ဘာတွေ ဆက်ဖြစ်မလဲဆိုတာ ရှင်းပြပြီး မေးခွန်းများ ဒါမှမဟုတ် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်ဖြေရှင်းပါ။ သင့်ထံမှ ၎င်းတို့အနေနှင့် မျှော်လင့် နိုင်သော၊ မမျှော်လင့်နိုင်သော အရာများကို ရိုးသားဖြောင့်မတ်စွာအသိပေးပါ။

လုပ်ငန်းစဉ်တွင် ပါဝင်ရန် အသိပေးသဘောတူညီချက်နှင့် ဆန္ဒအလျောက်ပါဝင်မှုကို ပြန်လည်အတည်ပြုပါ။

---

[17] အခန်း ၇ ကိုကြည့်ပါ။

[18] အခန်း ၁၂ ကိုကြည့်ပါ။

လုပ်ငန်းစဉ်ကို ထိုလူနှင့်အတူ အကဲဖြတ်သုံးသပ်ပါ။ ၎င်းတို့၏ ပြောဆိုချက်ကို ပေးဆောင်ရာတွင် လွတ်လပ်လုံခြုံပြီး သက်တောင့်သက်သာရှိမရှိကို မေးမြန်းပါ။ တုံ့ပြန်ချက်ကို အသုံးပြု၍ အောက်ပါ မေးခွန်းများကို လိုအပ်သလို တိုးတက်ကောင်းမွန်အောင် လုပ်ပါ။ ၎င်းတို့၏ပြောဆိုချက်အပေါ် သြဇာလွှမ်းမိုးမှု ရှိသော ခြိမ်းခြောက်မှု သို့မဟုတ် ကတိ သို့မဟုတ် သွေးဆောင်မှုများ ရှိ/မရှိ၊ လုပ်ငန်းစဉ်အတွင်း ၎င်းတို့အပေါ် ဆက်ဆံပုံနှင့်ပတ်သက်၍ မကျေနပ်မှုများ ရှိ/မရှိ ထိုလူကို မေးမြန်းအတည်ပြုပါ။ ထိုအချက်များကို အသိပေးသဘောတူညီချက်၏မှတ်တမ်းတွင် ထည့်သွင်း နိုင်သည်။

လျှို့ဝှက်ထားမှု၏ အရေးပါမှုကို ထပ်လောင်းပြောကြားပြီး လိုအပ်သလို ဆောင်ရွက်နိုင်သည့် အကာအကွယ်နှင့် ပံ့ပိုးမှုဆိုင်ရာ အစီအမံများကို ထပ်ခါတလဲလဲ လုပ်ဆောင်ပါ။ နောင်တချိန်ဆက်သွယ်ရေးအတွက် ဆက်သွယ်ရမည့် အသေးအစိတ် အချက်အလက်နှင့် အရေးပေါ်နံပါတ်များ သို့မဟုတ် တဆင့်ဆက်သွယ်လွှဲပြောင်းပေးနိုင်သည့် နေရာများနှင့်ပတ်သက်၍ ကာယကံရှင်းအား သေချာရှင်းလင်းပြောကြားထားပါ။

## အကဲဖြတ်သုံးသပ်ခြင်း

လူတစ်ဦး၏ ပြောဆိုချက်ရယူခြင်းလုပ်ငန်းစဉ်ကို ပြီးမြောက်ပြီးနောက်၊ အကဲဖြတ်သုံးသပ်ရန် အချိန်ယူပါ-

ထိုလူ၏လုံခြုံရေးနှင့် ကျန်းမာရေး - ထိုလူ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို ပြန်လည်သုံးသပ်ပြီး (ဥပမာ ဆေးဘက်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာကဲ့သို့သော) နောက်ထပ်အကူအညီများ လိုအပ်၊ မလိုအပ်ကို ဆုံးဖြတ်ပါ။ လိုအပ်ပါက ရရှိနိုင်သော ဖြစ်နိုင်ခြေများကို ထိုပုဂ္ဂိုလ်နှင့် ဆွေးနွေးပြီး ၎င်းအနေနှင့် သက်ဆိုင်ရာ အချက်အလက်နှင့် အဆက်အသွယ်များကို လက်ခံလိုခြင်းရှိ၊ မရှိကို အတည်ပြုပါ။ ပေးထားသော အချက်အလက်များကို ထည့်သွင်းစဉ်းစားပြီး သင့်လျော်သောနေရာတွင် အန္တရာယ်လျော့ချရေး အစီအမံများကို လိုက်လျောညီထွေဖြစ်အောင် လုပ်၍ လက်ရှိ ခြိမ်းခြောက်မှုနှင့် အန္တရာယ် အလားအလာများကို အတည်ပြုရန် အန္တရာယ်အကဲဖြတ်မှုကို ပြန်လည်သုံးသပ်ပါ။

ပေးထားသော အချက်အလက် - လုပ်ငန်းစဉ်၏ ရလဒ်များ၊ မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ပံ့ပိုးပေးနိုင်မှုကို ခွဲခြမ်းစိတ်ဖြာပါ။ အချက်အလက်ပေးသူဇစ်မြစ် အကဲဖြတ်သုံးသပ်ချက် (Source evaluation analysis) လုပ်ပါ ထိုလူ၏ ယုံကြည်စိတ်ချရမှု သို့မဟုတ် ထိုလူက ပေးထားသည့် ပြောဆိုချက်အပေါ် ယုံကြည်စိတ်ချရမှုကို အကဲဖြတ်ရာတွင် အထောက်အကူပြုနိုင်မည့် (ထိုလူက ပြောဆိုထားခြင်းမဟုတ်သည့်) အခြားဖြစ်ရပ်၊ အချက်အလက်များကို မှတ်တမ်းတင်ပါ။ (သဲလွန်စများ၊ ဆက်စပ်အတည်ပြုရမည့်အချက်များရှိပါက) ဖြစ်နိုင်ချေ နောက်ဆက်တွဲလုပ်ငန်းများကို သတ်မှတ်ဖော်ထုတ်ပါ။

ပြောဆိုချက် ရယူသူများ၏ စွမ်းဆောင်ရည် - သင့်ကိုယ်ပိုင်အကဲဖြတ်ချက်ပြုလုပ်ပြီး ဖြစ်နိုင်ပါက လုပ်ငန်းစဉ်ကို သင့်အဖွဲ့နှင့် ဆွေးနွေးပါ။ ဆက်ဆံရေးတည်ဆောက်မှု၊ အသုံးပြုသော မေးခွန်းအမျိုးအစားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဘာသာပြန်ခြင်း နောက်ဆုံးရလဒ်၊ စသည်တို့ကို သုံးသပ်ပါ။ လုပ်ဖော်ကိုင်ဖက်များအကြား အပြုသဘောဆောင်သည့် မှတ်ချက်အကြံပြုချက်များ ပေးပါ။

## မှတ်တမ်းတင်ခြင်း

လူတစ်ဦး၏ ပြောဆိုချက်ကိုရယူသည့် အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် အဆိုပါမှတ်တမ်းတင်ခြင်း လုပ်ငန်းမှတ်တမ်းကို ရေးသားပြုစုပြီး ပြောဆိုချက်ကို ရယူသူ (များ) က နားလည်သည့်အတိုင်း ရရှိသည့် အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြသင့်သည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကာယကံရှင်၏ ပြောဆိုချက်ကို 'လက်မှတ်ရေးထိုးထားသည့် သက်သေခံ ထွက်ဆိုချက် 'ဟု ဘယ်သောအခါမှ မထုတ်ပြန်သင့်ပါ။ ပြောဆိုချက်ရယူခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အသံ/ဗီဒီယို မှတ်တမ်းကိုလည်း မပြုလုပ်သင့်ပါ။

လူတစ်ဦး၏ပြောဆိုချက်ကို မှတ်တမ်းတင်ရေးသားပြုစုရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

ပထမစာမျက်နှာတွင် အတ္ထုပ္ပတ္တိအချက်အလက်ကို ထားရှိပါ။ လုံခြုံရေးအရ ထိုလူ၏အမည် သို့မဟုတ် ၎င်းအစား စကားဝှက်နာမည်ကို အသုံးပြုရန်သင့်မသင့် စဉ်းစားပါ။

အဖြစ်အပျက်ဖြစ်စဉ်များကို သင်၏ထင်မြင်ချက်အတိုင်း အချိန်ကာလ (Chronology) နှင့်အညီ အစီအစဉ်ချ၍ ရရှိထားသော ပြောဆိုချက်၏ အကျဉ်းချုပ်ကို အကြမ်းဖျင်းရေးဆွဲပါ။ ထိုအကြမ်းဖျင်းကို ဘေးလူတစ်ဦးအမြင်နှင့် ရေးဆွဲပြီး ထိုပုဂ္ဂိုလ်က ပြောထားသည်ကို သင့်နားလည်သကဲ့သို့ ဇာတ်ကြောင်းပြန်ပြောပြပါ (ဥပမာ' XXX က ဒီဟာကိုပြောတယ်' ;'... XXX က ဒီအဖြစ်အပျက်ကို ဒီလိုဖော်ပြတယ်)။

၎င်းတို့လက်ဝယ်ရှိသည်ဟု ဆိုထားသည့် သက်ဆိုင်ရာပစ္စည်းများကို မှတ်တမ်းတွင် ခွဲခြားသတ်မှတ်ဖော်ပြပါ၊ ထို့အပြင် ၎င်းတို့အား ဖန်တီးမှု၊ အသုံးပြုမှု၊ လာရာလမ်းကြောင်း၊ သိမ်းဆည်းမှု၊ ထိန်းသိမ်းစောင့်ရှောက်မှုတို့နှင့် ပတ်သက်သည့် အချက်အလက်များကို မှတ်တမ်းတွင် ထည့်သွင်းပါ။

လူတစ်ဦး၏ သို့မဟုတ် အခြားပါဝင်သူများ၏ ထင်မြင်ယူဆချက်များ၊ မှတ်ချက်များ၊ အတွေးအမြင်များ၊ ခွဲခြမ်းစိတ်ဖြာမှုများကို မှတ်တမ်းတင်ခြင်း မလုပ်ပဲ အဖြစ်မှန်နှင့် ဖြစ်ရပ်များအပေါ်သာ အာရုံစိုက်ပါ။ လိုအပ်ပါက ယင်းအတွက် သီးခြားမှတ်တမ်းတစ်ခု ပြုလုပ်ပါ။ ထို့အပြင်

(၎င်းသည် သက်သေခံထွက်ဆိုချက်မဟုတ်သောကြောင့်) ရေးသားထားသော မှတ်တမ်းကို ကာယကံရှင်အနေဖြင့် လက်မှတ်မထိုးမိပါစေနှင့်။

ရုပ်/သံ မှတ်တမ်းတင်ခြင်း - ယေဘုယျအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် လုပ်ငန်းစဉ်ကို ရုပ်/သံ မှတ်တမ်းတင်ခြင်း မပြုသင့်ပါ။ ထိုသို့ လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

လုပ်ငန်းစဉ်ကို အသံ/ဗီဒီယို မှတ်တမ်းတင်ရန် ထိုပုဂ္ဂိုလ်ထံမှ အသိပေးသဘောတူညီချက်ကို ရယူပါ (ထိုသဘောတူညီချက်ကို အသံ/ဗီဒီယိုဖြင့် မှတ်တမ်းတင်ဖမ်းယူထားနိုင်သည်။)

သင့်ပစ္စည်းကိရိယာများသည် ကောင်းမွန်စွာအလုပ်လုပ်ကြောင်း သေချာပါစေ၊ သင့်တွင် လိုအပ်သော (ဥပမာ -အပိုဘက်ထရီများနှင့် မမ်မိုရီကတ်များကဲ့သို့သော) အစားထိုး အားဖြည့်ပစ္စည်းများ ရှိမရှိသေချာအောင် စစ်ဆေးပါ။ နောင်တချိန် စာသားမှတ်တမ်းများထုတ်ရန် ရည်ရွယ်ချက်အတွက် (ဥပမာ -နောက်ခံဆူညံသံကို တားဆီးရန်နှင့် အချင်းချင်း စကားမပြောမိစေရန် လုပ်ဆောင်ခြင်းဖြင့်) အသံအရည်အသွေးကို သတိပြုပါ။

အသံသွင်းချိန်တစ်ခုစီ၏ အစတွင် လုပ်ငန်း တည်နေရာ၊ ဒေသဆိုင်ရာရက်စွဲနှင့်အချိန်၊ မေးမြန်း ခံရသူများနှင့် အခန်းထဲတွင် ရှိနေသူများ၊ ၎င်းတို့၏ အခန်းကဏ္ဍများကိုဖော်ပြပါ။ ခဏတာ သို့မဟုတ် ရုံဖန်ရံခါဖြစ်သည့် အနှောင့်အယှက်များကို မှတ်တမ်းတင်ထားပါ။

ရုပ်သံမဖမ်းနေသည့်အချိန် အကြောင်းအရာနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးနေပါက၊ အဆိုပါအချက်အလက်များကို မှတ်တမ်းတွင် အကျဉ်းချုံ့ဖော်ပြခိုင်းပါ မှတ်တမ်း၏မည်သည့်နေရာတွင် ထည့်သွင်းရမည်ကို ညွှန်ပြခိုင်းပါ။

ကာယကံရှင်၏ ပူးပေါင်းပါဝင်လိုသော ဆန္ဒကို မှတ်တမ်းတွင် အခါအားလျော်စွာ အတည်ပြုပါ။

## ထိခိုက်ခံစားလွယ်သူများထံမှ ပြောဆိုချက်ရယူခြင်း

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ထိခိုက်ခံစားလွယ်သူများထံမှ ပြောဆိုချက်ရယူခြင်းမှ ယေဘုယျအားဖြင့် ရှောင်ကြဉ်သင့်သည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့်အညီ အဆိုပါပုဂ္ဂိုလ်များထံမှ ကနဦး ယေဘုယျ ပြောဆိုချက်တစ်ခုရယူရန် လိုအပ်ကြောင်း ဆုံးဖြတ်သည့်အခါ၊ ၎င်းတို့၏ မှတ်တမ်းတင်ခြင်းဆိုင်ရာ ရည်မှန်းချက်များပြည့်မီရန် အနည်းဆုံးလိုအပ်သော အချက်အလက်များကိုသာ ရယူသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် “ထိခိုက်မှုမရှိစေရ” မူကို လိုက်နာကာ အကြံပြုထားသော အကောင်းဆုံး အလေ့အကျင့်များကို ကြိုးစားအားထုတ်ကျင့်သုံးနိုင်ပါစေ။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် စိတ်ဒဏ်ရာရရှိသူများနှင့် ကလေးသူငယ်များထံမှ ပြောဆိုချက်မယူသင့်ပါ။ စိတ်ဒဏ်ရာရရှိသူများနှင့် ကလေးများသည် အထူးထိခိုက်ခံစားလွယ်နိုင်ပြီး ၎င်းတို့ကို ကျွမ်းကျင်သော စုံစမ်း စစ်ဆေးရေးအာဏာပိုင်အဖွဲ့အစည်းများအတွက် ဆောင်ရွက်နေသည့် အထူးပြုလေ့ကျင့်ထားပြီး အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများက တစ်ကြိမ်သာ မေးခွန်းမေးမြန်းသင့်ပါသည်။ ဤသည်မှာ လူတစ်ဦး၏ကျန်းမာရေးနှင့် ၎င်းတို့ပြောဆိုချက် ခိုင်မာပြည့်စုံမှုကို ကာကွယ်ရန်ဖြစ်သည်။

ယင်းအစား အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ထိုပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် သက်ဆိုင်ရာအချက်အလက်များကို စုဆောင်းပြီး အရည်အချင်း ပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေးရရချင်း ပေးသင့်သည်။

ခြွင်းချက်အခြေအနေများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် စိတ်ဒဏ်ရာရရှိသူ သို့မဟုတ် ကလေးတစ်ဦးထံမှ ကနဦးယေဘုယျပြောဆိုချက် တစ်ခုရယူရန် လိုအပ်ကြောင်း အကဲဖြတ်သုံးသပ်ပါက ၎င်းတို့သည် “ထိခိုက်မှုမရှိစေရ” မူကို လိုက်နာသင့်ပြီး အကြံပြုထားသော အကောင်းဆုံးအလေ့အကျင့်များကို လိုက်နာနိုင်စေရန် ပြင်ဆင်ထားသင့်ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းသည် အဖွဲ့အစည်း၏ လုပ်ပိုင်ခွင့်နှင့်အညီ ထိခိုက်ခံစားလွယ်သည်ဟု ယူဆရသူ တစ်ဦးကို မေးခွန်းထုတ်ရန် ရည်မှန်းထားပါက၊ အဆိုပါပုဂ္ဂိုလ်ကို မေးခွန်းထုတ်ရန် သင့်လျော်မှုရှိ၊ မရှိ အကဲဖြတ်ရန် လိုအပ်ပြီး ပြန်လည်စိတ်ဒဏ်ရာရနိုင်ခြေ လျော့ချနိုင်မည့်[19] နည်းလမ်းများကိုသုံးသပ်ရန် ထိခိုက်နိုင်မှု အကဲဖြတ်ချက် လုပ်ဆောင်ရမည်။

ထိခိုက်ခံစားလွယ်မှုသည် အသိပေး သဘောတူချက်ကို လူတစ်ဦးချင်းအနေဖြင့် လွတ်လပ်စွာပေးဆောင်နိုင်မှု၊ ဖြစ်ရပ်များကို တိကျစွာပြောဆိုနိုင်မှုအပေါ် သက်ရောက်မှုရှိနိုင်ခြေရှိမရှိကို အကဲဖြတ်ပါ။ မေးခွန်းမေးမြန်းခြင်းသည် ယေဘုယျအဆင့်တွင် ရှိနေသည့်တိုင် ကာယကံရှင်အပေါ် (စိတ်ဒဏ်ရာ ပြန်လည်ရနိုင်ခြေ) သက်ရောက်မှုကို အကဲဖြတ်ပါ။ အထူးသဖြင့် ကလေးများနှင့် စိတ်ဒဏ်ရာလက္ခဏာရှိသူများကို မေးခွန်းထုတ်ရန် ပြင်ဆင်သည့်အခါတွင် လိုအပ်လျှင်လိုအပ်သလို ဖြစ်နိုင်ပါက ထိခိုက်နိုင်မှုအကဲဖြတ်မှုကို လုပ်ဆောင်ရန် စိတ်ပညာရှင် သို့မဟုတ် စိတ်ရောဂါကုဆရာဝန်၏ အကူအညီကိုရယူပြီး လိုအပ်သလို ပံ့ပိုးကူညီပေးပါ။ အကယ်၍ သင်သည် ထိခိုက်နိုင်ခြေအကဲဖြတ်မှုကို မပြုလုပ်နိုင်ပါက အဆိုပါလူကို မေးမြန်းခြင်း မပြုပါနှင့်။

လူတစ်ဦးအနေနှင့် အသိပေးသဘောတူခွင့်ပြုချက်ပေးရန် မစွမ်းဆောင်နိုင်ဟု အကဲဖြတ်သုံးသပ်ပါက သို့မဟုတ် မေးခွန်းထုတ်ရန် သင့်လျော်မှုမရှိဟု အကဲဖြတ် သုံးသပ်ပါက၊ ထိုသူ၏ပြောဆိုချက်ကို ရယူရန် ဆက်လက် မလုပ်ဆောင်ပါနှင့်။ ထိုသို့သောအခြေအနေမျိုးတွင် ကိုယ်ရေးရာဇဝင်၊ ဆက်သွယ်ရန်အချက်အလက်များနှင့်အတူ ၎င်း၏အတွေ့အကြုံနှင့် နစ်နာခံစားရသူဖြစ်ရခြင်း ဆိုင်ရာ အချက်အလက်အားလုံးကို စုဆောင်းပြီး မှတ်တမ်းတင်ပါ။ လိုလျှင်လိုအပ်သလို ဖြစ်နိုင်ပါက ထိုလူ၏သဘောတူညီချက်ဖြင့် ၎င်းကိုသိရှိသူများထံမှ သက်ဆိုင်ရာ အချက်အလက်ကို ရယူပါ။ ထိုသို့သော သတင်းအရင်း အမြစ်များကို မှတ်တမ်းတင်ပါ။

အထက်ဖော်ပြပါ ယေဘုယျကောင်းမွန်သော အလေ့အကျင့်များသည်[20] ထိခိုက်ခံစားလွယ်သူများကို မေးမြန်းသည့်အခါ အထူးသင့်လျော်ပါသည်။ ၎င်းတို့ကို ထိခိုက်ခံစားလွယ်သူများ၏ တစ်ဦးချင်း လိုအပ်ချက်များ၊ အခြေအနေများနှင့်အညီ အံဝင် ခွင်ကျဖြစ်အောင် လုပ်ဆောင်သင့်သည်။ အထူးသဖြင့်-

ပြောဆိုချက် ရယူသူများသည် ထိခိုက်ခံစားလွယ်သူများနှင့် ဆက်ဆံရာတွင် သက်ဆိုင်ရာအတွေ့အကြုံနှင့် လေ့ကျင့် သင်ကြားမှုများရှိသင့်သည်။ လိုအပ်လျှင်လိုအပ်သလို စိတ်ပညာရှင် သို့မဟုတ် စိတ်ရောဂါအထူးကု၏ ပံ့ပိုးကူညီမှုကို ထည့်သွင်းအသုံးချပါ။

စိတ်ဒဏ်ရာရရှိသူများကို မေးခွန်းမေးမြန်းခြင်းမှ ရှောင်ကြဉ်ပါ။ သို့သော် ၎င်းတို့ကို လုပ်ဆောင်ရမည်ဆိုပါက လေ့ကျင့်သင်ကြားထားသော စိတ်ပညာရှင် သို့မဟုတ် စိတ်ရောဂါအထူးကု၏ ပံ့ပိုးကူညီမှုကို ထည့်သွင်းအသုံးချပါ။

စကားပြန်များနှင့် ကြားခံပုဂ္ဂိုလ်များကို အကြောင်းအရာနှင့် ပတ်သက်၍ လေ့ကျင့် သင်ကြားပြီး အကျဉ်းချုံးပြောထားနိုင်ပါစေ။ သို့မှသာ ၎င်းတို့အနေနှင့် ထိခိုက်ခံစားလွယ်သူအပေါ် လုပ်ငန်းစဉ်၏ သက်ရောက်နိုင်ခြေ များကို နားလည်နိုင်မည်ဖြစ်သည်။

---

[19] ထိခိုက်ခံစားလွယ်သော သို့မဟုတ် စိတ်ဒဏ်ရာရရှိသူများ အကဲဖြတ်မှုနှင့်ပတ်သက်သည့် နောက်ထပ်အသေးစိတ် အချက်အလက်များအတွက် အခန်း ၄ နှင့် UNITAD Trauma-Informed Investigations Filed Guide, Part 6. ကိုကြည့်ပါ။

ထိခိုက်ခံစားလွယ်သူက ယုံကြည်ရသော (ဥပမာ -ဆွေမျိုးနီးစပ် သူများ သို့မဟုတ် အုပ်ထိန်းသူများကဲ့သို့သော) စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီသူများ လုပ်ငန်းစဉ်တွင် ပါရှိနေခြင်းကို ထည့်သွင်းစဉ်းစားပါ။ အထူးသဖြင့် မေးမြန်းမှုအတွင်း ဆွေမျိုးတစ်ဦးကဲ့သို့ ပံ့ပိုးကူညီသူတစ်ဦး ရှိနေခြင်းသည် အရွယ်ရောက်ပြီးသူတစ်ဦး၏ ပြောဆိုချက် ခိုင်မာပြည့်စုံမှုအပေါ် ထိခိုက်နိုင်ခြင်း ရှိ၊ မရှိကို ဂရုတစိုက် အကဲဖြတ်သုံးသတ်ပါ။ ပံ့ပိုးကူညီသူ၏ရှေ့တွင် မိမိတွေ့ကြုံခဲ့ရသည်များကို အလုံးစုံဖွင့်ပြောရန် အဆင်ပြေ သက်သောင့်သက်သာမှုရှိ၊ မရှိကို ကာယကံရှင်နှင့်နှစ်ဦးထဲ ဆွေးနွေးပါ။ အကောင်းဆုံးပံ့ပိုးနိုင်မည့်နည်းလမ်း ရှာဖွေပါ။ (ဥပမာ - ထိုပံ့ပိုးသူသည် အနီးမလှန်းမကမ်းတွင်ရှိနေပြီး၊ လိုအပ်ပါက လာရောက်နှစ်သိမ့်မှုပေးနိုင်သည့် ပုံစံမျိုးဖြစ်သည်။)

အတတ်နိုင်ဆုံး ထိခိုက်ခံစားလွယ်သူများကို တွေ့ဆုံမည့်နေရာ၊ အချိန်နှင့် ပံ့ပိုးကူညီသူ၏ရှေ့မှောက်တွင် ဆုံးဖြတ်ချက် ချခွင့်ပြုပါ။

မေးခွန်းများကို ယေဘုယျအဆင့်နှင့် အနည်းဆုံး လိုအပ်သလောက်သာထားပါ။ ပြန်လည် စိတ်ဒဏ်ရာရခြင်းကို ရှောင်ရှားရန် နှင့် ရှေ့နောက်မညီသော အန္တရာယ်များကို လျှော့ချရန်အလို့ငှာ အရပ်ဖက်လူမှုအဖွဲ့အစည်း လုပ်ပိုင်ခွင့်အရ အမှန်တကယ် မလိုအပ်ပါက စိတ်ဒဏ်ရာရစေသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရယူရန် မလုပ်ပါနှင့်။

နားလည်ရလွယ်ကူသောမေးခွန်းများကို သုံးပါ။ စိတ်ဒဏ်ရာရစေသည့် အဖြစ်အပျက်များကို ပြန်လည်သတိရနေသူများအတွက် ဤအချက်သည် အထူးအရေးကြီးပါသည်။ ရှုပ်ထွေးသောစကားလုံး အသုံးအနှုန်းများကို အသုံးပြုခြင်းသည် မေးခွန်းများ နားလည်ခြင်းကို အဟန့်အတား ဖြစ်စေနိုင်ပြီး ၎င်းတို့၏ စိတ်ချယုံကြည်မှုကို ကျဆင်းစေနိုင်သည်။

(အနားယူခွင့်ပြုပေးခြင်း၊ ကိုယ်ပိုင်အချိန်ပေးခြင်း၊ ကြင်နာမှုပေးခြင်းဖြင့်) လူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာ ရေးကို စောင့်ကြည့်ပြီး စိတ်ပူပန်မှုနှင့် စိတ်ဒဏ်ရာတုံ့ပြန်မှုလက္ခဏာများကို သတိထားပါ။ အချို့သောဖြစ်ရပ်များ သို့မဟုတ် အသေးစိတ်အချက်အလက်များကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် ခွဲခြားသိရှိ၊ ရှောင်ရှားပါ၊ အစထွက်လာနိုင်သည့် အကြောင်းအရာများ သို့မဟုတ် မမျှော်လင့်ထားသော တုံ့ပြန်မှုများကို သိရှိနိုင်ရန် ဂရုတစိုက်နားထောင်ပါ။

ထိုလူအနေနှင့် ပူဆွေးဝမ်းနည်းမှု လက္ခဏာများ ပြလာပါက မေးမြန်းမှုကို ဆိုင်းငံ့ပြီး တည်ငြိမ်သော အပြုအမူကို ပြမူပါ၊ ပြုကျင့်ပါ။ အကြောင်းအရာကိုပြောင်းပြောပါ၊ အနားယူပါ။ ထိုလူကို ၎င်းတို့၏ပံ့ပိုးကူညီသူ/အုပ်ထိမ်းသူနှင့် ဆွေးနွေးတိုင်ပင်ခွင့် ပြုပါ။ ဤသို့ ဆွေးနွေးပြီးနောက် လိုအပ်ပါက မေးမြန်းခြင်းလုပ်ငန်းစဉ်ကို အဆုံးသတ်ရန် အလေးအနက်စဉ်းစားပါ။

လိုအပ်လျှင်လိုအပ်သလို လိုက်လျောညီထွေဖြစ်အောင် သင်၏ချဉ်းကပ်ပုံ၊ နည်းလမ်းများ၊ မေးခွန်းမေးမြန်းမှုများကို လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ပြောင်းလဲပါ။ အဖြစ်အပျက်များကို မှတ်မိသည့်အစီအစဉ်နှင့် အဖြစ်အပျက်များကို ပြန်လည်ဖော်ပြ သည့် ကိစ္စနှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်ကို လွတ်လပ်စွာ ရွေးချယ်မှုပေးပါ။

လုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် အကဲဖြတ်သုံးသပ်မှုတစ်ခု ပြုလုပ်ပြီး ဆေးကုသမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ကဲ့သို့သော လူတစ်ဦးအတွက် ပံ့ပိုးကူညီမှုအစီအမံများကို အကောင်အထည်ဖော်ရန် လိုအပ်မှုရှိ၊မရှိ ဆွေးနွေးပါ။ ထိုသို့လုပ်ဆောင်ရာတွင် စိတ်ပညာရှင်တစ်ဦး၏ ပံ့ပိုးကူညီမှုရရှိလျှင် အကောင်းဆုံးဖြစ်သည်။

---

[20] အခန်း ၄ နှင့် အခန်း ၅(က) ရှိ ယေဘုယျထည့်သွင်းစဉ်းစားချက်များကို ကြည့်ပါ။

## လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများ (SGBC) ကြောင့် နစ်နာခံစားရသူများ[21]

လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု ရာဇဝတ်မှုများတွင် မုဒိမ်းမှု၊ လိင်ကျွန်ပြုမှု၊ အတင်းအဓမ္မ ပြည့်တန်ဆာအဖြစ် စေခိုင်းမှု၊ အတင်းအဓမ္မ ကိုယ်ဝန်ဆောင်စေမှု၊ အတင်းအဓမ္မ လက်ထပ်ထိမ်းမြားမှု၊ အတင်းအဓမ္မ သားကြောဖြတ်မှု၊ အတင်းအကြပ် ဝတ်လစ်စလစ်နေခိုင်းမှု၊ ကျားမဆိုင်ရာ နှိပ်စက်ညှဉ်းပန်းမှု၊ စသည်တို့ ပါဝင်သည်။ ထိုကဲ့သို့သော ပြစ်မှုများသည် အမျိုးသား သို့မဟုတ် အမျိုးသမီးများအပေါ် ကျူးလွန်နိုင်ပြီး ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားသည့် အခြေအနေများတွင်သာ ဖြစ်ပွားနိုင်သည်မဟုတ်ပါ။ ၎င်းတို့တွင် လူတစ်ဦး၏ ကျား/မ ခံယူမှုနှင့် လိင်စိတ်တိမ်းညွတ်မှုတို့ကို ပစ်မှတ် ထားသည့် ရာဇဝတ်မှုများလည်း ပါဝင်သည်။ နှိပ်စက်ညှဉ်းပန်းမှု သို့မဟုတ် အခြားလူမဆန်စွာပြုမူမှု သို့မဟုတ် ရက်စက်ကြမ်းကြုတ်စွာ ဆက်ဆံမှု သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်မှုကဲ့သို့သော အခြားရာဇဝတ်မှုများသည် လိင်ပိုင်းဆိုင်ရာ တားမြစ်ပိတ်ပင်ထားသည့် လုပ်ရပ်အပြုအမူများအပေါ် အခြေခံ၍ ဖြစ်ပွားနိုင်သည်။

SGBC မှတ်တမ်းတင်ခြင်းသည် (လူမှုအသိုင်းအဝိုင်းအတွင်း အရှက်ရခြင်း၊ မိသားစုနှင့်/သို့မဟုတ် အသိုင်းအဝိုင်းမှ အကျဉ်ခံရခြင်း၊ တရားမျှတမှုနှင့် ပံ့ပိုးမှုယန္တရားများကို လက်လှမ်းမီမှု မရှိခြင်း၊ လက်စားချေခံရမည်ကို ကြောက်ရွံ့ခြင်း၊ အတိတ်က အကြမ်းဖက်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများရှိခြင်း၊ မိမိကိုယ်ကိုအပြစ်တင်ခြင်း၊ စသည်တို့ကြောင့်) မကြာခဏဆိုသလို သတင်းပို့တိုင်ကြားမှုနည်းပါးခြင်း သို့မဟုတ် လုံးဝသတင်းပို့တိုင်ကြားခြင်းမရှိသည့် ထူးခြားသည့် စိန်ခေါ်မှုများရှိပါသည်။ SGBC ကို မှတ်တမ်းတင်သည့်အခါ အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် "ထိခိုက်မှုမရှိစေရ" မူကို အထူးသတိရှိရန် လိုအပ်ပြီး လူတစ်ဦးချင်းစီကို ရည်ညွှန်းနိုင်သည့် အကူအညီနှင့် ပံ့ပိုးမှုဝန်ဆောင်မှုများကို တက်ကြွစွာရှာဖွေဖော်ထုတ်ရန် လိုအပ်ပါသည်[22]။ ထို့အပြင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ရပ်ရွာအသိုင်းအဝိုင်းနှင့် (ဥပမာ - ဒေသဆိုင်ရာခေါင်းဆောင်များ၊ ရပ်ရွာဝန်ဆောင်မှုအဖွဲ့အစည်းများ၊ ဆေးဘက်ဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့) အဖွဲ့အစည်းများနှင့် လက်တွဲ၍ ပံ့ပိုးကူညီမှုများ၊ လှုံ့ဆော်စည်းရုံးမှုလုပ်ငန်းများ ဆောင်ရွက်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း အရှက်ရခြင်း၊ ဖယ်ကျဉ်းခြင်းတို့ကို လျှော့ချခြင်း၊ ဖြစ်နိုင်ခြေရှိသော ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ ဖော်ထုတ်ခြင်း၊ ဝန်ဆောင်မှုများပေးခြင်း၊ SGBC ခံရသူများအနေနှင့် မိမိတို့တွေ့ကြုံခံစားခဲ့ရသည်များကို ရှေ့ထွက်ထုတ်ဖော်ပြောဆိုမှုကိုအားပေးသည့် အဝန်းအဝိုင်းတခုကို ဖန်တီးခြင်းများဆောင်ရွက်နိုင်ပါသည်။

SGBC ခံရသူများသည် ထိခိုက်ခံစားလွယ်သော အခြေအနေတွင် ရှိနေနိုင်သလို စိတ်ဒဏ်ရာလည်းရှိနိုင်သည်။ ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်အညီ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် SGBC ခံရသူ တစ်ဦးထံမှ ကနဦး ယေဘုယျပြောဆိုချက် ရယူရန် လိုအပ်ပါက ကာယကံရှင်သည် ထိုသို့ပြောပြရန် သင့်လျော်မှု ရှိမရှိ၊ မည်သို့သောအခြေအနေမျိုးတွင် လုပ်ဆောင်မည်ကို သတ်မှတ်ရန် ထိခိုက်နိုင်မှုအကဲဖြတ်မှုဖြင့် စတင်ပါ။

---

[21] Global Code of Conduct for Gathering and Using Information about Systematic and Conflict-Related Sexual Violence (the Murad Code), 13 April 2022; United Kingdom Foreign and Commonwealth Office – 'International Protocol on the Documentation and Investigation of Sexual Violence in Conflict', 2nd edition 2017; Women's Initiatives for Gender Justice – 'The Hague Principles on Sexual Violence', 2019; Institute for International Criminal Investigations – 'Guidelines for investigating conflict-related sexual and gender-based violence against men and boys', 2016; World Health Organization – Ethical and safety recommendations for researching, documenting and monitoring sexual violence in emergencies, 2007. ကိုလည်းကြည့်ပါ။

[22] အခန်း ၄ ကိုကြည့်ပါ။

SGBC ခံရသူထံမှ ကနဦး ယေဘုယျပြောဆိုချက်ကို ရယူသည့်အခါတွင် ထိခိုက်ခံစားလွယ်သူများအတွက် အထက်ဖော်ပြပါ ယေဘုယျလမ်းညွှန်ချက်များအပြင် အောက်ပါတို့ကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

- မေးခွန်းမေးမည့်သူနှင့် စကားပြန်များသည် နစ်နာခံစားရသူများအပေါ် စိတ်ဒဏ်ရာသက်ရောက်နိုင်ခြေများကို နားလည်ပြီး၊ SGBC ခံရသူကို မေးခွန်းမေးခြင်းနှင့်ပတ်သတ်၍ လုံလောက်သည့်လေ့ကျင့်သင်ကြားမှုနှင့် အတွေ့အကြုံရှိပါစေ။ လိုအပ်ပါက စိတ်ပညာရှင် သို့မဟုတ် အခြား စိတ်ကျန်းမာရေးအထူးကုဆရာဝန်သည် နစ်နာခံစားရသူကိုကူညီရန် အဖွဲ့တွင်ပါဝင်သင့်သည်။[23]
- စကားလုံး အသုံးအနှုန်းနှင့် လိင်၊ လိင်ပိုင်းဆိုင်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရည်ညွှန်းပြောဆိုရတွင် ဒေသဓလေ့ထုံးတမ်း နှင့် ယဉ်ကျေးမှုအရ လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ပါ။ လိင်ပိုင်းဆိုင်ရာ အပြုအမူများကို ရည်ညွှန်းသည့်အခါ သို့မဟုတ် နှုတ်မှမဟုတ်ဘဲ အချက်ပြသောလက္ခဏာများ အပါအဝင် လူ့ခန္ဓာကိုယ်၏ အချို့သော အစိတ်အပိုင်းများကို ရည်ညွှန်းသည့်အခါ နစ်နာခံစားရသူများအနေနှင့် အသုံးပြုသည့် ဝေါဟာရကို သတိပြုပါ။ ပြောဆိုချက်နှင့် သက်ဆိုင်သည့် ခန္ဓာကိုယ်အစိတ်အပိုင်း များကို ခွဲခြားသတ်မှတ်ရာတွင် နစ်နာခံစားရသူများကို အထောက်အကူပြုရန်အတွက် လိုအပ်လျှင်လိုအပ်သလို ခန္ဓာကိုယ်ပုံများကို အသုံးပြုပါ။ မသဲကွဲမှုများကို ရှောင်ရှားရန် အသုံးပြုသည့် အချို့သောဝေါဟာရများ၏ အဓိပ္ပာယ်ကို သေချာရှင်းလင်းစွာ ရှင်းပြပါ။
- လုပ်ငန်းစဉ်အတွင်း ကျူးလွန်ခံရချိန်တွင် စုဆောင်းထားနိုင်သည့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ (ဥပမာ အဝတ်အစား) နှင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် မှုခင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ နစ်နာခံစားရသူကို မေးမြန်းပါ။ ထိုအရာများ ရှိနေပါက သင့်လျော်စွာ ထိန်းသိမ်းစောင့်ရှောက်မည့် နည်းလမ်းများကို အကြံဉာဏ်ပေးပါ။ အရည်အချင်းရှိသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များသည် နောင်တွင် ယင်းပစ္စည်းများကို စုဆောင်းရန် ခွင့်ပြုချက်တောင်းခံနိုင်ကြောင်း အသိပေးပါ။ ဖြစ်နိုင်ပါ (ဖြစ်နိုင်လျှင် ၇၂ နာရီအတွင်း) ဆေးစစ်မှုပြုလုပ်ရန်နှင့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို စုဆောင်းရန် အတွက် နစ်နာခံစားရသူကို ဆရာဝန် သို့မဟုတ် မှုခင်းဆေးစစ်သူထံသို့ ရည်ညွှန်းပေးပါ။ နစ်နာခံစားရသူအနေနှင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် မှုခင်းဆေးစစ်မှုဆိုင်ရာ အချက်အလက်များကို အရည်အချင်းပြည့်မီသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ အာဏာပိုင်များနှင့် မျှဝေရန် သဘောတူမှုရှိမရှိ မေးမြန်းပါ။

အမျိုးသား SGBC - ကိစ္စများတွင် အမျိုးသားနှင့် ယောကျ်ားလေးများကို SGBC ခံရသူများအဖြစ် သတင်းပို့တိုင်ကြားခြင်းသည် အမျိုးသမီးများအပေါ်ပြစ်မှုကျူးလွန်သည့် တိုင်ကြားမှုများထက် ပို၍နည်းသည်။

အကြောင်းမှာ အချို့သောနောက်ခံအခြေအနေများတွင် အမျိုးသား SGBC ဖြစ်ခြင်းသည် မပြောအပ်သောကိစ္စရပ်တစ်ခုဖြစ်သည်။ ခံရသူအနေနှင့် အားနည်းခြင်းနှင့် 'ယောကျ်ားမပီသခြင်း'၊ မိသားစု သို့မဟုတ် မိမိအသိုင်းအဝိုင်း

---

[23]အခန်း ၄(ခ) တွင် လူတစ်ဦးပြောဆိုချက်အပေါ် စိတ်ဒဏ်ရာ၏ သက်ရောက်နိုင်ခြေများဆိုင်ရာ လမ်းညွှန်ချက်ကို ကြည့်ပါ။

ကို ကာကွယ်နိုင်စွမ်းမရှိခြင်း ပျက်ကွက်ခြင်းတို့နှင့် ဆက်စပ်နေသောကြောင့်ဖြစ်သည်။ ထိုသို့သော ယုံကြည်မှုများနှင့် ကြောက်ရွံ့မှုများသည် ဤနစ်နာခံစားမှု ဖြစ်သောပုံစံများကို မှတ်တမ်းတင်ရန် ပို၍ပင်ခက်ခဲစေသည်။ အမျိုးသားများသည် အခြားသူများ လိင်ပိုင်းဆိုင်ရာစော်ကားခံနေရခြင်းကို အတင်းအကြပ်မျက်မြင်တွေ့စေခြင်းကြောင့်နှင့်/ သို့မဟုတ် ၎င်းတို့၏ လိင်အင်္ဂါများကို ရည်ရွယ်၍ ရိုက်နှက်ခြင်းတို့ကြောင့် SGBC ခံရသူများ ဖြစ်နိုင် သည်။

- သိသာထင်ရှားသော သို့မဟုတ် ဖြစ်နိုင်ခြေရှိသော နစ်နာခံစားရသူများနှင့် ယုံကြည်မှုတည်ဆောက်ရန် အချိန်ပိုပေးကာ ချက်ခြင်းမမြင်နိုင်သော စိတ်ဒဏ်ရာကို ကိုင်တွယ်ဖြေရှင်းရန် ပြင်ဆင်ပါ။ စိတ်ဒဏ်ရာ ဖြစ်နိုင်ချေရှိသော လက္ခဏာများကို သတိပြုပါ - ခန္ဓာကိုယ်အမူအရာ ကျုံ့ခြင်း (Closed-off body language)၊ မျက်လုံးချင်းဆုံကြည့်ခြင်းကို အနည်းငယ်သာ လုပ်ဆောင်ခြင်း၊ ထိုင်၍မနေလိုခြင်း၊ ခါးနာသည်ဟု ညည်းညူခြင်း၊ လိင်တူချစ်သူများကို မုန်းခြင်း၊ မူးယစ်ဆေးဝါး/အရက်စွဲခြင်း၊ HIV ရှိခြင်း၊ အထီးကျန်သော လက္ခဏာများရှိခြင်း၊ လိင်ကိစ္စကို စိတ်မဝင်စားကြောင်း ဖော်ပြခြင်း။
- အကူအညီနှင့် ပံ့ပိုးမှုများသည် လက်လှမ်းမမီနိုင်ခြင်း သို့မဟုတ် မရှိနိုင်ခြင်း ဖြစ်နိုင်သည်။ လုပ်ငန်းစဉ် မတိုင်မီနှင့် ပြင်ဆင်မှု အဆင့်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျွမ်းကျင်သောအဖွဲ့များ၊ ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ အမျိုးသား SGBC ခံရသူများအတွက် အကူအညီပေးနိုင်ဖွယ်ရှိသည့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ရွာ အသိုင်းအဝိုင်းများကို ရှာဖွေဖော်ထုတ်သတ်မှတ်ပါ။
- လိင်တူဆက်ဆံခြင်းကို ရာဇဝတ်မှုဟု သတ်မှတ်သည့် သို့မဟုတ် လိင်တူဆက်ဆံခြင်းကို ပြစ်တင်ရှုံ့ချမှုများ မြင့်မားလာသည့် အခြေအနေများတွင် တရားစွဲခံရမည့် စိုးရိမ်ကြောက်ရွံ့မှုကို ကိုင်တွယ်ဖြေရှင်းပါ။

## ကလေးသူငယ်များ[24]

(အသက် ၁၈ နှစ်အောက်) ကလေးသူငယ်များကို အရည်အချင်းရှိသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များအတွက် လုပ်ဆောင်နေသည့် အထူးပြုလေ့ကျင့်ထားပြီး အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများက တစ်ကြိမ်သာ မေးမြန်းသင့်သည်။ အကြောင်းမှာ ကလေး၏ကျန်းမာရေးနှင့် ပြောဆိုချက်ခိုင်မာပြည့်စုံမှုကို ကာကွယ်ရန်ဖြစ်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကလေးသူငယ်များထံမှ ပြောဆိုချက်များကို မယူသင့်ပါ။

ယင်းအစား အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကလေး၏ ကိုယ်ရေးရာဇဝင်နှင့် ဆက်သွယ်ရန် အချက်အလက် များကို စုဆောင်းပြီး ကလေးအနေနှင့် ၎င်းကြုံတွေ့ခဲ့ရသော သို့မဟုတ် မျက်မြင်တွေ့ခဲ့ရသော အကြောင်းအရာအတွက် ကနဦး ယေဘုယျပြောဆိုချက်ကိုရယူရန် ကလေး၏အနားရှိ (မိဘများ၊ ကြည့်ရှုစောင့်ရှောက်သူများ၊ ဆရာဝန်များစသည့်) သူများနှင့် ထိတွေ့ဆက်ဆံရန် အကြံပြုသည်။ နောင်တချိန်အင်တာဗျူး အဆင်ပြေချောမွေ့စေရန်အတွက် ဤအချက်အလက်များကို အရည်အချင်း ပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေး ရရချင်း ပေးပို့သင့်ပါသည်။

[24] ကလေးသူငယ်များနှင့် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အသေးစိတ်အချက်အလက်များအတွက် UNITAD Trauma-Informed Investigations Field Guide, Part 4.5. ကိုကြည့်ပါ။ https://www.ncbi.nlm.nih.gov/pmc/articles/PMC2180422/ ရှိ NICHD Protocol ကိုလည်းကြည့်ပါ။

ခြွင်းချက် အခြေအနေများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်နှင့်အညီ ကလေးထံမှ ယေဘုယျပြောဆိုချက်ရယူခြင်းသည် ထိုကလေး၏ အကျိုးစီးပွားအတွက် အကောင်းဆုံး လုပ်ဆောင်မှုဖြစ်သည် (ဥပမာ - နောင်တချိန်တွင် ပြန်လည်ရနိုင်ဖွယ်မရှိသည့်၊ ပျောက်ဆုံးသွားနိုင်သော ထူးခြားသည့်အချက်အလက်များကို ထိုကလေးက ပိုင်ဆိုင်ထားသည်ဟု) အကဲဖြတ်သုံးသပ်ပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။

ကလေးများကို မေးခွန်းမေးရန်၊ မမေးရန် အကဲဖြတ်သည့်အခါ ၎င်းတို့၏ အသက်၊ ဖွံ့ဖြိုးတိုးတက်မှု၊ ရင့်ကျက်မှုအဆင့်၊ စွမ်းဆောင်ရည်၊ ထိခိုက်နိုင်မှုများကို ဂရုတစိုက် စဉ်းစားပါ။ ယင်းသို့ဆုံးဖြတ်ရာတွင် ကလေး၏အမြင်များ၊ မိဘများ သို့မဟုတ် ၎င်းကိုကြည့်ရှုစောင့်ရှောက်ပေးသူများ၏ အမြင်များမှ ရရှိထားသည့် အချက်များဖြင့် ကလေး၏ အကျိုးစီးပွားအတွက် လုပ်ဆောင်ခြင်းသည် အရေးကြီးဆုံးဖြစ်သည်။

ကလေးများသည် အထူးသဖြင့် ထိခိုက်ခံစားလွယ်ပြီး ၎င်းတို့အနေနှင့် အကြမ်းဖက်မှုတို့ဖြင့် ထိတွေ့မှုကြောင့် အထူးအန္တရာယ် များ ကြုံတွေ့ရနိုင်သည်။ စိတ်ဒဏ်ရာ ခံစားရသော ကလေးများသည် ဖွံ့ဖြိုးမှုဆုတ်ယုတ်ခြင်း သို့မဟုတ် အာရုံစူးစိုက်မှု နည်းပါးခြင်း သို့မဟုတ် မှတ်ဉာဏ် ဆုံးရှုံးခြင်း သို့မဟုတ် မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်း မရှိခြင်းတို့ ကြုံတွေ့ရနိုင်သည်။ ကလေးနှင့် ထိတွေ့ဆုံရန်လိုအပ်သည်၊ မလိုအပ်သည်ကို ဆုံးဖြတ်သည့်အခါနှင့် ကလေး၏ အကျိုးစီးပွားအတွက် ဆုံးဖြတ်သည့်အခါတွင် ဤအချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ကလေးထံမှ ပြောဆိုချက် ရယူရန်အတွက် အန္တရာယ်များကို ဂရုတစိုက်အကဲဖြတ်ပြီး ကြိုတင်ပြင်ဆင်ပါ။ ကလေးများကို မေးခွန်းထုတ်ရာတွင် ကျွမ်းကျင်သည်ဟု အသိအမှတ်ပြုထားသော ပုဂ္ဂိုလ်များက မေးခွန်းမေးရန် လိုအပ်ကြောင်း ဆင်ခြင်ပါ။

လုပ်ငန်းစဉ်မစမီ ကလေးသည် အလွန်အမင်း အနုတ်လက္ခဏာဆောင်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှုမရှိဘဲ မေးခွန်း မေးမြန်းနိုင်စွမ်းရှိမရှိ၊ မည်သည့်ပံ့ပိုးကူညီမှု အစီအမံများပြုလုပ်ရန်လိုအပ်ကြောင်း သိရှိရန်အတွက်နှင့် ကလေး၏ကောင်းကျိုး သုခအတွက် အန္တရာယ်ဖြစ်စေနိုင်မှုကို အကဲဖြတ်ရန် စိတ်ပညာရှင်တစ်ဦးအား ထိခိုက်နိုင်မှု အကဲဖြတ်ချက်တစ်ခု ပြုလုပ်ခိုင်းရမည်။

အသိပေးသဘောတူချက် - ကလေး၏မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့် ဦးစွာထိတွေ့ပြီး လုပ်ငန်းစဉ်နှင့်ဖြစ်နိုင်ခြေအန္တရာယ်များကို အပြည့်အစုံရှင်းလင်းချက်ပေးပါ။ မေးခွန်းမေးခြင်း မစတင်မီ၊ လုပ်ငန်းစဉ်တွင် ကလေးပါဝင်ရန် ၎င်းတို့၏အသိပေးသဘောတူညီချက်ကို ရယူပါ။ ကလေး၏ အသက်အရွယ်နှင့် နားလည်မှုအဆင့်အလိုက် လိုအပ်သောရှင်းပြချက်ကို ပေးဆောင်ကာ ကလေးနှင့်လည်း ထိတွေ့ဆက်ဆံပြီး လုပ်ငန်းစဉ်တွင် ပါဝင်လိုခြင်းရှိမရှိကို ကလေးအား ဆုံးဖြတ်နိုင်ပါစေ။ မိဘ (များ) သို့မဟုတ် အုပ်ထိန်းသူမရှိသည့်အခါ ကလေး၏ကောင်းကျိုးအတွက် အခြားအစီအမံများကို စဉ်းစားပါ။

၎င်းတို့၏မိဘ (များ) သို့မဟုတ် တရားဝင်အုပ်ထိန်းသူမပါဘဲ အရွယ်မရောက်သေးသူများနှင့် ထိတွေ့ဆက်ဆံခြင်းကို ရှောင်ကြဉ်ပါ။ အထူးသဖြင့် အလွန်ငယ်ရွယ်သော ကလေးများအတွက် လုပ်ငန်းစဉ်လုပ်ဆောင်ရာတွင် မိဘများအနေနှင့် သူတို့ကလေးနှင့်အတူ ရှိနေခွင့်ရှိပြီး၊ အတူလည်းရှိနေနိုင်သည်။ မည်သို့ပင် ဖြစ်စေကာမူ ၎င်းတို့သည် (ဥပမာ - ကလေးအား အနားယူရန် လိုအပ်ကြောင်း ထောက်ပြခြင်းကဲ့သို့) ကလေး၏ကျန်းမာရေးကို စောင့်ကြည့်ခြင်းဖြင့် လုပ်ငန်းစဉ်ကို အထောက်အကူပေးနိုင်သော်ငြားလည်း မေးခွန်းမေးမြန်းခြင်းတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တောင်းဆိုထားသင့်သည်။

ကလေး၏အသက်အရွယ်နှင့် ဖွံ့ဖြိုးတိုးတက်မှုအလိုက် သင့်လျော်သောစကားအသုံးအနှုန်းကို အသုံးပြုပြီး ကလေးအတွက် အဆင်ပြေသောပတ်ဝန်းကျင်ကို ဖန်တီးပါ။ လုပ်ငန်းစဉ်အပေါ် ကလေးအနေနှင့် စိတ်ချယုံကြည်ပြီး အဖြေမှန်သည် မှားသည်မရှိကြောင်း ရှင်းပြပြီး အသင့်လျော်ဆုံးဖြစ်ပါက 'ကျွန်တော်မသိဘူး' ဟုဖြေဆိုရန် အားပေးပါ။

အဓိကအားဖြင့် အပွင့်သဘောမေးခွန်းများကို အသုံးပြုပြီး မေးခွန်းမေးခြင်းကို အနည်းဆုံးလိုအပ်သလောက်သာ ထားရှိပြီး (ကလေးတွင် သက်ဆိုင်ရာအချက်အလက်များရှိမရှိနှင့် မျက်မြင်သက်သေဖြစ်နိုင်ချေရှိမရှိကို အကဲဖြတ်ပါ) ကလေးများကို အကြံပြုသည့်သဘောဆောင်သော မေးခွန်းများက သြဇာလွှမ်းမိုးနိုင်သည်ကို သတိပြုပါ။

ကလေး၏ကျန်းမာရေးကို ပုံမှန်စောင့်ကြည့်ပြီး ကလေးခံစားရနိုင်သည့် မည်သည့်အခက်အခဲကိုမဆို ဖြေရှင်းပါ။ ကလေးများကို အနားယူချိန်ပေးပြီး သင်၏ချဉ်းကပ်မှုနည်းနိဿယကို ကလေးငယ်များအတွက် အလိုက်အထိုက် ပြုပြင်ပြောင်းလဲပါ (ဥပမာ - ပေါ့ပေါ့ပါးပါး အလွတ်သဘော ကိုယ်ဟန်အမူအရာများ အသုံးပြုခြင်း)

SGBC ခံရသူကလေးတစ်ဦးကို မေးခွန်းထုတ်ခြင်းသည် အလွန်ရှုပ်ထွေးနက်နဲသည့်အလုပ်ဖြစ်သည်။ ကလေများ သည် သူတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများနှင့် သူတို့ခံစား ခဲ့ရသည်များကို ဖော်ပြရန်အတွက် သီးခြားစကားလုံး အသုံးအနှုန်းမျိုးကို အသုံးပြုနိုင်သည်။ အချို့သော ကလေးတို့သည် မိမိတို့ခံစားခဲ့ရသောဝေဒနာဒုက္ခကို နားမလည် နိုင်ခြင်းလည်းရှိသည်။ အချို့မှာ လူကြီးများကို ကဲ့ရဲ့ရှုံ့ချပြစ်တင်ရန် ကြောက်ရွံ့ကြလိမ့်မည်။ SGBC ခံရသူ ကလေးများကို အထူးပြုလေ့ကျင့်ထားသော အတွေ့အကြုံရှိသည့် ပညာရှင်များကသာ တစ်ကြိမ်တည်း မေးခွန်း မေးမြန်းသင့်သည်။

SGBC ခံရသူကလေး မည်သူမည်ဝါဖြစ်ကြောင်း သိရှိပါက ၎င်းတို့ကို မေးမြန်းခြင်းမှ ရှောင်ကြဉ်ပြီး ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်နှင့် သင့်လက်ဝယ်တွင်ရှိထားပြီးသားဖြစ်သည့် အချက်အလက်များကို မှတ်တမ်းတင်ပြီး ကျူးလွန်ခံရသူကို အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ လွှဲပြောင်းပေးပါ။

## ရာဇဝတ်မှု ကျူးလွန်ကောင်း ကျူးလွန်နိုင်ခဲ့သူများ

သတင်းအချက်အလက်ခိုင်မာပြည့်စုံမှုကို ထိန်းသိမ်းရန်နှင့် အဖွဲ့ဝင်များ ဘေးကင်းလုံခြုံစေရန်၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများသည် ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူနှင့် ထိတွေ့ဆက်ဆံခြင်း လုပ်ရန်၊ မလုပ်ရန် စဉ်းစားသည့်အခါတွင် ၎င်းတို့အနေဖြင့် တိကျသောအန္တရာယ် အကဲဖြတ်မှုလုပ်နိုင်ပါစေ။

တွေ့ဆုံခြင်း သို့မဟုတ် မေးခွန်းမေးမြန်းခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ရပါက ရာဇဝတ်မှုကျူးလွန်သည်ဟု သံသယရှိသော အုပ်စုတစ်စုအတွင်း ရာဇဝတ်မှုတွင် ထိုသူ၏ ကိုယ်တိုင်ပါဝင်ပတ်သက်မှု သို့မဟုတ် အခန်းကဏ္ဍနှင့်ပတ်သက်သည့် အချက်အလက်များကို တွန်းတွန်းတိုက်တိုက် မတောင်းဆိုပါနှင့်။

အကယ်၍ လူတစ်ဦးသည် ရာဇဝတ်မှုတစ်ခုတွင် ကိုယ်တိုင် ပါဝင်ပတ်သက်သည့် အချက်အလက်များကို ၎င်းဆန္ဒအလျောက် ထုတ်ဖော်ပြောဆိုလာပါက၊ ရှေ့ဆက် မေးမြန်းဆွေးနွေးမှုမပြုမီ လုံခြုံရေးအခြေအနေကို ပြန်လည်အကဲဖြတ်ပါ။

ထိုသို့ပြုလုပ်ရန် ဘေးကင်းလုံခြုံမှုရှိပါက (တွေ့ဆုံမေးမြန်းမှုကို အဆုံးသတ်ပြီးနောက် အပါအဝင်) ရာဇဝတ်မှုတစ်ခုတွင် ၎င်းကိုယ်တိုင် ပါဝင်ပတ်သက်သည့် အချက်အလက်များကို မှတ်တမ်းတင်ပါ။ ထိုသို့မှတ်တမ်းရာတွင် ဤအချက်အလက်ကို မိမိဆန္ဒအလျောက် ထုတ်ဖော်ပြောကြားသည့် အခြေအနေအခင်းအကျင်းများနှင့် ထိုပုဂ္ဂိုလ် အသုံးပြုခဲ့သော စကားလုံးအသုံးအနှုန်းကို အတတ်နိုင်ဆုံး အတိအကျ ထင်ဟပ်ပါ။

# ၆. ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ခြင်း[25]

အောက်ဖော်ပြပါအချက်များသည် ရာဇဝတ်မှုများကို မှတ်တမ်းတင်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ် ရည်ရွယ်ချက်များအတွက် အချက်အလက်စုဆောင်းရန် ရည်ရွယ်သည့် လုပ်ငန်း ဆောင်ရွက်မှုများ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများရိုက်သည့်အခါ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ လိုက်နာရန် အကြံပြုထားသည့် အခြေခံစံနှုန်းများကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်သည်။

## ပဏာမခြေလှမ်းများ

"ထိခိုက်မှုမရှိစေရ" မှုကို နှလုံးသွင်းပြီး လုံခြုံရေးကို ဦးစွာအကဲဖြတ်ပါ။ မှတ်တမ်းတင်သူများ၊ ၎င်းတို့၏အဖွဲ့များ၊ သတင်းအချက်အလက်ပေးသူများ သို့မဟုတ် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သူတိုင်းအတွက် အန္တရာယ်မကင်းပါက၊ ဗီဒီယိုရိုက်ခြင်း သို့မဟုတ် ဓာတ်ပုံရိုက်ခြင်း မပြုပါနှင့်။

လူများ၊ အချို့သောဖြစ်ရပ်များ၊ တည်နေရာများကို ဓါတ်ပုံရိုက်ကူးခြင်း သို့မဟုတ် ဗီဒီယိုရိုက်ကူးခြင်းကို ထိန်းကျောင်းထားသည့် သက်ဆိုင်ရာ ဥပဒေမူဘောင်ကို သတိပြုပါ။ လုံခြုံစိတ်ချရပြီး သင့်လျော်သည့်အခါတိုင်း ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူး ခံမည့်သူများ၏ အသိပေး သဘောတူညီချက်ကို ဦးစွာရယူပါ။

သင့်လျော်သော ပစ္စည်းကိရိယာကို ရွေးချယ်ပါ - resolution စွမ်းရည်၊ အချက်အလက်ကို စကားဝှက် (encrypt) လုပ်နိုင်စွမ်း၊ သက်ဆိုင်ရာဆက်စပ် metadata ကို အလိုအလျောက် မှတ်တမ်းတင်နိုင်စွမ်းနှင့် ရုပ်ပုံများ၏ ထိန်းသိမ်းမှုကွင်းဆက်နှင့် ပုံများ၏မူလ အရည်အ သွေးကို ထိန်းသိမ်းနိုင်မည့် အစီအမံများကို ထည့်သွင်းစဉ်းစားပါ။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံတကာရာဇဝတ်မှုများကို မှတ်တမ်းတင်ရန် ရည်ရွယ်ချက်အတွက် တီထွင်ထားသည့် application များကို အသုံးပြုရန် စဉ်းစားပါ။

ဓာတ်ပုံ/ဗီဒီယိုနှင့် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် မှတ်တမ်းတစ်ခု ဖန်တီးပါ - လုပ်ဆောင်ချက်နှင့် အသုံးပြုသည့် နည်းစနစ်ကို ဖော်ပြပါ။ ရက် (များ) နေရာ (များ) ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးသူများနှင့် အခြားပါဝင်သူများနှင့် ၎င်းတို့၏ အခန်းကဏ္ဍအပါအဝင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ခွဲခြားသတ်မှတ်ပါ။ ဓာတ်ပုံနှင့် ဗီဒီယိုတစ်ခုစီကို စာရင်းပြုစု၍

[25] Witness, 'Video as Evidence Field Guide', 2016; Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.1.3, p. 75. ကိုလည်း ကြည့်ပါ။

ရှင်းရှင်းလင်းလင်း ခွဲခြားသတ်မှတ်ပြီး သင့်လျော်သော ထိန်းသိမ်းမှုကွင်းဆက်ကို သေချာစေရန်အတွက် ၎င်းတို့အား မည်ကဲ့သို့ အစီအစဉ်တကျ ထိန်းသိမ်းထားရှိမည်ကို ဖော်ပြပါ (နောက်ဆက်တွဲ ၂ တွင်' ထိန်းသိမ်းမှုကွင်းဆက်ပုံစံ 'ကို ကြည့်ပါ)။ ထိုမှတ်တမ်းများကို ပုံများကို ရိုက်ယူနေစဉ် သို့မဟုတ် ရိုက်ယူပြီးနောက် တတ်နိုင်သမျှ အမြန်ဆုံး ပြုစုရန် ကြိုးစားပါ။

**ဘယ်အရာကို ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးသင့်သည် ဆုံးဖြတ်ပါ**

"ဘာလဲ" နှင့်ပတ်သက်၍ ရိုက်ကူးပါ - ရာဇဝတ်မှု (များ) လွန်ခြင်း၊ ကျူးလွန်ပြီးနောက် နောက်ဆက်တွဲနှင့် အကျိုးဆက် ကျူးလွန်ခံရမှု (အခင်းဖြစ်ရပ်ပေါ် အခြေခံသည့်အချက်အလက်တို့) ပါပြီး ဥပမာ ဆန္ဒပြပွဲများ၊ ဖမ်းဆီးခြင်း၊ ပစ်ခတ်ခြင်း၊ ဖုံးခွဲခြင်း၊ ထိခိုက် နစ်နာသူများ၊ ပစ္စည်းဥစ္စာများ ပျက်စီးခြင်းနှင့် လက်နက် ခဲယမ်းမီးကျောက် အကြွင်းအကျန်၊ စသဖြင့် ပါဝင်သည်။။

"ဘယ်သူလဲ" နှင့်ပတ်သက်၍ ရိုက်ကူးပါ - ရာဇဝတ်မှု (များ) ကို မည်သူ ကျူးလွန်နေသနည်း /ကျူးလွန်ခဲ့သနည်း သို့မဟုတ် ကျူးလွန်သူ (များ) နှင့်ပတ်သက်သည့် အချက်အလက် (ချိတ်ဆက် အချက်အလက်) တို့ပါပြီး ယင်း၌ စစ်သားများနှင့် လက်နက်ကိုင်များ၊ စစ်လက်နက်ပစ္စည်းများ၊ ယူနီဖောင်းများ၊ ယာဉ်များ၊ လိုင်စင်နံပါတ်ပြားများနှင့် စစ်တပ်လှုပ်ရှားမှုများ ပါဝင်သည်။ ပုံများတွင် ဘေးလူများနှင့် မသက်ဆိုင်သော ပုဂ္ဂိုလ်များပါဝင်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါ။

"ဘယ်လိုလဲ"နှင်ပတ်သက်၍ ရိုက်ကူးပါ - ပြစ်မှု (များ) မည်ကဲ့သို့ ကျူးလွန်သည်/ကျူးလွန်ခဲ့သည်နှင့် သက်ဆိုင်သည့် အချက်အလက်မှန်သမျှတို့ပါပြီး ၊လူသိရှင်ကြား တရားဝင်မိန့်ခွန်းများ၊ သက်ဆိုင်ရာအစည်းအဝေးများ၊ ကျူးလွန်သူများက အမိန့်ပေးခြင်း သို့မဟုတ် ဆက်သွယ်ရေး နည်းလမ်းများ အသုံးပြုခြင်းတို့ ပါဝင်နိုင်သည်။

## ဗီဒီယိုနှင့် ဓာတ်ပုံများကို ဘယ်လိုရိုက်မလဲ

ပုံများကို ရိုက်ကူးခဲ့သည့် နေ့၊ အချိန်နှင့် (ဖြစ်နိုင်လျှင် GPS အမှတ် ကိုဩဒိနိတ်များဖြင့်) တည်နေရာ ("ဘယ်အချိန်လဲ" နှင့် "ဘယ်မှာလဲ") မှတ်တမ်းတင်ထားပါ။ နောင်တချိန် အထောက်အထားစိစစ်ခြင်းအတွက် ရိုက်ကူးထားသောပုံများနှင့်စပ်လျဉ်း၍ တည်နေရာ၊ အချိန်၊ GPS ကိုဩဒိနိတ်၊ အသုံးပြုသည့် စက်ပစ္စည်း၊ စသည့် (သက်ဆိုင်ရာ metadata ကို တတ်နိုင်သမျှ မှတ်တမ်းတင်ရန်) သင့်စက်ပစ္စည်းကို ပြင်ဆင်ချိန်ညှိထားပါ။ ပြက္ခဒိန်/နာရီကို ဒေသစံတော်ချိန်အတိုင်း သတ်မှတ်ပါ။ ပထဝီဝင်တည်နေရာကို အလိုအလျောက်ပြောင်းသည့် ခလုတ်၊ ရိုက်ကူးသူနှင့်ဆိုင်သည့်အချက်အလက်များ အလိုအလျောက် ထည့်ပေးသည့် auto ခလုတ်ဖွင့်သင့် မသင့် ကိုစဉ်းစားပါ။

မတူညီသော မြင်ကွင်းများမှ ဓာတ်ပုံများ/ဗီဒီယိုများကို ယူပါ-

အခင်းဖြစ်ပွားရာ နေရာတစ်ခုလုံးနှင့် ယေဘုယျ ပတ်ဝန်းကျင်ကိုပြသသည့် မြင်ကွင်းကျယ်ပုံများ (Panorama) ဖြင့် စတင်ပါ။

တည်နေရာ ၊ လူများ နှင့်/သို့မဟုတ် ပစ္စည်းများကြား အကွာအဝေး ဆက်နွယ်မှုများ၊ (ပစ္စည်းတည်ရှိသည့်နေရာကို အတိအကျ မှတ်တမ်းတင်ရန်) ၎င်းတို့၏ ပတ်ဝန်းကျင်ကို ဖော်ပြသည့် အလယ်အလတ်အကွာအဝေး mid-range မှ ရိုက်ပါ။

(ဥပမာ -အခင်းဖြစ်ပွားရာနေရာရှိ လူများ၊ လိုင်စင်ပြားများ၊ ဒဏ်ရာများ၊ ပစ္စည်းများပေါ်ရှိ စာလုံးများနှင့် အမှတ်အသားများကို

ခွဲခြားသတ်မှတ်ရန်ကဲ့သို့) အဓိကအသေးစိတ်အချက်အလက်များကို) ပြသရန် close-up အနီးကပ်ရိုက်ချက်များဖြင့် အဆုံးသတ်ပါ။ တွေ့ရှိသည့်နေရာ အတိအကျတွင် ပစ္စည်းကို မတူညီသော ရှုထောင့်များမှ ရိုက်ကူးပါ။ ဓာတ်ပုံရိုက်/မှတ်တမ်းတင်ထားသည့် အတိုင်းအတာ အကျယ်အဝန်းများကို ဖော်ညွှန်းပြရန်အတွက် ပေတံ သို့မဟုတ် အခြားသောတိုင်းတာရေး ကိရိယာ တစ်စုံတစ်ခုကို ပစ္စည်း၏ဘေးတွင် ချထားပေးပါ။

ရိုက်ကူးနေစဉ် ရိုက်ကူးသည့်နေရာ၊ ရက်စွဲနှင့် အချိန် (အစနဲ့အဆုံး) အပြင် ရိုက်ကူးသူများ၏ အမည်နှင့် ရိုက်ကူး ခံနေရသည့် မည်သည့်ပုဂ္ဂိုလ်၏ အမည်ကိုမဆို ဖော်ပြပါ။ ရိုက်ကူးနေစဉ်အတွင်း ထိုသို့ပြုလုပ်ရန် မလုံခြုံပါက၊ ရိုက်ကူးမှုတစ်ခုစီနှင့် သက်ဆိုင်သည့် အချက်အလက်များကို တတ်နိုင်သမျှ အမြန်ဆုံး သေချာရယူနိုင်ပါစေ။

နောက်ခံအကြောင်းအရာကို ဖော်ပြပြီး အခင်းအကျင်း နောက်ကွယ်တွင် ဖြစ်ပျက်နေသည်များကို ပြသရန် ၃၆၀ ဒီဂရီ ပတ်လည် မြင်ကွင်းကို ရိုက်ကူးပါ။ ဖြစ်နိုင်ရင် တကွက်တည်း ဆက်တိုက် ရိုက်ကူးပါ။ မဖြစ်နိုင်ပါက ရိုက်ချက်များကို ထပ်ရိုက်ပါ။

## ဗီဒီယိုများနှင့် ဓာတ်ပုံများကို ထိန်းသိမ်းပါ

အထက်ဖော်ပြပါ အချက်အလက်များကို ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုတို့တွင် နည်းပညာ အသုံးပြု၍ အလိုအလျောက် မထည့်နိုင်ပါက သင်ရိုက်ကူးထားသော ပုံများ၏ (စာရင်းဇယား သို့မဟုတ် ဒေတာဘေ့စ်ကဲ့သို့) အကျဉ်းချုပ်တစ်ခု ဖန်တီးရန် စဉ်းစားပါ။ ပုံများရရှိပြီးသည်နှင့်တပြိုင်နက် တတ်နိုင်သမျှ အမြန်ဆုံး ယင်းကဲ့သို့ မှတ်တမ်းတစ်ခု တင်နိုင်အောင် ကြိုးစားပါ။ မည်သည်ဓါတ်ပုံ/ဗီဒီယိုက မည်သည့်အနှစ်ချုပ်ဖော်ပြချက်ကို ရည်ညွှန်းကြောင်း သေချာခွဲခြားသတ်မှတ်နိုင်ပါစေ။ ထင်မြင်ယူဆချက်များ မပါဘဲ (ဘာလဲ၊ ဘယ်မှာလဲ၊ ဘယ်အချိန်လဲ၊ ဘယ်လိုလဲ၊ ဘယ်သူလဲ၊ စသည့်) ပကတိဖြစ်ရပ်မှန်ဖော်ပြချက်များကိုသာ မှတ်တမ်းတင်ပါ။

မူရင်းဒေတာကို ပြုပြင်ပြောင်းလဲမွမ်းမံထားခြင်း သို့မဟုတ် ခြေရာလက်ရာ ဖျက်ထားခြင်း သို့မဟုတ် ယိုယွင်းပျက်စီးခြင်း ရှိ/မရှိ နောင် တချိန်တွင် အလွယ်တကူဆန်းစစ်နိုင်ရန်အတွက် မူရင်းပုံများရှိ ဟက်ရှ်တန်ဖိုး (hash value) ကို တွက်ချက်ပြီး မှတ်တမ်းတင်ပါ။ မူရင်းပုံကို ပြောင်းလဲစေနိုင်သည့် (ဥပမာ - သိမ်းဆည်းခြင်း၊ အခြားသူ များထံ လွှဲပြောင်းခြင်း၊ မှန်ကန်သောကိရိယာများကို အသုံးမပြုခြင်းကဲ့သို့) မည်သို့သော တည်းဖြတ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းများကို မပြုပါနှင့်။ ထိုသို့ ပြင်ဆင်ပါက မူရင်းပုံပါမကဘဲ ၎င်း၏ ဟက်ရှ်တန်ဖိုး (hash value) ပါ ပြောင်းလဲစေနိုင်သည်။ ရိုက်ကူးထားသော ပုံများကို အသုံးပြုရန် သို့မဟုတ် တည်းဖြတ်ရန် လိုအပ်ပါက မူရင်းကို နဂိုအတိုင်း ထိန်းသိမ်းထားရှိ၍ ပုံတူ copy ပွားပြီး ထို copy ကို အသုံးပြု၊ တည်းဖြတ်ပါ။

ပုံများကို တတ်နိုင်သမျှအမြန်ဆုံး ထိန်းသိမ်းသိုလှောင်ရာနေရာသို့ လွှဲပြောင်းပြီး အချက်အလက်အားလုံးကို စကားဝှက် encrypt လုပ်ပါ (ထိန်းသိမ်းမှုနှင့်ပတ်သက်၍ အောက်တွင် အကျယ်တဝင့် ကြည့်ရှုပါ)

## ဂ. ရုပ်ဝတ္ထုပစ္စည်းများ[27]

ရုပ်ဝတ္ထုပစ္စည်း (သို့မဟုတ် ရှေးဟောင်းပစ္စည်း) များသည် သက်ဆိုင်ရာ အချက်အလက်များ၏ အရင်းအမြစ်များ ဖြစ်နိုင်သည်။ ၎င်းတို့တွင် အဝတ်အစားများ၊ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ မိတ္တူစာရွက်စာတမ်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ မီဒီယာဖော်ပြချက်များသာ မကဘဲ အခြားအရာများလည်း ပါဝင်နိုင်သည်။ တရားစီရင်ရေးတွင် အသုံးပြုရန်အတွက် ရုပ်ဝတ္ထုပစ္စည်း များ စုဆောင်းခြင်းကို ၎င်းတို့၏ မူလပကတိ အခြေအနေခိုင်မာပြည့်စုံမှုနှင့် သက်သေခံတန်ဖိုးကို ထိန်းသိမ်းရန်အတွက် ဖြစ်နိုင်ပါက မှုခင်းဗေဒ၊ မှုခင်းဆေးစစ် လုပ်ထုံးလုပ်နည်းများနှင့်အညီ သင့်လျော်သည့် စုဆောင်းခြင်း၊ ကိုင်တွယ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းသိမ်းခြင်းတို့ကိုလုပ်ဆောင်ရမည်။

ယေဘုယျ စည်းမျဉ်းအရ အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ အခွင့်အရေး ရရချင်း တိုက်ရိုက် လွှဲပြောင်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာပစ္စည်းများ လက်ဝယ်ရှိသူများအား ထိုပစ္စည်းများကို လုံခြုံစွာထိန်းသိမ်းစောင့် ရှောက်ရန် အကြံပြုရမည်။

ခြွင်းချက်အခြေအနေများတွင်သာ ထိုသို့သောပစ္စည်းများကို စုဆောင်းသင့်သည်ဟု အကြံပြုလိုပါသည်။။ ထိုအခြေအနေများမှာ - ယင်းသို့ လုပ်ဆောင်မည့် တရားဝင် စုံစမ်းစစ်ဆေးသူများမရှိသည့်အခါ၊ ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်းများ ယိုယွင်းပျက်စီးခြင်း၊ ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံး နိုင်ခြေ ရှိသည့်အခါ " ထိခိုက်မှုမရှိစေရ" မှုကို လေးစားနိုင်သည့် အခါ၊ စုဆောင်းသူသည် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကောင်းစွာ သိရှိထားသည့်အခါတို့ ပါဝင်သည်။

ရုပ်ဝတ္ထုပစ္စည်းများကို ထိတွေ့ကိုင်တွယ်ရာတွင် အောက်ပါအချက်တို့ကို ထည့်သွင်းစဉ်းစားပါ။

---

[27] Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.3.4, p. 92;

သင်ကိုယ်တိုင်၏ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ (သင်လုပ်ငန်းလုပ်ဆောင်နေသည့် နိုင်ငံအပါအဝင်) တည်ဆဲဥပဒေများအောက်တွင် ဖြစ်လာနိုင်ချေရှိသော တာဝန်ခံမှု၊ သင့်လုပ်ဆောင်မှုများကြောင့် စုဆောင်းသိမ်းဆည်းထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် ရုပ်ဝတ္ထုပစ္စည်းများ၏ မူခင်းဗေဒတန်ဖိုးအပေါ် ထိခိုက်သက်ရောက်နိုင်ချေများကို သတိပြုပါ။

သင် (သို့မဟုတ် သင့်အဖွဲ့မှ တစ်စုံတစ်ဦး) သည် အထူးလေ့ကျင့်ထားခြင်း မရှိပါက သင် သို့မဟုတ် အခြားသူများအနေနှင့် (ဥပမာ - သေနတ်၊ ခဲယမ်း မီးကျောက်များ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ဓာတုပစ္စည်းများကဲ့သို့) အန္တရာယ်ဖြစ်စေနိုင်သော ရုပဝ်ဝတ္ထုပစ္စည်းများကို မစုဆောင်းပါနှင့်။ ထို့အတူ သတ်မှတ်ထားသော လုပ်ထုံး လုပ်နည်းများနှင့်အညီ လုပ်ဆောင်ချက်ကို မည်သူတစ်ဦးတစ်ယောက်မှ အန္တရာယ်မဖြစ်စေအောင် လုပ်ဆောင်နိုင်ခြင်းမရှိလျှင်လည်း ထိုသို့ မစုဆောင်းပါနှင့်။

ရုပ်ဝတ္ထုပစ္စည်းကို မည့်သည့်နည်းဖြင့်မှ အသုံးပြုခြင်း သို့မဟုတ် စမ်းသပ်လုပ်ဆောင်ခြင်း မပြုရ။ ဤသည်ကို မှုခင်းဆေးပညာ ကျွမ်းကျင်သူတစ်ဦးကသာ လုပ်ဆောင်သင့်သည်။

ရုပ်ဝတ္ထုပစ္စည်းများ၏ မူလပကတိအခြေအနေ ခိုင်မာပြည့်စုံမှုကိုထိန်းသိမ်းရန် စာရွက်စာတမ်းများအပါအဝင် ရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်သည့်အခါ ပိုးသတ်ထားသော လက်အိတ်များ ဝတ်ဆင်ခြင်းကဲ့သို့သော စွန်းထင်း ညစ်ပေ ပျက်စီးယိုယွင်းမှု ထိန်းချုပ်ရေးအစီအမံများကို တတ်နိုင်သမျှ ကျင့်သုံးပါ။ ရုပ်ဝတ္ထုပစ္စည်းကို ဓာတ်ပုံရိုက်ပါ။[28] ပြီးလျှင် သင့်လျော်သောထုပ်ပိုးမှု ပုံစံကိုရွေးချယ်ပြီး ထိုပစ္စည်းကို အထုပ်ထဲမထည့်မီ ၎င်းကိုတံဆိပ်တပ်ပါ။ [29] ထို့နောက် ထိုပစ္စည်း စုဆောင်းမှုနှင့် ထိန်းသိမ်းမှုကို (ဓာတ်ပုံ /ဗီဒီယို) ပုံများဖြင့် မှတ်တမ်းတင်ပါ။ [30]

ရုပ်ဝတ္ထုပစ္စည်း ပေးအပ်သူ၏ ဆက်သွယ်ရန်အချက်အလက်များ မှတ်တမ်းတင်ပါ။ အဆိုပါပစ္စည်း (များ) ကို အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး တရားစွဲအရာရှိရုံး သို့မဟုတ် နိုင်ငံတော်တရားစီရင်ရေး အာဏာပိုင်များ သို့မဟုတ် အခြားသော တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများထံ လွှဲပြောင်း ပေးအပ်ရန် ကာယကံရှင်၏ သဘောတူညီချက် ရယူပါ။ ပစ္စည်းများပေးအပ်သူအနေဖြင့် အဆိုပါပစ္စည်းများကို သင်နှင့် အခြားသူများ မည်ကဲ့သို့အသုံးပြုမည်၊ ၎င်းကို ထိုပစ္စည်းများ၏ မူလဓာစ်မြစ်အဖြစ် သတ်မှတ်ခံရခြင်'ကြောင့် ဖြစ်ပေါ်လာနိုင်မည့် ပြဿနာအန္တရာယ်များကို သေချာသိရှိနားလည် သဘောပေါက်ပါစေ။ ရုပ်ဝတ္ထုပစ္စည်းများကို လွှဲပြောင်းပေးအပ်ခြင်းသည် ရှင်းပြ အသိပေးထားပြီး ၎င်းတို့၏ဆန္ဒအလျောက် ဆုံးဖြတ်ဖြစ်ပါစေ။ ဖြစ်နိုင်လျှင် ထိုဓာစ်မြစ်ရှင်ပုဂ္ဂိုလ်ကို အသိပေးသဘောတူချက်နှင့် ပစ္စည်းလွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာရက်စွဲပါ စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးရန် တောင်းဆိုပါ။

[28]အခန်း ၁၁ (ဃ) ကို ကြည့်ပါ။

[29]အခန်း ၁၂ ကို ကြည့်ပါ။

[30]အခန်း ၆ ကို ကြည့်ပါ။

အထောက်အထားစိစစ်ခြင်း - ပစ္စည်းတစ်ခု၏စစ်မှန်မှုကို သက်သေပြရန်အတွက် (စာရွက်စာတမ်းများနှင့် ဒစ်ဂျစ်တယ်အချက်အလက် အပါအဝင်) ထပ်တိုးအချက်အလက်များကို ရယူပြီး မှတ်တမ်းတင်ပါ။ ယင်းသို့လုပ်ဆောင်ရန် အောက်ပါအစီအမံများကို ပြုလုပ်ပါ။

ပစ္စည်း၏ဇာစ်မြစ်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင်၊ မည်သည့်ရည်ရွယ်ချက်အတွက် ၎င်းကို ထွက်ပေါ်ထုတ်လုပ်ခဲ့သည်၊ ရရှိခဲ့သည် (ထိန်းသိမ်းမှုကွင်းဆက်ပုံစံ - နောက်ဆက်တွဲ ၂ ကိုကြည့်ပါ) အပါအဝင် ပစ္စည်းပေးအပ်သူအနေနှင့် ထိုပစ္စည်းကို မည့်သို့ လက်ဝယ်ရရှိခဲ့ပြီး မည့်သည့်အကြောင်းကြောင့် အဆိုပါပစ္စည်းကို လွှဲပြောင်း ပေးအပ်ရသည့်အကြောင်းအရင်းဖြစ်စဉ်တို့နှင့် ပတ်သက်၍ ပစ္စည်းပေးသူထံမှ ပြောဆိုချက်ကို မှတ်တမ်းတင်ပါ။

ထိုပစ္စည်းသည် သင့်အရင်းအမြစ်ထံမှမဟုတ်ဘဲ အခြားသူ တစ်ဦးထံမှလာပါက၊ ပစ္စည်းမူရင်းရှင် သို့မဟုတ် စာရွက်စာတမ်းမူရင်းရှင်ကို ရှာဖွေဖော်ထုတ်ရန်ကြိုးစားပါ။ ဖြစ်နိုင်လျှင် အဆိုပါ ပစ္စည်းနှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်ထံမှ ပြောဆိုချက်ကို မှတ်တမ်းတင်ပါ။

ထိုပစ္စည်း၏ စစ်မှန်မှုနှင့် ဇာစ်မြစ်နှင့်ပတ်သက်၍ ထပ်တိုးအချက်အလက်များကို ပေးနိုင်မည့် အခြား ပုဂ္ဂိုလ်များထံမှ ပြောဆိုချက် ရယူခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ထည့်သွင်းစဉ်းစားပါ။

နောက်ထပ်စုံစမ်းမေးမြန်းမှုများကို ဆက်လက် မလုပ်ဆောင်မီ သင်နှင့်သင့်အဖွဲ့တို့အပေါ် ကျရောက်နိုင် မည့် အန္တရာယ်များကို အကဲဖြတ်ပါ။ စာရွက်စာတမ်းများ၏ မူလအစ သို့မဟုတ် ယခင်လက်ဝယ်များကို ဆန်းစစ်သုံးသပ်ပါ။ ထိုသို့သောအန္တရာယ်များသည် လက်ခံနိုင်ဖွယ် အဆင့်တွင်မရှိပါက ရှေ့တိုး ဆက်လက်မလုပ်ဆောင်ပါနှင့်။ ယင်းအစား မှန်ကန်မှုအထောက်အထား စီစစ်နိုင်မည့် အချက်အလက် များကို မှတ်တမ်းတင်ပါ။ ထိုမှတ်တမ်းကို နောက်ဆက်တွဲမေးခွန်းများ ဆောင်ရွက်ရန် ပိုမိုသင့်လျော်သည့် တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရား အဖွဲ့အစည်းများသို့ မျှဝေပေးပို့ပါ။

## ရ. စာရွက်စာတမ်းနှင့်ဒစ်ဂျစ်တယ်သတင်းအချက်အလက်များ[31]

စာရွက်စာတမ်းများသည် ဒစ်ဂျစ်တယ်အချက်အလက် သို့မဟုတ် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် (စာရွက်စာတမ်းများကဲ့သို့) ပစ္စည်းများ ဖြစ်နိုင်ပြီး (ဥပမာ - တရားဝင်အစည်းအဝေးမှတ်တမ်းများနှင့် စစ်ဘက်ဆိုင်ရာ စာရွက်စာတမ်းများကဲ့သို့) တရားဝင်စာရွက်စာတမ်းများ၊ (ဘဏ်စာရင်းရှင်းတမ်းများနှင့် ငွေပေးငွေယူမှုများကဲ့သို့) ဘဏ္ဍာရေးမှတ်တမ်းများ၊ ဆေးမှတ်တမ်းများ၊ မြေပုံများနှင့် ဒိုင်ယာရီများကဲ့သို့သော ခေါင်းစဉ်အမျိုးမျိုးအောက်တွင် အကျုံးဝင်ပါသည်။ အချို့စာရွက်စာတမ်းများကို နိုင်ငံတော် လျှို့ဝှက်ချက်အခွင့်အရေးများ သို့မဟုတ် ကိုယ်ရေးကိုယ်တာ အခွင့်အရေးများဖြင့် ကာကွယ်ထားနိုင်သည်။ ထို့ကြောင့် အချို့သော စာရွက်စာတမ်းများကို လက်ခံခြင်း သို့မဟုတ် လက်ဝယ် ရှိခြင်းတွင် ဖြစ်လာနိုင်သည့် အန္တရာယ်အလားအလာများ၊ သက်ဆိုင်ရာ ဥပဒေမူဘောင်ကန့်သတ် တားမြစ်ချက်များကို သတိပြုပါ။ အတွင်းရေး သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များပါရှိသော စာရွက်စာတမ်းများကို လျှို့ဝှက်ထားသင့်ပြီး ၎င်းတို့ပါ အကြောင်းအရာများကို မလျော်ကန်စွာ ဖြန့်ဝေခြင်းမပြုရန် တားဆီးသည့်နည်းလမ်းဖြင့် ထိန်းသိမ်းထားသင့်သည်။

အထက်ဖော်ပြပါ အခြေခံမူများသည် လက်ဆုပ် လက်ကိုင်ပြရသည့် ပစ္စည်းများ စုဆောင်းခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းဆိုင်ရာ အပါအဝင် စာရွက်စာတမ်း များနှင့် ဒစ်ဂျစ်တယ်အချက်အလက်များကို စုဆောင်းခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းအတွက်လည်း သက်ဆိုင်အကျုံးဝင်သည်။

လက်ခံရရှိသောစာရွက်စာတမ်းများသည် မူရင်းဗားရှင်းဖြစ်စေ၊ မိတ္တူများဖြစ်စေ ပြုပြင် ပြင်ဆင် ပြောင်းလဲခြင်း မပြုပါနှင့်။ စာရွက်စာတမ်းများကို ကိုင်တွယ်ရာတွင် တတ်နိုင်သမျှ ပိုးသတ်ထားသော လက်အိတ်များကို အသုံးပြုပါ။ ဓာတ်ပုံများရိုက်၍ လိုအပ်ပြီး စာရွက်စာတမ်းကို ထပ်မံထိခိုက်စေမည်မဟုတ်ဟု သင်ယူဆပါက မိတ္တူကူးပါ။ မူရင်းစာရွက်စာတမ်းကို သင့်လျော်သော အထုပ်တစ်ခုအတွင်း ထည့်ပါ။ မထည့်မီ ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းမှ ကာကွယ်ရန် မှန်ကန်စွာ တံဆိပ်တပ်ပါ။

[31] Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.1, p. 61; European Union Agency for Cybersecurity – 'Electronic Evidence – A Basic Guide to First Responders', 2015 ကိုလည်းကြည့်ပါ။

## ဒစ်ဂျစ်တယ် အချက်အလက်များ

ဒစ်ဂျစ်တယ်အချက်အလက်ဆိုသည်မှာ (ဓာတ်ပုံများ၊ ဗီဒီယိုများ၊ ဆိုရှယ်မီဒီယာနှင့် အီးမေးလ်ပို့စ်များကဲ့သို့) ဒစ်ဂျစ်တယ်ပုံစံဖြင့် သိမ်းဆည်းထားသည့် သို့မဟုတ် ပို့လွှတ်သည့်ဒေတာများ ဖြစ်သည်။ ဒစ်ဂျစ်တယ်ဒေတာသည် ပျက်စီးလွယ်ပြီး မတည်ငြိမ်သောကြောင့် တမင်တကာဖြစ်စေ၊ မမှန်မကန်ဖြစ်စေ ပြန်လည်ရယူခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း သို့မဟုတ် ကိုင်တွယ်ခြင်း သို့မဟုတ် သိုလှောင်မှုတို့ဖြင့် အလွန်လွယ်ကူစွာ ပြောင်းလဲ၊ ဖျက်ဆီး သို့မဟုတ် ပြုပြင် နိုင်သည်။ အကောင်းဆုံးအလေ့အကျင့်အနေဖြင့် ဒစ်ဂျစ်တယ် ဒေတာပါရှိသော အီလက်ထရွန်နစ် ပစ္စည်းများ ညစ်ညမ်းပုံပျက်မှုမှရှောင်ရှားရန်၊ စက်ပစ္စည်းနှင့် ဒေတာများ၏ ပကတိ အရည်အသွေး ထိန်းသိမ်းနိုင်ရန်အတွက် မှုခင်းဆေးပညာ ကျွမ်းကျင်သူများကသာ ကိုင်တွယ်သင့်သည်။ ဒစ်ဂျစ်တယ်အချက်အလက်သည် နည်းပညာ ထည့်သွင်းစဉ်းစားမှုများ သက်ရောက်သည့် မှတ်တမ်း အချက်အလက်များဖြစ်သည်။ ထို့ကြောင့် အထက်ဖော်ပြပါ လမ်းညွှန်ချက်များကို လိုအပ်ချက်နှင့်အညီ ချိန်စချင့်ချိန် ကျင့်သုံးပါ။ ထို့အပြင်၊ အောက်ပါအစီအမံများကို ကျင့်သုံးပါ -

ဒစ်ဂျစ်တယ်အချက်အလက် ပြန်လည်ပြင်ဆင်ပြောင်းလဲမှုများ လျော့နည်းစေမည့်အစီအမံများ ချမှတ်အကောင်အထည် ဖော်ပါ။ ကနဦး (ပြန်လည်) ရယူခြင်းမှသည် ထိန်းသိမ်းခြင်းအထိ အဆင့်တိုင်းကို မှတ်တမ်း တင်ပါ။

ဖြစ်နိုင်ပါက (လက်တော့ပ်၊ ဖုန်းနှင့် တက်ဘလက်ကဲ့သို့) မူလသိုလှောင်မှုများကို ရယူပါ။ လက်ဆုပ်လက်ကိုင်ပြရသည့် ပစ္စည်းများအတွက် တင်းကျပ်သော ညစ်ညမ်းပုံပျက်မှု ထိန်းချုပ်မှုအစီအမံများ (အထက်တွင်ကြည့်ပါ) အသုံးပြုကာ မှုခင်းဆေးပညာကျွမ်းကျင်သူ၏ နောက်ထပ်စစ်ဆေးမှုအတွက် စက်ပစ္စည်းကို ဘေးကင်းစွာ သိမ်းဆည်းထားရှိပါ။

(စက်ကို ဖွင့်ထားခြင်း၊/ ပိတ်ထားခြင်း၊ စက်တံဆိပ်၊အမျိုးအစား၊ မော်ဒယ် စသည့်) သက်ဆိုင်ရာ အချက်အလက်တိုင်းကို မှတ်သားထားပါ။

စက်ပစ္စည်း ပိုင်ရှင် သို့မဟုတ် အချက်အလက် ပိုင်ရှင်ထံက အသိပေးသဘောတူညီချက်ကို ရယူ မှတ်တမ်းတင်ပြီးနောက် ဖြစ်နိုင်လျှင်-

ရရှိနိုင်သော စကားဝှက်များ သို့မဟုတ် စကားဝှက် ကုဒ်သော့များ (encryption key) သို့မဟုတ် နောင်တချိန်တွင် ဒစ်ဂျစ်တယ်အချက်အလက်ကို ဝင်ရောက်ကြည့်ရှုခွင့်ပေးမည့် အခြားသော အထောက်အထားစိစစ်သောဒေတာများကို သင်၏မှတ်စုများတွင် ရယူပြီး မှတ်တမ်းတင်ထားပါ။

ဒေတာသိမ်းဆည်းပြီး လိုအပ်လျှင် ခေါ်ယူသုံးစွဲနိုင်သော cloud ဝန်ဆောင်မှုတစ်ခုနှင့် စက်ပစ္စည်း ချိတ်ဆက်ထားနိုင်ခြေကို သုံးသပ်ပါ။ ဥပဒေနှင့်အညီ တရားဝင်ပါက ဝင်ရောက်ခွင့် အထောက်အထားများကို ရယူပြီး မှတ်တမ်းတင်ပါ။

တရားဝင်သင့်လျော်ပါက စက်နှင့်ချိတ်ဆက်ထား၍ သက်ဆိုင်ရာဒေတာကို သိမ်းဆည်းထားနိုင်သည့် မည်သို့သော အဝေးမှ အထောက်အထားများထံ ဝင်ရောက်ခွင့်ကို တောင်းဆိုပြီး မှတ်တမ်းတင်ပါ။

စက်ပစ္စည်းကို ပိတ်ထားပါက စက်ကိုမဖွင့်ပါနှင့်။ စက်ပစ္စည်းသည် ဖွင့်လျက်ရှိပြီး သင့်တွင် လိုအပ်သော ဝင်ရောက်ခွင့် အထောက်အထားနှင့်/သို့မဟုတ် စကားဝှက်ကုဒ်သော့ (encryption key) မရှိပါက၊ စက်မျက်နှာပြင် သို့မဟုတ် မော်နီတာပေါ်တွင် ပြသထားသည့်အရာများကို ဓာတ်ပုံရိုက်ယူပါ။ အချက်အလက် သိမ်းဆည်းရယူခြင်းနှင့် ထိန်းသိမ်းခြင်း ဆိုင်ရာ သင့်လျော်သော ညွှန်ကြားချက်များ ရရှိရန်အတွက် ထိုစက်ကို မည်သည့်အင်တာနက် ကွန်ယက်နှင့်မှ မချိတ်ဆက်စေဘဲ စက်ကို ဖွင့်ထား၍ တတ်နိုင်သမျှအမြန်ဆုံး အရည်အချင်းပြည့်မီသော မှုခင်းဆေးပညာ ကျွမ်းကျင်သူထံသို့ လွှဲပြောင်း ယူဆောင်ပေးပါ။ ဖြစ်နိုင်ပါက စက်ပစ္စည်း ပါဝါမပိတ်မီ RAM ကို ပုံရိုက်ကူးခြင်းနှင့် စကားဝှက်ကုဒ်လုပ်ခြင်း (encryption) ရှိမရှိ စစ်ဆေးခြင်းအတွက် တိကျသောအကြံပြုချက်ကို ရယူပါ။

cable ကြိုးများ၊ adapter များနှင့် အားသွင်းကိရိယာများ၊ မှင်ဘူးတောင့်များ နှင့် အသုံးပြုသူလက်စွဲ (စာအုပ်) များ အပါအဝင် အရံပစ္စည်းမှန်သမျှကို စုဆောင်းပါ။

ဆိုင်ရာဆိုင်ရာဆက်စပ်ပစ္စည်းများ၊ cable ကြိုးများနှင့် ချိတ်ဆက်ပစ္စည်းများနှင့်အတူ စက်ပစ္စည်းကို ဓာတ်ပုံရိုက်ပါ။

စက်ပစ္စည်းအတွင်းရှိ ဒေတာကို စူးစမ်းလေ့လာခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုပါနှင့် (ဒေတာကို အပြောင်းအလဲဖြစ်စေနိုင်ပြီး ဒေတာ ခိုင်မာပြည့်စုံမှု ပကတိအရည်အသွေးကို ထိခိုက်နိုင်သည်)။

စက်ပစ္စည်းနှင့် အစိတ်အပိုင်းတစ်ခုစီကို သီးခြားစီ တံဆိပ်တပ်၊ ပိတ်သိမ်းပြီး အလုံပိတ်ပါ။ အိတ်တစ်လုံးအတွက် စက်ပစ္စည်းက ကြီးလွန်းရင် စက္ကူနဲ့ထုပ်ပါ။

နောက်ဆုံးနည်းလမ်းအနေဖြင့် စက်ပစ္စည်းကို စုဆောင်းထိန်းသိမ်းရန် မဖြစ်နိုင်သည့်အခြေ အနေ၊ အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များမှ နောက်ပိုင်းကာလတွင် မှုခင်း စုံစမ်းစစ်ဆေးရန် မဖြစ်နိုင်သည့်အခြေအနေ၊ စက်တွင်ပါရှိ သော အချက်အလက်များသည် အရေးကြီးပြီး မယူထားပါက ပျောက်ဆုံးသွားမည့်အခြေအနေ ဖြစ်ပါက ဒေတာများကို မှုခင်းဆိုင်ရာ ရယူ စုဆောင်းရန် (မာစတာမိတ္တူ 'အဖြစ် သိမ်းဆည်းရန်) ဒစ်ဂျစ်တယ်မှုခင်းပညာကျွမ်းကျင်သူ၏ အကူအညီကို ရယူပါ။ ဤဖြစ်စဉ်ကို အခင်းဖြစ်ပစ္စည်း စုဆောင်းသိမ်းဆည်းသူက သေချာ မှတ်တမ်းတင်ပါ။

လိုအပ်ပါက 'မာစတာမိတ္တူ' ကို နဂိုအတိုင်း ထိန်းသိမ်းပြီး ထုတ်ယူထားသောအချက်အလက်များကို ပြန်လည်ထုတ်ယူ သုံးသပ်ရန်အတွက် 'မာစတာမိတ္တူ' မှ 'အလုပ်လုပ်သည့်မိတ္တူကို ဖန်တီးရန် မှုခင်းဆေးပညာ ကျွမ်းကျင်သူကို တောင်းဆိုပါ။

# ၉. Online မှတဆင့် စုံစမ်းခြင်းများ

အွန်လိုင်းမှတဆင့် စုံစမ်းခြင်းဆိုသည်မှာ သက်ဆိုင်ရာ အချက်အလက်များကို အင်တာနက်အသုံးပြု၍ ရှာဖွေဖော်ထုတ်စုဆောင်းခြင်းကို ရည်ညွှန်းသည်။ အောက်ဖော်ပြပါအချက်များသည် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ် ရည်ရွယ်ချက်များအတွက် အချက်အလက်များကို ထိန်းသိမ်းရန်နှင့် စုဆောင်းရန်ရည်ရွယ်သည့် အွန်လိုင်းမှတဆင့် စုံစမ်းခြင်းများ ပြုလုပ်သည့်အခါ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ လိုက်နာသင့်သည့် အခြေခံစံနှုန်းများကို ခြုံငုံသုံးသပ်ထားခြင်းဖြစ်သည်။

သင်သည် သက်ဆိုင်ရာဥပဒေများကို ချိုးဖောက်ခြင်း ရှိ၊ မရှိနှင့် သင်ကိုယ်တိုင်နှင့် အခြားသူများအား လက်မခံနိုင်သော အန္တရာယ်များနှင့် ထိတွေ့စေခြင်း ရှိမရှိကို အချိန်တိုင်း သုံးသပ်ပါ။

အွန်လိုင်းလုံခြုံရေး - မည်သည့် အွန်လိုင်းလုပ်ငန်း ဆောင်ရွက်မှုတခု မစတင်မီ ဒစ်ဂျစ်တယ်အခင်းအကျင်းတွင် လုံခြုံရေးအကဲဖြတ်ချက်ကို လုပ်ဆောင်ပါ။ သင့်အဖွဲ့အစည်း၊ မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်၊ ပြင်ပသတင်းအရင်းအမြစ်များနှင့် အခြားသက်ဆိုင်ရာ ပြင်ပအဖွဲ့အစည်းများအတွက် အန္တရာယ်များကို လုံလောက်စွာ ကာကွယ်ပေးမည့် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကို သတ်မှတ်ပြီး အကောင်အထည်ဖော်ပါ။ အတတ်နိုင်ဆုံး အွန်လိုင်းလုပ်ငန်း ဆောင်ရွက်ချက်များတွင် ကိုယ်ပိုင် ပစ္စည်းများ အသုံးပြုခြင်းကို ရှောင်ကြဉ်ပြီး virtual စက်များကိုအသုံးပြုရန် စဉ်းစားပါ။ ထိုကဲ့သို့သော ဆောင်ရွက်မှုများကို လုပ်ဆောင်ရန် တာဝန်ပေးမည့်သူများကို အွန်လိုင်း စုံစမ်းမေးမြန်းခြင်းဆိုင်ရာ သင်တန်းများ ပေးထားနိုင်ပါစေ။ သင်၏အွန်လိုင်း ဆောင်ရွက်မှုများကို ပြင်ပအဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာနေနိုင်ပါသည်။ သို့အတွက် ၎င်းတို့ကို အခြားသူက သတိပြု မှတ်မိနိုင်ခြင်းမရှိစေရန် အမည်ဝှက်ပေးခြင်း သို့မဟုတ် အမည်နာမများကို မဖော်ပြခြင်း စသဖြင့် တတ်နိုင်သမျှ လျှို့ဝှက်ထားပါ။

- အွန်လိုင်းမှအချက်အလက်သည် အလွန်အမင်း တည်ငြိမ်မှုမရှိပါ - ၎င်းသည် အင်တာနက်မှ ပျောက်ကွယ် သွားနိုင်သည် သို့မဟုတ် အလွယ်တကူ ပြုပြင်နိုင်သည်။ ထို့ကြောင့် website တစ်နေရာမှ အချိန်တစ်ချိန်၌ စုဆောင်းထားသော ဒစ်ဂျစ်တယ်ပစ္စည်း၏ စစ်မှန်မှုနှင့် ခိုင်မာပြည့်စုံမှုကို ဖော်ပြစေနိုင်မည့်နည်းလမ်းဖြင့် အွန်လိုင်းမှ အချက်အလက်များကို ရယူပါ။ ယင်းအတွက် အောက်ပါ အချက်ကို ထည့်သွင်းစဉ်းစားပါ။အွန်လိုင်းတွင် တွေ့ရှိသောသတင်းအချက်အလက်ကို သက်ဆိုင်သည်ဟု အကဲဖြတ်ပါက သင့်လျော်လိုက်ထိုက်သော စုဆောင်းမှုနည်းလမ်းကို ဆုံးဖြတ်ပါ။

- အလုပ်ရည်ရွယ်ချက်များအတွက် ရိုးရှင်းသော screenshot ဓာတ်ပုံတစ်ပုံ ရိုက်မှု သို့မဟုတ် PDF ဖိုင်အဖြစ် ကူးပြောင်းမှုတစ်ခုသည် လုံလောက်နိုင်သော်လည်း သက်သေခံတန်ဖိုး ရှိနိုင်သည်ဟု အကဲဖြတ်ထားသည့် အွန်လိုင်းအကြောင်းအရာတခုကို စုစည်းမည်ဆိုပါက ထိုအကြောင်းအရာ၊ (အောက်တွင် ဖော်ပြထားသည့်) ၎င်းနှင့်ဆက်စပ်သောအချက်အလက်အားလုံးကို ဒေါင်းလုဒ်လုပ်ခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်းနှင့်တကွ hashtag တစ်ခုကို သတ်မှတ်ပါ။ . ယင်းသို့ စုဆောင်းခြင်းကို ကိုယ်တိုင် သို့မဟုတ် အွန်လိုင်းမှ အကြောင်းအရာများကို စုဆောင်း ထိန်းသိမ်းရန် အထူးတီထွင်ထားသော ကိရိယာများကို အသုံးပြုခြင်းဖြင့် လုပ်ဆောင်နိုင်သည်။32
- အွန်လိုင်းမှ ပစ္စည်းများကို ၎င်းတို့၏ နဂို format သို့မဟုတ် ၎င်းတို့၏ မူရင်း format နှင့်အနီးဆုံးဖြစ်နိုင်သော format အဖြစ်နှင့် စုဆောင်းပါ။
- သင်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် အလိုအလျောက်နည်းဖြင့်ဖြစ်စေ အွန်လိုင်းအကြောင်းအရာများကို စုဆောင်းရာတွင် အောက်ပါ အချက်အလက်များ အနည်းဆုံး ပါဝင်ပါစေ။ ။
- ပစ်မှတ်ထားသော website လိပ်စာ (URL)၊
- HTLM အရင်းအမြစ်ကုဒ်နှင့်
- 'screenshot ပုံဖမ်းယူခြင်း 'သို့မဟုတ်' စာမျက်နှာအပြည့် ပုံဖမ်းယူခြင်း - 'စုဆောင်းသူ၏ စက်၏ ရက်စွဲနှင့် အချိန်ကိုညွှန်ပြထားသည့် ပစ်မှတ်ထားသော website စာမျက်နှာ၏ screenshot ပုံ သို့မဟုတ် (အကြောင်း အရာပေါ် မူတည်၍) ဗီဒီယို။
- ဖြည့်စွက်ရယူရမည့် အချက်အလက်များ -
- မြှုပ်သွင်းထားသော (embedded) မီဒီယာဖိုင်များ - website စာမျက်နှာတွင် မတူညီသော ဗီဒီယို သို့မဟုတ် ပုံများအပါအဝင် အကြောင်းအရာမျိုးစုံပါဝင်နေပါက သက်ဆိုင်ရာ အကြောင်းအရာတစ်ခုစီကို တစ်ခုချင်း စုဆောင်းရပါမည်။
- မြှုပ်သွင်းထားသော metadata- ရရှိနိုင်ပါက အချက်အလက်တင်သူ၏ ID မှတ်ပုံတင်၊ တင်သည့် အကြောင်းအရာ၊ တင်သည့်ရက်စွဲနှင့် အချိန်၊ hashtag နှင့် မှတ်ချက်များကဲ့သို့သော ဘုံ meta ဒေတာကို စုဆောင်းသင့်သည်။
- ဆက်စပ်ဒေတာ contextual data - သင့်လျော်သည့်မှတ်ချက်များ၊ အသုံးပြုသူအချက်အလက်နှင့် အချက်အလက် upload တင်ခြင်း၊ အချက်အလက် upload တင်သူ/အသုံးပြုသူအချက်အလက်တို့ကဲ့သို့သော သက်ဆိုင်ရာဒေတာများကို စုဆောင်းသင့်သည်။

---

[32]ဤကိရိယာ tools အများအပြားသည် အွန်လိုင်းမှအကြောင်းအရာကို အလိုအလျောက်ဒေါင်းလုဒ်လုပ်ကာ သက်ဆိုင်ရာ meta ဒေတာကို စုဆောင်းကာ အချက်အလက်ကို hashtag လုပ်ပြီး သက်ဆိုင်ရာ အချက်အလက်အားလုံးနှင့်အတူ ဒစ်ဂျစ်တယ်အသုံးချပရိုဂရမ်တစ်ခု ဖန်တီးပေးသည်။.

- စုဆောင်းမှုဒေတာ - စုဆောင်းသူ၏အမည်၊ IP လိပ်စာနှင့် စုဆောင်းမှုအတွက်အသုံးပြုသည့် ကိရိယာ၏ အစ/အဆုံး အချိန်အမှတ်အသားများကဲ့သို့သော အွန်လိုင်းမှ ပစ္စည်းများစုဆောင်းမှုနှင့်ပတ်သက်သည့် သက်ဆိုင်ရာဒေတာအားလုံးကို မှတ်တမ်းတင်ပါ [33]။ ထို့အပြင်
- ထိန်းသိမ်းထားစဉ်အတွင်း (ဥပမာ TCP dump ကဲ့သို့) network traffic သွားလာလည်ပတ်မှု ရယူရန် စဉ်းစားပါ။
- စုဆောင်းထားသော ဒစ်ဂျစ်တယ်ပစ္စည်းတစ်ခုစီ၏ hash နံပါတ်တန်ဖိုး[34] ကို တွက်ချက်မှတ်တမ်းတင်ပြီး အသစ်ဖြစ်သော/ သန့်ရှင်းသော မီဒီယာကိရိယာထဲတွင် ထိုစုဆောင်းထားသော အရာများကို သိမ်းဆည်းပါ။

[34]၎င်းတို့ကို ရွေးချယ်ရန်အတွက် hash တန်ဖိုးများနှင့် ကိရိယာများစွာရှိသည်။ United States National Institute of Standards and Technology သည် လက်ရှိ အချက်အလက်များကို hashing လုပ်ခြင်း စံနှုန်းများနှင့် ပတ်သက်၍ လမ်းညွှန်ချက် ပေးသည့် အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ www.nist.gov ကိုကြည့်ပါ။

# ၁၀။ ခန္ဓာကိုယ်/ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ[35]

ယေဘုယျအားဖြင့် အရည်အချင်းပြည့်မီသော ဆေးဘက် ဆိုင်ရာ ပညာရှင်တစ်ဦးမှ နစ်နာခံစားရသူကို ဆေးဘက် ဆိုင်ရာ စစ်ဆေးမှု ပြုလုပ်နိုင်သည်။ ထိုသို့သော ကျွမ်းကျင်ပညာရှင်များ မရနိုင်ပါက အရပ်ဖက်လူမှု အဖွဲ့အစည်းများသည် နစ်နာခံစားရသူများနှင့် ထိတွေ့ဆက်ဆံမှုများလုပ်ရာတွင် မြင်သာသောဒဏ်ရာများကိုသာ မှတ်တမ်းတင်ခြင်းလောက်သာ ပြုလုပ်ရန် အကြံပြုထားသည်။ ယင်းအစား ၎င်းတို့သည် နစ်နာခံစားရသူများကို ကျွမ်းကျင်သူများထံ၌ ဆေးကုသမှုခံယူရန်နှင့် မှတ်တမ်းအားလုံးကို ထိန်းသိမ်းထားရန် အားပေးကူညီသင့်သည်။

ကိုယ်ကာယပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများကို မှတ်တမ်းတင်ခြင်းမပြုမီ နစ်နာခံစားရသူထံမှ အသိပေးသဘောတူညီချက်ကို ရယူပြီး ထိုသဘောတူညီချက်ကို မှတ်တမ်းတင်ပါ။

သင်သည် ဆေးဆရာဝန်တစ်ဦးမဟုတ်ကြောင်းကို နစ်နာ ခံစားရသူအား ရှင်းရှင်းလင်းလင်းပြောပြပါ။

အသိပေးသဘောတူညီချက်ကို ရရှိပါက အပြင်ပန်း ဒဏ်ရာများကို ရုပ်ပုံမှတ်တမ်းတင်ပါ။ ဒဏ်ရာ တည်နေရာကို အလုံးစုံချုံငုံဖော်ပြချက်နှင့် အသေးစိတ်ရိုက်ချက်များ ပါဝင်ပါစေ။ ဒဏ်ရာကို မှတ်တမ်းတင်ရိုက်ကူးဖို့ ခွင့်ပြုထားပါက ဒဏ်ရာတစ်ခုစီကို အနီးကပ်၊ အလယ်အလတ်အကွာအဝေးနှင့် ယေဘုယျရိုက်ချက်များ ပါဝင်ပါစေ။

အဆိုပါ အပြင်ပန်းဒဏ်ရာများ ဖြစ်ရသည့်အကြောင်းရင်းများ၊ ထိုဒဏ်ရာရအောင် အသုံးပြုခဲ့သည့် ပစ္စည်းကိရိယာများနှင့် ဒဏ်ရာရအောင် ပြုလုပ်ခဲ့သည့် ပုံစံတို့နှင့် စပ်လျဉ်း၍ နစ်နာခံစားရသူထံမှ မှတ်တမ်းယူပါ။ နာကျင်ဝေဒနာ ဆက်လက်ခံစားရခြင်းနှင့် အခြားဆက်နွယ်သော လက္ခဏာများကဲ့သို့သော ရေရှည်အကျိုးဆက်များကို သတိပြု မှတ်သားပါ။

ဒဏ်ရာများနှင့်ပတ်သက်၍သင့် ဆောင်ရွက်ချက်၊ သင်၏ ကိုယ်ပိုင် လေ့လာတွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။

[35]Office of the High Commissioner for Human Rights – 'Istanbul Protocol: Manual on the Effective Investigation and Documentation of Torture and Other Cruel, Inhuman or Degrading Treatment or Punishment', 2nd edition, 2022. Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.3.1, p. 85. တို့ကိုလည်း ကြည့်ပါ။

ကာယကံမြောက်ဆိုင်ရာ မမြင်အပ်သည့်ကိုယ်ခန္ဓာအစိတ်အပိုင်းများ ထိခိုက်ဒဏ်ရာ စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်းကို ဆေးဆရာဝန် သို့မဟုတ် အရည်အချင်းပြည့်မီသော သူနာပြုမှသာလျှင် လုပ်ဆောင်ရမည်။

၎င်းတို့၏ဒဏ်ရာများနှင့် စပ်လျဉ်း၍ ၎င်းတို့သည် ဆရာဝန် သို့မဟုတ် ဆေးကုသသည့်နေရာသို့ သွားရောက်ဖူးခြင်း ရှိမရှိကို မေးမြန်းပါ။ သွားခဲ့ဖူးလျှင် ဆေးကုသပေးသူခဲ့ကို ခွဲခြားသိမြင်နိုင်ရန် အချက်အလက်များကို စုဆောင်းပါ။

လိုအပ်ပါက နစ်နာခံစားရသူကို နောက်ထပ်ပံ့ပိုးကူညီမှု သို့မဟုတ် နောက်ထပ်ဆေးစစ်မှုပြုလုပ်ရန်အတွက် သင့်လျော်သည့် နေရာသို့ လွှဲပြောင်းပေးရန် စဉ်းစားပါ။

ဆေးဘက်ဆိုင်ရာအချက်အလက်များနှင့် မှတ်တမ်းများသည် အလွန် အရေးကြီးသောအဆင့်ရှိသည့် ကိုယ်ရေးကိုယ်တာ အတွင်းရေး အချက်အလက်များ ဖြစ်ကြောင်းကို သတိရပါ။ ထို့ကြောင့် ထိုဒေတာမျိုးကို ကာယကံရှင်၏ သဘောတူညီချက်ဖြင့်သာ ရယူသင့်ပြီး ၎င်းကို မခိုင်လုံသောဝင်ရောက်ရယူ ကြည့် ရှု ခြင်းများမှ ကာကွယ်ထားသင့်သည်။

# ၁၁။ ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများ/အခင်း ဖြစ်နေရာများ[36]

ယေဘုယျအားဖြင့် ရာဇဝတ်မှုအခင်းဖြစ်ပွားရာတစ်ခုနှင့် ရင်ဆိုင်ရသောအခါ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် မည်သည့်နည်းဖြင့်မျှ ဝင်ရောက်သို့မဟုတ် နှောင့်ယှက် စွက်ဖက်ခြင်း မပြုသင့်ပါ။ ယင်းအစား အခင်းဖြစ်ပွားရာနေရာကို အခြားသူများလာရောက် စွန်းထင်းညစ်ပေ ပုံပျက်ခြင်းကို တားဆီးရန် ရနိုင်သော အစီအမံများ ချမှတ်ပြီး သက်ဆိုင်ရာ အာဏာပိုင်များထံ ချက်ချင်းဆက်သွယ်သင့်သည်။ ယင်းသည် အထူးသဖြင့် ပြည်တွင်းအာဏာပိုင်များ သို့မဟုတ် တရားစွဲအရာရှိ ရုံးကဲ့သို့သော အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုများ အသက်ဝင်နေသည့် အခြေအနေမျိုးတွင် ပို၍သက်ဆိုင်ပါသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ခြွင်းချက်အခြေအနေများအောက်တွင်သာ ဝင်ရောက်ဆောင်ရွက်ရန် စဉ်းစားသင့်သည်။

1) အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များသည် တည်နေရာကို အချိန်နှင့်တပြေးညီ လုံခြုံစိတ်ချမှုရှိအောင်လုပ်ရန် စိတ်ဆန္ဒမရှိခြင်းသော်လည်းကောင်း ဆောင်ရွက်နိုင်ခြင်းသော်လည်းကောင်းမရှိပါက သို့မဟုတ် အကြံပြုနိုင်သော အခြေအနေမျိုးရှိလျှင် အဆိုပါကိစ္စကို ဝင်ရောက်ဆောင်ရွက်ရန် ထည့်သွင်းစဉ်းစားနေကြောင်း သက်ဆိုင်ရာ အာဏာပိုင်များထံ အသိပေးထားပြီး ၎င်းတို့ကသဘောတူညီကြောင်း အကြောင်းပြန်ကြားထားပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။

2) အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထက်အလျင် တည်နေရာကို မစစ်ဆေးခြင်းသည် အခင်းဖြစ်ပွားရာ နေရာတွင် သိသာထင်ရှားသော ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်စေနိုင်ပြီး အရေးကြီးသောအချက်အလက်များ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ပြန်လည်ပြုပြင်၍မရအောင် ပျက်စီးဆုံးရှုံးခြင်းများ မဖြစ်စေနိုင်ရန်အတွက် ဝင်ရောက်ဆောင်ရွက်နိုင်သည်။

---

[36]Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.2, p. 79; United Nations Office on Drugs and Crime – 'Crime Scene and Physical Evidence Awareness for Non-Forensic Personnel', 2009. ကိုကြည့်ပါ။

3) ထိခိုက်မှုမရှိစေရ မူကို လေးစားလိုက်နာနိုင်ပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။ ထို့အပြင်

4) အရပ်ဖက်လူမှုအဖွဲ့အစည်းသည် မှုခင်းဖြစ်စဉ်များကို ကိုင်တွယ်ဆောင်ရွက်သော နိုင်ငံတော်အာဏာပိုင်များကဲ့သို့ သင်တန်း တက်ရောက်ထားသော ကျွမ်းကျင်ပညာရှင်များ၏အကူအညီကိုရယူကာ နောင်တချိန်တွင် မှုခင်းစုံစမ်းစစ်ဆေးရေး/တရားစီရင်ရေး၌ အချက်အလက်များ အသုံးပြုမှုအပေါ် ထိခိုက် မလျော့ပါးစေဘဲ မြှင့်တင်ပေးမည့် နည်းလမ်းဖြင့် အခင်းဖြစ်နေရာကို စီမံခန့်ခွဲနိုင်ပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။

ဝင်ရောက်ဆောင်ရွက်ရန် ဆုံးဖြတ်ပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားပါ -

- သင့်နှင့် အခြားသူများ၏ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို သတိပြုပါ။ (လုပ်ဆောင်နေသောသက်ဆိုင်ရာနိုင်ငံများ၏) တည်ဆဲဥပဒေ များအောက်တွင် ဖြစ်လာနိုင်ချေရှိသော တာဝန် ခံမှုနှင့် သင်စုဆောင်းထားသည့် သို့မဟုတ် ထိန်းသိမ်းထားသည့် အချက်အလက်များ၏ မှုခင်းဗေဒတန်ဖိုးအပေါ် သင့်လုပ်ဆောင်မှုများကြောင့် သက်ရောက်နိုင်ချေများကို ထည့်သွင်းစဉ်းစားပါ။
- လုံခြုံရေး - အန္တရာယ်အကဲဖြတ်မှုတစ်ခုလုပ်ဆောင်ပြီး အခင်းဖြစ်နေရာသည် (သင်၊ အဖွဲ့၊ အခြားပါဝင်သူ သို့မဟုတ် သက်ဆိုင်သူနှင့်အတူ သတင်းအချက်အလက်ကိုယ်တိုင်အတွက်) လုံခြုံပြီး အန္တရာယ်ကင်းရှင်းနေမှသာ ဝင်ရောက်လုပ်ကိုင် ပါ။ (ဥပမာ -မီး၊ မိုင်းများ၊ ဗုံးများနှင့် ဓာတု ပစ္စည်းများကဲ့သို့) ဖြစ်နိုင်ချေရှိသော အန္တရာယ်များ၊ ကျူးလွန်သူများရှိနေခြင်း၊ အထူးပြုပစ္စည်းကိရိယာများ လိုအပ်ခြင်း၊ သက်ဆိုင်ရာ အရာဝတ္ထုများ သို့မဟုတ် သတင်းအရင်းအမြစ်များ မတော်တဆ ပျက်စီးခြင်း /ထိခိုက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားပါ။ သတ်မှတ်ဖော်ထုတ်ထားသော အန္တရာယ်များသည် လက်ခံနိုင်ဖွယ် မရှိသော အဆင့်တွင် ရှိနေသည်ဟု အကဲဖြတ်ပါက ဆက်လက်မလုပ်ဆောင်ပါနှင့်။

## မှုခင်းဖြစ်ပွားရာနေရာကို စစ်ဆေးခြင်းဆိုင်ရာ အခြေခံမှုများ

ဓမ္မဓိဋ္ဌာန်ကျမှုနှင့် သမာသမတ်ကျမှုကို ထိန်းသိမ်းပါ - အပြစ်ရှိကောင်းပြသသည့် အချက်အလက်နှင့် အပြစ်မှကင်းလွတ်စေသည့် အချက်အလက် နှစ်ခုလုံးကို စုဆောင်းပါ။

ထိခိုက်ခံရသည့်ရပ်ရွာအသိုင်းအဝိုင်းနှင့် အသက်ရှင်ကျန်ရစ်သော နစ်နာခံစားရသူများ၏ အကျိုးစီးပွားများအပါအဝင် ပုဂ္ဂလိကအတွင်းရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားပါ (ထိခိုက်မှုမရှိစေရမူ)။

အောက်တွင်ဖော်ပြထားသည့်အတိုင်း စွန်းထင်းညစ်ပေ ပုံပျက်ခြင်း ထိန်းချုပ်ရေးအစီအမံများ ချမှတ်ခြင်းဖြင့် အခင်းဖြစ်နေရာ၏ ပကတိအခြေအနေခိုင်မာပြည့်စုံမှုကို ထိန်းသိမ်းပါ။

## မှုခင်းဖြစ်ပွားရာနေရာ၏ ပကတိအခြေအနေခိုင်မာပြည့်စုံမှု integrity ကို စောင့်ရှောက်ထိန်းသိမ်းပါ

လိုအပ်သောကိရိယာများနှင့် ပစ္စည်းကိရိယာအားလုံးကို ရှာဖွေဖော်ထုတ်ပြင်ဆင်ပါ။

လိုအပ်လျှင် လိုအပ်သလို ရှိသင့်သည့်ကျွမ်းကျင်မှုရှိပြီး အရည်အချင်းပြည့်မီသော အဖွဲ့ ဖွဲ့ပါ။

အခင်းဖြစ်ပွားရာနေရာကို နယ်နိမိတ်ပိုင်းခြား သတ်မှတ်ပြီး အဝင်အထွက် နေရာများကို ကန့်သတ်ပါ။

အခင်းဖြစ်ပွားရာနေရာ၌ ရှိနေသူအားလုံး သို့မဟုတ် ရှိနေနိုင်ခဲ့သူအားလုံးကို သတ်မှတ်ဖော်ထုတ်ပါ။

အခင်းဖြစ်ပွားရာနေရာသို့ ဝင်ရောက်ခွင့်ကို ကန့်သတ်ပြီး ထိုနေရာသို့ ဝင်သူ၊ ထွက်သူအားလုံးကို မှတ်တမ်းယူပါ။

တတ်နိုင်သမျှ အခင်းဖြစ်ပွားရာနေရာထဲသို့ ဝင်ရောက်သူ များသည် ပိုးသတ်ထားသောလက်အိတ်များအပါအဝင် တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများကို ဝတ်ဆင် ထားပါစေ။

အခင်းဖြစ်ပွားရာနေရာတွင် အစာစားခြင်း သို့မဟုတ် ရေသောက်ခြင်း သို့မဟုတ် ဆေးလိပ်သောက်ခြင်း သို့မဟုတ် ပစ္စည်းပစ္စယ အဆောက်အအုံများကို အသုံးပြုခြင်း မပြုလုပ်ပါနှင့်။

## အခင်းဖြစ်ပွားရာနေရာ စစ်ဆေးမှုကို မှတ်တမ်းတင်ပါ

သင်၏လုပ်ဆောင်မှုများနှင့် သင့်ရှာဖွေတွေ့ရှိချက်များတွင် သက်ဆိုင်ရာ အချက်အလက်အားလုံးပါဝင်သော မှတ်တမ်း တစ်ခုကို ဖန်တီးပါ။ အဆိုပါရှာဖွေတွေ့ရှိချက်များတွင် ရက်စွဲနှင့် ရောက်ရှိသည့်အချိန်၊ တည်နေရာ (ပုံကြမ်းများ၊ ဓာတ်ပုံများ၊ ဗီဒီယိုများဖြင့် ဖြည့်စွက် ဖော်ပြထားသော) အခင်းဖြစ်နေရာ၏ ယေဘုယျ သရုပ်ဖော်ပြချက်၊ မှုခင်းဖြစ်ပွား ရာနေရာသို့ ဝင်ရောက်သူ အားလုံး၏ (ရောက်ရှိ/ထွက်ခွာချိန်၊ ကြာချိန်၊ ဘာကြောင့်စသည့်) မှတ်တမ်းအပါအဝင် စွန်းထင်းညစ်ပေ ပုံပျက်ခြင်း contamination တားဆီးရေး အစီအမံ များ၊ သင့်နည်းစနစ်၏ အသေးစိတ်မှတ်တမ်းနှင့် အခင်းဖြစ်နေရာတွင် စုဆောင်းထားသော အချက်အလက်တို့နှင့် အတူ ထိုနေရာရှိလူများမှ ရယူထားသော ပြောဆိုချက်များပါဝင်သည်။

အခင်းဖြစ်နေရာကို ဝင်ရောက်ဆောင်ရွက်ခြင်း မပြုမီ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများ ရိုက်ကူးသင့်သည်။

မှတ်စုများထားပါ။ စစ်ဆေးနေစဉ် တွေ့ရှိချက်များကိုမှတ်တမ်းတင်ပါ နောက်ပိုင်းတွင် ဤမှတ်တမ်းကို ပြောင်းလဲပြုပြင်ပြင်ဆင်ခြင်းမပြုပါနှင့်။ မှတ်တမ်းသည် ဖြစ်ရပ်မှန်နှင့် အတတ်နိုင်ဆုံး နီးစပ်ပါစေ။ သင့်ထင်မြင်ယူဆချက်၊ အကဲဖြတ်မှု သို့မဟုတ် ကောက်ချက်များအား မှတ်တမ်းတင်ထားရန်လိုအပ်ပါက ၎င်းကိုသီးခြား မှတ်တမ်းတင်ပါ။

အဆိုပါမှတ်တမ်းများ၊ မှတ်တမ်းပါပုဂ္ဂိုလ်များ၏ အထောက်အထားများကို နောက်ပိုင်းတရားစီရင်မှုများတွင် ပြောဆိုတင်ပြထုတ်ဖော် ရကောင်းနိုင်သည်ကို သတိပြုပါ။

## မှုခင်းဖြစ်ပွားရာနေရာကို စနစ်တကျစီမံခြင်း

အန္တရာယ်ရှိသောပစ္စည်းများကို မကိုင်တွယ်၊ မစုဆောင်းပါနှင့်။ အရာဝတ္ထုတစ်ခုသည် အန္တရာယ်အရိပ်အယောင်ရှိပါက ပုံများ ရိုက်ယူ၍ တွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။ သို့သော် စုဆောင်းခြင်းမလုပ်ပါနှင့်။

တွေ့ရှိသည့်ပစ္စည်းများကို အကဲဖြတ်ပြီး မည်သည့်ပစ္စည်းများကို စုဆောင်း/ထိန်းသိမ်းရမည်ကို သေချာစဉ်းစားပါ။ ထိုသို့သော အကဲဖြတ်မှုတွင်

- Recovery ပြန်လည်ရယူရာတွင် ထိုပစ္စည်းအပေါ် သက်ရောက်စေမည့် ဆိုးကျိုးများကို ထည့်သွင်းစဉ်းစားပါ။
- Recovery ပြန်လည်ရယူသည့်နည်းလမ်းသည် စုဆောင်းမည့်ပစ္စည်း သို့မဟုတ် အခြားပစ္စည်းများကို မဖျက်ဆီးသကဲ့သို့ ယိုယွင်းပျက်စီးမှု မဖြစ်ပါစေနှင့်။

ပစ္စည်းများရှာဖွေတွေ့ရှိမှုကို မှတ်တမ်းတင်ပြီးနောက်တတ်နိုင်သမျှ အမြန်စုဆောင်းပါ။ ဓာတ်ပုံ/ဗီဒီယိုရိုက်ပြီးသည်နှင့် ချက်ချင်းဆိုသလို ပျက်စီးလွယ်သော ပစ္စည်းများကိုလုံခြုံအောင်ထားပါ။

တုန်ခါမှု၊ စိုထိုင်းဆနှင့် အပူချိန်လွန်ကဲမှုတို့မှ ကာကွယ်ပေးနိုင်၍[37] ပစ္စည်းများကို ပြိုကွဲမပျက်စီးစေရန် ထည့်စရာဗူးများ သို့မဟုတ် အထုပ်များတွင် သင့်လျော်သလို ထုပ်ပိုးပါ။

ယာယီသိုလှောင်ရန် ဘေးကင်းလုံခြုံသောနေရာဖန်တီးပါ။ စုဆောင်းထားသောပစ္စည်းများကို အမြဲတမ်း လုံခြုံသောနေရာတွင် တတ်နိုင်သမျှအမြန်ဆုံး ရွှေ့ပြီး အောက်တွင်ဖော်ပြထားသော ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များကို လိုက်နာပါ။

ဆက်သွယ်ရန်အချက်အလက်များကိုရယူပြီး ဖြစ်စဉ်၏ ကနဦးယေဘုယျပြောဆိုချက်ကိုရယူရန်နှင့် လိုအပ်လျှင်လိုအပ်သလို စုဆောင်းထားသော ပစ္စည်းများနှင့် ပတ်သက်သည့် နောက်တိုးဖြည့်စွက်ချက်များရယူရန် အခင်းဖြစ်နေရာတွင်ရှိနေသူအချို့ကို မေးမြန်းရန်စဉ်းစားပါ။

လူသေအလောင်းများနှင့် ရင်ဆိုင်ရလျှင် -

- အလောင်းများကိုထိတွေ့ခြင်း သို့မဟုတ် အနှောင့်အယှက်မပြုဘဲ သင်၏ပကတိတွေ့ရှိချက်များကို မှတ်တမ်းပြုစုပါ။
- (ဥပမာ ကျည်ဆံများနှင့် ဓားဒဏ်ရာများကဲ့သို့) မြင်သာသော ဒဏ်ရာများ၊ ချည်နှောင်ထားသော လက္ခဏာများ၊ အဝတ်များ နှင့် အခြားကိုယ်ရေးကိုယ်တာ အသုံးအဆောင်များ၊ (အနာဂတ် ဖော်ထုတ်ခြင်းကို ပံ့ပိုးရန်) အသေးစိတ် အချက်အလက်များ သွေးစွန်းခြင်းပုံသဏ္ဍာန်နှင့် ပျံ့နှံ့မှု (များ) အပါအဝင် အလောင်းများကို ဗီဒီယို သို့မဟုတ် ဓာတ်ပုံရိုက်ပါ။
- ဖြစ်နိုင်ပါက ကျူးလွန်ခံရသူ (များ) ၏ ကိုယ်ရေးအချက်အလက် (ဥပမာ ကျား၊ မ၊ အမည်နှင့်နေရပ်လိပ်စာ) နှင့် ၎င်းနှင့် စပ်လျဉ်းသည့်အခြားအချက်အလက်များကို စုဆောင်းပါ။ ထို့အပြင်
- ဒေသဆိုင်ရာရပ်ရွာအသိုင်းအဝိုင်းနှင့် ဖြစ်နိုင်လျှင် အဆိုပါရုပ်အလောင်းများကို မြှုပ်နှံခြင်းနှင့်စပ်လျဉ်း၍ ဒေသဆိုင်ရာ

အာဏာပိုင်များနှင့် နောက်ဆက်တွဲ ထိတွေ့ဆက်သွယ်ခြင်းများ (follow up) လုပ်ပြီး အဆိုပါအလောင်းကို ယူဆောင်သွားသည့်နေရာနှင့် နောက်ဆုံးတွင်သဂြိုလ်သည့်နေရာကို မှတ်တမ်းထားရှိပါ။

## မြှုပ်နှံထားသည့်သင်္ချိုင်းနေရာများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့်နေရာများကို မှတ်တမ်းတင်ခြင်း[38]

အလောင်းဖော်ခြင်းနှင့် အလောင်းခွဲစိတ်စစ်ဆေးခြင်းများ (ဥပမာ မှုခင်းဆေးပညာရှင်များနှင့် မှုခင်းဆေးစစ်ဓါတ်ခွဲခန်းများကဲ့သို့) လက်မှတ်ရ ကျွမ်းကျင်သူများသာလျှင် ပြုလုပ်သင့်သည်။ ထိုကဲ့သို့သော ပညာရှင်များကိုသာ ကျွမ်းကျင်သူများအဖြစ် သတ်မှတ်ကြပြီး ၎င်းတို့သည် မှုခင်းဆေးစစ်တွေ့ရှိချက် အစီရင်ခံစာများထုတ်ပြန်နိုင်ကာ၊ ထိုတွေ့ရှိချက်များကို သက်သေခံ တန်ဖိုးနှင့်အညီ တရားရုံးသို့တင်သွင်း သက်သေခံဝင်နိုင်သည့်အရည်အချင်းရှိရန်လိုအပ်သည်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့် သင်္ချိုင်းနေရာများနှင့် ရင်ဆိုင်ရသည့်အချိန်တွင် ထိုကဲ့သို့သော ကျွမ်းကျင်ပညာရှင်များ မရရှိနိုင်ပါက အောက်ပါအစီအမံများကို ထည့်သွင်း စဉ်းစားပါ။

သက်ဆိုင်ရာအာဏာပိုင်များသည် သတ်ဖြတ်မှုတွင်ပါဝင်ပတ်သက်မှုမရှိခြင်း နှင့်/သို့မဟုတ် သတင်းအချက်အလက်များကို ပြုပြင်ပြောင်းလဲပြင်ဆင်ထားခြင်း မရှိပါက မြှုပ်နှံထားသည့်သင်္ချိုင်းနေရာများ သို့မဟုတ် အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့် နေရာများကို သက်ဆိုင်ရာ အာဏာပိုင်များထံ သတင်းပို့ပါ။

သင်္ချိုင်းနေရာရှိ အရေးကြီးအချက်အလက်များကို ထိန်းသိမ်း ထားရန် သင်၏လုပ်ဆောင်မှုများကို ကန့်သတ်ပါ။

ဦးစားပေးအနေဖြင့် အခင်းဖြစ်နေရာသို့ဝင်ရောက်ခွင့်ကို တတ်နိုင်သမျှပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းဖြင့် မှုခင်းဖြစ်ပွားရာနေရာကို ထိန်းသိမ်းပါ။

ရုပ်အလောင်းများကို ကောင်းမွန်စွာမြှုပ်နှံထားပါက ကျွမ်းကျင်ပညာရှင်များမှ လာရောက် လုပ်ကိုင် မဆောင်ရွက်နိုင်ခင်အထိ သင်္ချိုင်းများကို မထိမိစေရန်နှင့် သင်္ချိုင်းနေရာ( များ )ပကတိအခြေအနေ ခိုင်မာပြည့်စုံမှုကို ထိန်းသိမ်းပါ။

ဖြစ်နိုင်ပါက GPS ကိုဩဒိနိတ်များကိုအသုံးပြု၍ အခင်းဖြစ်နေရာ (များ) ၏ တည်နေရာအတိအကျ အပါအဝင် သင်၏တွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။

ဗီဒီယိုသို့မဟုတ် ဓာတ်ပုံများဖြင့် အခင်းနေရာ (များ) ကို ရိုက်ကူး၍ မှတ်တမ်းပြုစုပါ။

ဒေသရပ်ရွာအသိုင်းအဝိုင်းနှင့် ဆက်ဆံရေး၊ ယုံကြည်မှု တည်ဆောက်ပြီး အခင်းနေရာ (များ) လုံခြုံရန် လိုအပ်ကြောင်း ၎င်းတို့အားအသိပေးပါ။ ဤသို့ဖြစ်ပွားထားသည်ကို ၎င်းတို့သိရှိမထားပါက အခင်းဖြစ်နေရာ၏ ပကတိအခြေအနေ ယိုယွင်းပျက်စီးမှုမရှိစေရန် စောင့်ကြည့်ထိန်းသိမ်းရမည့် နည်းလမ်းများရှာဖွေပါ။ အခင်းဖြစ်နေရာတည်ရှိမှုကို ရပ်ရွာအသိုင်းအဝိုင်းအား ထုတ်ဖော်ပြောသင့်/မသင့်ကို ချင့်ချိန် စဉ်းစားပါ။

[38] Bournemouth University – 'The Bournemouth Protocol on Mass Grave Protection and Investigation', 2020. Public International Law & Policy Group – 'Handbook on civil society documentation of serious human rights violations', 2016, Section 3.3.3, p. 88. တို့ကိုလည်း ကြည့်ပါ။

# ၁၂။ သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း[39]

အောက်ဖော်ပြပါသည် တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ် ရည်ရွယ်ချက်အတွက် စုဆောင်းထားသော မည်သည့် အချက်အလက်အမျိုးအစားကိုမဆို သိမ်းဆည်းထိန်းသိမ်းကာကွယ်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ကြိုးပမ်းလိုက်နာရမည့် အခြေခံစံနှုန်းများကို ခြုံငုံသုံးသပ်ထားသည်။

စုဆောင်းရရှိသည့်အချိန်မှစပြီး စုံစမ်းစစ်ဆေးရေး အရာရှိများထံ လွှဲပြောင်းပေးအပ်သည့်အချိန်အထိ စုဆောင်းထားသော ပစ္စည်းတစ်ခုနှင့် သတင်းအချက်အလက်တခုချင်းစီ၏ ခိုင်မာပြည့်စုံမှုကို ထိန်းသိမ်းပါ။ ထိုကာလအတွင်းတွင် ယင်းပစ္စည်းနှင့် စုဆောင်းထားသော သတင်းအချက်အလက်များ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ပြင်ဆင်ပြောင်းလဲခြင်း မရှိစေရန်အတွက် လိုအပ်သော အစီအမံများ လုပ်ဆောင်ပါ။

သတင်းအချက်အလက်ကို သိမ်းဆည်းထိန်းသိမ်းထားရန် အကောင်းဆုံးနေရာ၊ နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အန္တရာယ်အကဲဖြတ်မှု လုပ်ဆောင်ပါ။ သိမ်းဆည်းထိန်းသိမ်းခြင်းကို လိုအပ်ပါက အခြားနိုင်ငံများတွင် ပြုလုပ်ရန် စဉ်းစားပါ။

ပုဂ္ဂလိကကိုယ်ရေးကိုယ်တာအချက်အလက် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများကို သတိထားပါ။

စုဆောင်းရရှိထားသော အချက်အလက်တိုင်းအတွက် စေ့စပ်သေချာသော ထိန်းသိမ်းမှုကွင်းဆက် မှတ်တမ်းထားရှိပါ။ ယင်းမှတ်တမ်းသည် ၎င်းအချက်အလက်၏ တည်နေရာကို အသေးစိတ်ဖော်ပြကာ သတင်းအချက်အလက်ကို မူလလက်ခံရရှိသည့်အချိန် သို့မဟုတ် ဖန်တီးပြီးချိန်မှစပြီး စုံစမ်းစစ်ဆေးရေး အာဏာပိုင်ထံ လွှဲပြောင်းပေးအပ်ပြီးချိန်အထိ ၎င်းကို ရယူကိုင်တွယ်သူတိုင်းအား ခွဲခြားသတ်မှတ်ထားမည်ဖြစ်သည်။ ထိန်းသိမ်းမှုကွင်းဆက် မှတ်တမ်းတစ်ခုကို ဖန်တီးသောအခါ နောက်ဆက်တွဲ ၂ ရှိ ‘ထိန်းသိမ်းမှုကွင်းဆက်ပုံစံ’ ကို အသုံးပြုရန် စဉ်းစားပါ။

သတင်းအချက်အလက် သင်ဖန်တီးသည့်အချိန် သို့မဟုတ် သင်လက်ခံရရှိသည့်အချိန်မှစ၍ သင့်လျော်သော အချက်အလက်စီမံခန့်ခွဲမှုအလေ့အကျင့်များကို ကျင့်သုံးပါ။ အဆိုပါအလေ့အကျင့်များသည် အချက်အလက် သို့မဟုတ် ပစ္စည်း၏ စစ်မှန်မှုနှင့် လူတစ်ဦးတစ်ယောက်က ပြန်လည်ပြုပြင်ပြင်ဆင်ပြောင်းလဲထားနိုင်ခြေ ရှိ၊ မရှိတို့ကို အကဲဖြတ်ဆုံးဖြတ်ရန် မရှိမဖြစ်လိုအပ်သောကြောင့်၊ အချက်အလက်စီမံခန့်ခွဲမှုကို သင့်အဖွဲ့အစည်းတွင်း စံလုပ်ထုံးလုပ်နည်း သို့မဟုတ် စံလက်စွဲအဖြစ် သတ်မှတ်ထားသင့်သည်။

စုဆောင်းထားသောပစ္စည်း၊ အချက်အလက်တစ်ခုစီအတွက် ဒေတာဘေ့စ်ဖန်တီးပါ။ ထိုသို့ဖန်တီးရာတွင် အောက်တွင်ဖော်ပြထားသည့် အဓိကအချက်အလက်များပါဝင်ရမည်။ (ထိုသို့လုပ်ရန်မဖြစ်နိုင်ပါက မလုပ်နိုင်ရသည့် အကြောင်းအရင်းနှင့် အသုံးပြုခဲ့သည့် အခြားနည်းများကို မှတ်တမ်းတင်ပါ။)

[39] Public International Law & Policy Group – ‘Handbook on civil society documentation of serious human rights violations’, 2016, Section 4, p. 116. ကိုကြည့်ပါ။

- အချက်အလက်စုဆောင်းသည့် ရက်စွဲ၊ အချိန်နှင့် တည်နေရာ။
- ပစ္စည်း၏ အကျဉ်းချုပ်ဖော်ပြချက် (ဥပမာ - ဆေးမှတ်တမ်းများ(စာမျက်နှာ အရေအတွက်)၊ မန်မိုရီစတစ်(အရေအတွက်)၊ ဒေတာပါရှိသော လက်တော့ပ်များ (အရေအတွက်)၊ ဓာတ်ပုံ/ဗီဒီယို (အရေအတွက်)။
- ဖန်တီးသူ သို့မဟုတ် စုဆောင်းသူ၏ အမည်အပြင် (ဖြစ်နိုင်လျှင်) အချက်အလက်ပေးသူ၏အမည်။
- (အချက်အလက်) ထွက်လာသည့်/ထုတ်လုပ်လိုက်သည့်အချိန်မှစ၍ သင့်လက်ဝယ်သို့ရောက်သည်အထိ သတင်းအချက်အလက် သို့မဟုတ် ပစ္စည်းကိုလက်ဝယ်ရယူအသုံးပြုခဲ့သူအသီးသီးနှင့် ပတ်သက်သည့် သိရှိထားသောအချက်အလက်များ၊ ထိုသတင်း အချက်အလက်ကို သတင်းဇစ်မြစ်ကမျှဝေရသည့် စေ့ဆော်မှုအကြောင်းအရင်း။
- ပစ္စည်းကိုထိန်းသိမ်းခြင်းနှင့် ဝင်ရောက်ကြည့်ရှုခွင့်ကို ထိန်းချုပ်ခြင်းအတွက် တာဝန်ရှိသော ပုဂ္ဂိုလ် (များ) ၏ အမည် (များ) အပါ အဝင် လက်ခံရရှိသည့်အချိန်မှစပြီး ၎င်းကို စုံစမ်းစစ်ဆေးရေးအရာရှိများထံ လွှဲပြောင်းပေးအပ်သည့်အချိန်အထိ ထိုပစ္စည်းကို သိမ်းဆည်းထားရှိခဲ့သည့်နေရာအတိအကျ၊
- ဝင်ရောက်ကြည့်ရှုသူတိုင်း၏ အသေးစိတ်မှတ်တမ်း၊ ဝင်ရောက်ကြည့်ရှုသည့် အရာတစ်ခုစီနှင့်စပ်လျဉ်း၍ ဖော်ပြထားသည့် - ရက်စွဲ (ဝင်ရောက်ကြည့်ရှုသည့် စတင်ချိန်နှင့် ပြီးဆုံးချိန်) အချိန်၊ ပစ္စည်းကို ဝင်ရောက် ကြည့်ရှုခဲ့သည့်နေရာ (ယင်းတွင် ၎င်းကို သိမ်းဆည်း ထားသည့် နေရာတွင်မှ မရွှေ့ဘဲ ဆွေးနွေးခြင်းသည် အကောင်းဆုံးအနေအထားဖြစ်သည် (နှင့်) ဝင်ရောက်ကြည့်ရှုရသည့် အကြောင်းရင်း) ရည်ရွယ်ချက်၊ စသည်တို့ ပါဝင်သည်။ ဤတွင် အထုပ်များကို အထုပ်ပိတ်ခြင်းနှင့် ပြန်လည်အထုပ်ပိတ်ခြင်းဆိုင်ရာ အချက်အလက်များလည်း ပါဝင်သည် ။ ထို့အပြင်
- အလွန်အကဲဆတ်သော အချက်အလက်များအတွက် သီးခြားမှတ်တမ်းတစ်ခု ဖန်တီးရန်စဉ်းစားပါ သို့မဟုတ် သင့်အချက်အလက်များရရှိသော ပြင်ပအရင်းအမြစ်များ ၏ အမည်များကိုကာကွယ်ရန် စကားဝှက်များကို အသုံးပြုပါ။

ထုပ်ပိုးမှု - စုဆောင်းထားသော ပစ္စည်းတိုင်း ဘေးကင်းလုံခြုံစေရန်နှင့် ယိုယွင်းပျက်စီးမှုမှ ကာကွယ်စေနိုင်ရန် စနစ်တကျ ပြင်ဆင်သိမ်းဆည်းထားသင့်သည်။ သင့်လျော်သောထုပ်ပိုးမှုသည် စုဆောင်းရရှိသော အချက်အလက်၏ အရွယ်အစားနှင့် သဘောသဘာဝ အပေါ်မူတည်ပါသည်။ အောက်ပါတို့ကို သုံးသပ်ကြည့်ပါ-

- ကိုက်ညီသောပစ္စည်းကိရိယာများကို ကြိုတင်ပြင်ဆင်ပါ။
- (ဥပမာ သွေးနှင့် ခန္ဓာကိုယ်အရည်များကဲ့သို့) ဇီဝပစ္စည်း သို့မဟုတ် (ပလပ်စတစ်မဟုတ်သည့်) စက္ကူပုံးများတွင် ကျန်ရှိနေသော အစိုဓာတ်များ ပါဝင်သည့်ပစ္စည်းများကို ပြင်ဆင်သိမ်းဆည်းပါ။
- ပစ္စည်းများကိုထုပ်ပိုးခြင်းမပြုမီ ခြောက်အောင်လုပ်ပါ။ ထိုသို့ မလုပ်နိုင်ပါက ၎င်းပစ္စည်းကို ဘေးကင်းသော နေရာတွင် အခြောက်ခံပြီး စနစ်တကျထုပ်ပိုးပြီးသည့် အခြေအနေ မရောက်ခင်အထိ စက္ကူအိတ်တစ်ခုဖြင့် သယ်ယူပို့ဆောင်ပါ။

- မည်သည့်အထုပ်အပိုးမဆို သန့်ရှင်းပြီး ကြိုတင်အသုံးပြုထားခြင်း မရှိစေရ။
- သယ်ယူပို့ဆောင်မှုနှင့် သိုလှောင်မှုအတွင်း အနံ့အသက် များကို တားဆီးရန် သို့မဟုတ် လွှက်ကဲစွာ လှုပ်ရှားမှု၊ အပူ၊ ဆောင့်ကန်မှု (shock)၊ စိုထိုင်းဆများမှ ကာကွယ်ရန် လိုအပ်လျှင် လိုအပ်သလို အလွှာများစွာကို အသုံးပြုပါ။
- ပစ္စည်းတစ်ခုကို ထုပ်ပိုးရန် အလွန်ကြီးနေပါက ၎င်းကို စက္ကူဖြင့်ထုပ်ပါ။ ထိုသို့ မဖြစ်နိုင်ပါက ပစ္စည်းကို တံဆိပ်တပ်၍ သင့်လျော်စွာ သိမ်းဆည်းပါ။
- လိုအပ်ပါက လက်ရှိအခြေအနေတွင်ရနိုင်သောပစ္စည်းများဖြင့် ကြံရည်ဖန်ရည်အသုံးပြု လက်တန်းထုတ်ပိုးနိုင်ပါစေ၊ သင့်လက်တွင်ရှိသောအရာများသည် သန့်ရှင်းသရွေ့ သို့မဟုတ် အသုံးမပြုရသေးသရွေ့ ထိုအရာများကို သာမန်အသိဉာဏ်သုံး၍ အသုံးပြုပါ (ဥပမာ စာရွက်တစ်ရွက်ကို စာအိတ်အဖြစ် အသုံးပြုနိုင်ပြီး ပလပ်စတစ်အိတ်ကို အလုံပိတ်အိတ်အဖြစ် သုံးနိုင်သည်)။

**တံဆိပ်တပ်ခြင်း -** အထုပ်ကိုဖွင့်စရာမလိုဘဲ အလွယ်တကူ ခွဲခြားသိရှိနိုင်စေရန် ထုပ်ပိုးထားသောပစ္စည်းများကို တံဆိပ် တပ်ပါ။ ပစ္စည်းပေါ်တွင် ၎င်း၏ အခြေခံသက်ဆိုင်ရာ အချက်အလက်များပါရှိသော တံဆိပ်တစ်ခုကို ရေးပါ။ ယင်းတွင် အထွေထွေ အကြောင်းအရာဖော်ပြချက်၊ ရက်စွဲ၊ အချိန်၊ စုဆောင်းခဲ့သည့်နေရာ၊ စုဆောင်းသူ၏အမည်နှင့် လိုအပ်၍ အန္တရာယ်ကင်းပါက ပြင်ပမှ ပစ္စည်းပေးသူ၏အမည် စသည်တို့ပါဝင်သည်။ လုံခြုံရေးအရလိုအပ်ပါက စုဆောင်းထားသော အချက်အလက်များ၏ မှတ်တမ်း /ဒေတာဘေ့စ်တွင် မှတ်တမ်းတင်ထားသော သက်ဆိုင်ရာ ဒေတာနှင့် ၎င်းကို ချိတ်ဆက်ပေးသည့် သီးသန့် ကိုယ်ပိုင်နံပါတ်ကို အထုပ်တွင် သတ်မှတ်ပေးရန် စဉ်းစားပါ။ ၎င်းထဲတွင် ပစ္စည်းများမထည့်မီ ထုပ်ပိုးမှုကို တံဆိပ်တပ်ပါ။ ခြွင်းချက်အခြေအနေ (ဥပမာ - ပစ္စည်းသည်ထုပ်ပိုးရန်အလွန်ကြီးလွန်းနေပါက) များတွင်သာ ပစ္စည်းများကို တိုက်ရိုက် တံဆိပ်တပ်ခြင်း သို့မဟုတ် အမှတ်အသားတပ်ပါ။ အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများ (ဆိုလိုသည်မှာ ဇီဝဗေဒဆိုင်ရာ သို့မဟုတ် ချွန်ထက်သောအရာများ) ပါဝင်သော အထုပ်များပေါ်တွင် သတိပေးတံဆိပ် တပ်ထားပါ။

**အလုံပိတ်ခြင်း -** အထုပ်အပိုးသည် ပြန်လည်ပြုပြင်ပြောင်းလဲ ပြင်ဆင်ထားခြင်းမရှိကြောင်းထင်ရှားစေသည့် အလုံပိတ်နည်းဖြင့် ပိတ်ပါ (ဆိုလိုသည်မှာ ခိုင်ခံ့သော ကပ်တွယ်တိပ်များ) ကို အသုံးပြု၍ အထုပ်ကို (တိပ်ကိုဖြတ်တောက်ခြင်းမရှိဘဲ တဆက်တည်းပတ်၍)။ ပြီးလျှင် အလုံပိတ်ထားသည့် အထုပ်ကို တံဆိပ်ရေး၍ ရက်စွဲတပ်ပါ။ စတက်ပလာများ၊ ရုံးသုံးတိပ်များ သို့မဟုတ် ကော်ကပ်စာအိတ်များကို အလွယ်တကူ ဖွင့်နိုင်ပြီး ၎င်းတို့၏ ကပ်ငြိနိုင်စွမ်း လျင်မြန်စွာ ဆုံးရှုံးနိုင်သောကြောင့် အသုံးမပြုပါနှင့်။ ယေဘုယျအားဖြင့် အလုံပိတ်ထားသော အထုပ်ကို ပြန်မဖွင့်ပါနှင့်။ ခြွင်းချက်ထားရမည့် အခြေအနေ များတွင် အလုံပိတ်ထားသော အထုပ်ကို ဖွင့်ရန်လိုအပ်ပါက၊ မူရင်းပိတ်ထားသော နေရာ၏အောက်တွင် အထုပ်ကို လိုင်းတစ်ကြောင်း တည်းဖြင့် ဖြတ်ဖွင့်ပြီး ၎င်းကိုပြန်လည် အလုံပိတ်ပါ။ အလုံပိတ်ထားသော အထုပ်ကိုဖွင့်သည့် ရက်စွဲ၊ နေရာ၊ ပါဝင်ပတ်သက်သူ များနှင့် ဖွင့်ရသည့် အကြောင်းရင်းများကို ထိန်းသိမ်းမှုကွင်းဆက် မှတ်တမ်းတွင် သေချာ မှတ်တမ်းတင်နိုင်ပါစေ။

**စာရင်းပြုစုခြင်း** - စုဆောင်းထားသော အချက်အလက် အများအပြားကို ကိုင်တွယ်လုပ်ဆောင်ရာတွင် စုဆောင်းထားသော သို့မဟုတ် ရရှိထားသော အချက်အလက်အားလုံးကို လိုသည့်အခါ အလွယ်တကူ ပြန်လည်ရယူနိုင်ပါစေ။ အချက်အလက်၊

ပစ္စည်းများကိုမည်သို့စုဆောင်းထိန်းသိမ်းထားသည်ကို ရှင်းလင်းသည့် ခြုံငုံဖော်ပြချက်ထားရှိပါ။ ပစ္စည်းတစ်ခုစီကို လိုအပ်သည့် အခါ လွယ်ကူစွာ ရှာဖွေနိုင်ရန်နှင့် ပြန်လည် ထုတ်ယူနိုင်ပါစေ။ စုဆောင်းထားသော ပစ္စည်းများအားလုံး၏ အခြေခံအချက် အလက်များကို မှတ်တမ်းတင်ထားသော စာရွက်စာတမ်း သို့မဟုတ် ဒေတာဘေ့စ်တစ်ခု ဖန်တီးပါ။

**သိမ်းဆည်းသိုလှောင်ခြင်း -** သင်၏ အရင်းအမြစ်များ (ဆိုလိုသည်မှာ ရုပ်ပိုင်းဆိုင်ရာနေရာနှင့် ရနိုင်သောပစ္စည်း) အပေါ်မူတည်၍ လုံလောက်သော ရုပ်ပိုင်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ်ဖြင့် သိမ်းဆည်းသိုလှောင်မှုစနစ်များကို ရွေးချယ်ပါ။ လုံခြုံရေးအရ ပိုမိုကောင်းမွန်သော လုံခြုံရေး အစီအမံများကို အသုံးပြု၍ အလွန်အကဲဆတ်သော အချက် အလက်များကို သီးခြားသိမ်းဆည်းထားသင့်သည်။ သိမ်းဆည်းသိုလှောင်မှုနှင့်စပ်လျဉ်း၍ အောက်ပါ လမ်းညွှန်ချက်များကို ထည့်သွင်းစဉ်းစားပါ။

- နံပါတ်စဉ်စနစ်ဖြင့် ပစ္စည်းအားလုံးကို catalogue စာရင်း ပြုစုပါ။ အရေးကြီးသောအချက်အလက်များကို မိတ္တူကူးပြီး လုံခြုံသောနေရာတွင် သီးခြားစီသိမ်းဆည်းပါ။
- အလွန် အကဲဆတ်သောအချက်အလက်၊ ပစ္စည်းများကိုသီးခြားသိမ်းဆည်း၍ လျှို့ဝှက်ချက်ကိုထိန်းသိမ်းပါ။
- သိမ်းဆည်းသိုလှောင်မှုစနစ်ပေါ် မူတည်၍ လျှို့ဝှက် ထားသည့် အချက်အလက်များကို lock ချခြင်း သို့မဟုတ် စကားဝှက် ထားပြီး ၎င်းတို့ကို အခြားသူများ မသိစေရန် အတတ်နိုင်ဆုံးကြိုးစားပါ။
- (ဥပမာ -ပြင်ပအရင်းအမြစ်များ သို့မဟုတ် အချက်အလက် များအတွက် စကားဝှက်ကုဒ်အမည်များကို အသုံးပြုကာ ထိုကုဒ်များအတွက် ဖောက်နိုင်သည့်သော့ကို ဘေးကင်းစွာ သီးခြားစီထားရှိခြင်းကဲ့သို့) တတ်နိုင်သမျှ စကားဝှက်ကုဒ်များ သို့မဟုတ် အမည်ဝှက်များကို အသုံးပြု၍ အချက်အလက် များကို ကုဒ်နံပါတ်ဖွက်ခြင်းများ ပြုလုပ်ပါ။
- 'သိခွင့်ရှိသော/သိရန်လိုသောမူ (Need-to-know principle)' ကိုအခြေခံ၍ သတင်းအချက်အလက် ဝင်ရောက်ကြည့်ရှုခွင့်ကို ကန့်သတ်ပါ။ သတင်းအချက်အလက်ကို ဝင်ရောက်ကြည့်ရှုသူနည်းပါးလေလေ ပို၍ထိန်းသိမ်းထားနိုင်လေလေဖြစ်သည်။ သတင်းအချက်အလက်ဝင်ရောက်ကြည့်ရှုခွင့်ကို ထိန်းချုပ်ရန် ရှင်းလင်းသောညွှန်ကြားချက်များ သတ်မှတ်ပါ (အထက်တွင် ကြည့်ပါ)။
- သတင်းအချက်အလက်တစ်ခုခုအပေါ် အန္တရာယ်ကျရောက် လာပါက တုံ့ပြန်နိုင်ရန် အရေးပေါ်လုံခြုံရေးအစီအစဥ်ကို ရေးဆွဲပါ။ မြင်သာထင်သာရှိသော အန္တရာယ်မရှိလျှင် အချက်အလက်များကို မဖျက်ဆီးပါနှင့်။

**ရုပ်ပိုင်းဆိုင်ရာ သိမ်းဆည်းသိုလှောင်ခြင်း-**

◊ မီး၊ ရေ၊ အလွန်အမင်း အပူချိန်နှင့် အင်းဆက်ပိုးမွှားများ၏အန္တရာယ်မှကာကွယ်ရန် အချက်အလက်များကို သော့ခတ်ထားသော သိုလှောင်ရုံ (ဆိုလိုသည်မှာ မီးခံသေတ္တာ သို့မဟုတ် အံဆွဲဗီရို)တွင် သိမ်းဆည်းပါ။

◊ ပစ္စည်းများကို အတူတကွ သိမ်းဆည်းထားသော အစုတစ်ခု၏ တစ်စိတ်တစ်ပိုင်းအနေနှင့် သိမ်းဆည်းထားပါ (ဆိုလိုသည်မှာ စာရွက်စာတမ်းများ အတူတကွ စုဆောင်းထားခြင်းဖြစ်သည်)။

**ဒစ်ဂျစ်တယ်ဖြင့် သိမ်းဆည်းသိုလှောင်ခြင်း-**

◊ သင်အသုံးပြုသော စက်ပစ္စည်း operating system နှင့် ဆော့ဖ်ဝဲသည် နောက်ဆုံးပေါ်ဖြစ်ပါစေ။

◊ သယ်ယူရလွယ်ကူပြီး အလွယ်တကူ ဝှက်ထားနိုင်သော (ဥပမာ - USB၊ flash drive၊ SD ကတ်များ သို့မဟုတ် external hard drive ကဲ့သို့) စကားဝှက်ကုဒ်လုပ်ထားသည့် (encrypt) သိုလှောင်ရေးကိရိယာကို အသုံးပြုပါ။

◊ အချက်အလက်များကို အင်တာနက်ချိတ်ဆက်မှုရှိသော စက်များတွင် သိမ်းဆည်းခြင်းကို ရှောင်ရှားသင့် သော်လည်း ထိုသို့လုပ်ဆောင်ရမည်/လုပ်ဆောင်နေသည် ဆိုပါက ၎င်းတို့ကို သင့်လျော်သော ဗိုင်းရပ်စ်၊ Spyware တိုက်ဖျက်ရေး နှင့် Firewall ဆော့ဖ်ဝဲလ်များဖြင့် ကာကွယ်ထားပါ။

◊ အင်တာနက်နှင့်ချိတ်ဆက်ထားခြင်းမရှိဘဲ စကားဝှက်ကုဒ်လုပ်ထားသည့် (encrypt) ကိရိယာများပေါ်တွင် အလွန်အကဲဆတ် သောအချက်အလက်များကို အမြဲ သိမ်းဆည်းပါ[40] ၎င်းတို့ကို အင်တာနက်ချိတ်ဆက်ထားခြင်း မရှိသည့် စက်ပစ္စည်းများမှ ဝင်ရောက်ကြည့်ရှုပါ။

◊ ဒစ်ဂျစ်တယ်အချက်အလက်ကို အလွယ်တကူပြန်လည် ထုတ်ယူနိုင်စေရန် ယုတ္တိနည်းကျကျ ဖွဲ့စည်းထားသော ဖိုင်တွဲများတွင် သိမ်းဆည်းပါ။

◊ အချက်အလက်ဆုံးရှုံးမှုကို ကာကွယ်ရန် အချက်အလက်များကို ပုံမှန်အရန်သိမ်းဆည်းထားနိုင်ပါစေ။ သင်၏ အရန်ကူးယူထားခြင်းသည် အလုပ်ဖြစ်ပါစေကြောင်းနှင့် ဒေတာများ ဆုံးရှုံးသွားရပါက သင့်ဒေတာအားလုံးကို ပြန်လည်ရယူ နိုင်ကြောင်း သေချာပါစေ။

◊ မှုခင်းဆေးစစ်မှုမှရရှိချက်များကို ကူးထားသည့် Master မိတ္တူကို အခြားစက်ပစ္စည်းနှင့် မချိတ်ဆက်ပါနှင့်။

◊ သင့်အချက်အလက်များကိုသိမ်းဆည်းရန် cloud ဝန်ဆောင်မှုများကို အသုံးပြုပါက သင့်အကောင့် စစ်မှန်ကြောင်း ဘက်ပေါင်းစုံမှ အထောက်အထားစစ်သည့်၊ လျှို့ဝှက်ကုဒ်အပြည့်ပေးရသည့် service providers မျိုးကိုရွေးချယ်ပါ။ ထို့အပြင် ဒေတာကို ကာကွယ်ရန် အားကောင်းသည့် password များ အသုံးပြုပါ။ ဖြစ်နိုင်ပါက ၎င်းကို ဝင်ရောက် ကြည့်ရှုအသုံးပြုရန် အများသုံး Wi-Fi ကို အသုံးမပြုပါနှင့်။ သို့မဟုတ် သင်၏ VPN ကို ဖွင့်ထားရန် သေချာပါစေ။

[40] AxCrypt, BitLocker, GNU Privacy Guard.ကဲ့သို့သော စကားဝှက်ကုဒ်လုပ်ထားသည့် အခမဲ့ encryption tools များကို အင်တာနက်တွင် ရှာဖွေ ရယူနိုင်သည်။

# ၁၃. စုဆောင်းကောက်ယူထားသည့် သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း

အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များသည် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှရရှိသည့် အကြောင်းအရာများအပါအဝင် ၎င်းတို့ရရှိသော အချက်အလက်များအပေါ် သီးခြားလွတ်လပ်သော ခွဲခြမ်းစိတ်ဖြာမှုများကို အမြဲတစေ လုပ်ဆောင်နေမည်ဖြစ်သည်။ ယင်းသည် လုပ်ပိုင်ခွင့်၊ ရည်မှန်းချက်များနှင့် ဥပဒေမူဘောင်အရ လိုအပ်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ကိုယ်ပိုင် ခွဲခြမ်းစိတ်ဖြာမှုလုပ်ဆောင်ခြင်းများကို အဟန့်အတားမဖြစ်စေနိုင်ပါ။ အမှန်မှာ ထိုသို့သော ခွဲခြမ်းစိတ်ဖြာမှုသည် တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများအတွက် အလွန် အသုံးဝင်ပါသည်။

သတင်းအချက်အလက် စုဆောင်းမှုတွင်ပါဝင်သော အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ သတင်းအချက်အလက် ခွဲခြမ်းစိတ်ဖြာခြင်းသည် အထူးသဖြင့် ကြီးမားသော ဒေတာအစုအဝေးများနှင့် ပါဝင် ပတ်သက်နေလျှင်သော်လည်းကောင်း အရင်းခံအချက်အလက်များသည် နည်းပညာပိုင်းဆိုင်ရာ သို့မဟုတ် သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာမှု လိုအပ်နေလျှင်သော်လည်းကောင်း အထောက်အကူဖြစ်စေနိုင်သည်။ ထိုကြီးမားသော ဒေတာအစုအဝေးတွင် ဗီဒီယိုများ၊ ရေဒီယိုဆက်သွယ်ရေးများ၊ အီလက်ထရွန်နစ်ဒေတာ၊ ဆိုရှယ်မီဒီယာအချက်အလက်များ၊ ငွေကြေးဆိုင်ရာ အချက်အလက်များ စသည်တို့ပါဝင်သည်။

ခွဲခြမ်းစိတ်ဖြာခြင်းလုပ်ငန်းကို ဆောင်ရွက်သည့်အခါတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အောက်ပါအခြေခံမူများနှင့် အညီ လုပ်ဆောင်ရန် အကြံပြုအပ်ပါသည်။

- စုဆောင်းထားသော ပစ္စည်းများ၏ ပကတိအခြေအနေ ခိုင်မာပြည့်စုံမှုနှင့် ထိန်းသိမ်းမှုကွင်းဆက်ကို မထိခိုက်စေသည့် နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာပါ။
- စုဆောင်းရရှိထားသော ဖြစ်ရပ်မှန်ပကတိအချက်အလက် မှတ်တမ်းများနှင့် ရောယှက်ထွေးခြင်းမရှိစေဘဲ သင်၏ ခွဲခြမ်းစိတ်ဖြာမှုကို သီးခြားမှတ်တမ်းတင်ပါ။
- အသုံးပြုထားသော သတင်းအချက်အလက် သို့မဟုတ် ပစ္စည်းများ၊ နည်းစနစ်နှင့် ပတ်သက်၍ ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြပါ။ သို့မှသာ ပြင်ပအဖွဲ့အစည်းများအနေနှင့် ခွဲခြမ်းစိတ်ဖြာတွေးခေါ်မှုကို ပြန်လည်တည်ဆောက်နိုင်ပြီး ပြန်လည်သုံးသပ်နိုင်မည် ဖြစ်သည်။

တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် သက်ဆိုင်ရာ အချက်အလက်များ စုဆောင်းသည့်အခါ အောက်ပါ ခွဲခြမ်းစိတ်ဖြာချက်သည် အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေး၊ တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်များ အတွက် ထိုအချက်အလက်များ၏ အသုံးဝင်မှုကို ပို၍ကောင်းမွန်အောင် လုပ်ဆောင်ရန် အထောက်အကူ ဖြစ်စေနိုင်သည် -

**အရင်းအမြစ်အကဲဖြတ်ခြင်း** - သတင်းအရင်းအမြစ်၏ ယုံကြည်စိတ်ချရမှုနှင့် သတင်းအချက်အလက်ကိုယ်တိုင်၏ ယုံကြည်အားထားရမှုကို သင်ကိုယ်တိုင်အကဲဖြတ်မှုပြုလုပ်ပါ။ သင်၏ အနှစ်ချုပ်ကောက်ချက်များ၊ ကောက်ချက်ချရသည့်နောက်ခံ အချက်အလက်၊ ဖြစ်ရပ်နှင့်အကြောင်းပြချက်များကို မှတ်တမ်းတင်ပါ။ အချက်အလက်များ၏ ရှေ့နောက်မညီမှုနှင့် အားနည်းချက် ရှိနိုင်ခြေများကို ဖော်ထုတ်ဖြေရှင်းပါ။

**အချက်အလက်များ၏ ရှေ့နောက်ဆက်စပ်ဖော်ပြခြင်း** - စုဆောင်းထားသော အချက်အလက်များကို ဆက်နွယ်၊ ချိတ်ဆက်၊ နှိုင်းယှဉ်ပါ။ ဆင်တူယိုးမှားများနှင့်/ သို့မဟုတ် ရှေ့နောက်မညီမှုများကို ရှာဖွေပြီး (ဥပမာ တူညီသော အရင်းအမြစ် သို့မဟုတ် နေရာမှ ပစ္စည်းများနှင့်အတူ လူပုဂ္ဂိုလ်များ။ နေရာများ၊ မတူညီသည့်ပစ္စည်းများတွင် ကိုးကားဖော်ပြထားသည့် ဖြစ်ရပ်များ ကဲ့သို့သော) ကွင်းဆက်များကို ခွဲခြားသတ်မှတ်ပါ။ အခြားအချက်အလက်များဖြင့် နှိုင်းယှဉ်ပေါင်းစပ်ဖြည့်စွက် အတည်ပြုထားသည့် အချက်အလက်များကို ခွဲခြားသတ်မှတ်ပါ။

**အချက်အလက်ခိုင်မာစေခြင်း** - ရရှိပြီးသောအချက်အလက်များကို ဖြည့်စွက်ရန်နှင့်/ သို့မဟုတ် အတည်ပြုရန် နောက်ထပ် အချက်အလက်များရရှိနိုင်မည့် အခွင့်အလမ်းများကို ခွဲခြားသတ်မှတ်ပါ။

# နောက်ဆက်တွဲ ၁. အသိပေးသဘောတူညီချက် ပုံစံ

**သင်ပေးစွမ်းနိုင်သော အချက်အလက်များကို စုဆောင်းအသုံးပြုရန် သင့်အသိပေးသဘောတူညီချက် လိုအပ်ပါသည်။ သင့်အနေနှင့် အသိပေးသဘောတူညီချက်ကိုပေးခြင်းဖြင့် သင့်အား ရှင်းပြနားလည်ထားပြီးဖြစ်ကြောင်း၊ မှတ်တမ်းတင်ခြင်း လုပ်ဆောင်မှု၏ သဘောသဘာဝနှင့် နယ်ပယ်ကို နားလည်ကြောင်းနှင့် မှတ်တမ်းတင်ခြင်းတွင်ပါဝင်ရန် လက်ခံပြီး၊ သင်ပေးအပ်ထားသည့် အချက်အလက်ကို အရည်အချင်းပြည့်မီသော နိုင်ငံတော်နှင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ မျှဝေနိုင်သည်ကို လက်ခံကြောင်း အသိအမှတ်ပြုပါသည်။ ဤစာရွက်စာတမ်းကို လက်မှတ်ထိုးခြင်းဖြင့် သင်၏ အသိပေးသဘောတူညီချက်ကို ပေးသည်ဟု သင်လက်ခံပါသည်။**

ဤအကြောင်းကြောင့် အောက်ပါအချက်များကို ကျွန်ုပ် အသိအမှတ်ပြုပြီး အတည်ပြုပါသည် -

• ဤသည်မှာ မိမိဆန္ဒအလျောက်လုပ်ဆောင်သော လုပ်ငန်းစဉ်ဖြစ်ပြီး ကျွန်ုပ်သည် သတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို အကျပ်ကိုင်မှုသော်လည်းကောင်း၊ ခြိမ်းခြောက်မှုသော်လည်းကောင်း ဖိနှိပ်မှုသော်လည်းကောင်း မရှိဘဲ လွတ်လပ်စွာ ပေးထားပါသည်။

• ကျွန်ုပ်ပေးအပ်ထားသော အချက်အလက် သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ နှင့်/သို့မဟုတ် တရားစွဲဆိုမှုများတွင် အသုံးပြုနိုင်ပြီး ICC တရားစွဲအရာရှိရုံးအပါအဝင် အရည်အချင်းပြည့်မီသော နိုင်ငံတော် နှင့်/သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးအာဏာပိုင်များသို့ ပေးပို့မျှဝေသွားနိုင်ကြောင်း ကျွန်ုပ်ကို အသိပေးရှင်းပြထားပါသည်။

• ကျွန်ုပ်၏ကိုယ်ရေးအထောက်အထားနှင့် ကျွန်ုပ်ပေးထားသော အချက်အလက်မှန်သမျှသည် နောင်တချိန် တရားစွဲဆိုမှုများတွင် အဖွဲ့အစည်းများကို ထုတ်ဖော်ပြသနိုင်သည်ကို ကျွန်ုပ်သိပါသည်။

• မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ ကျွန်ုပ်ပေးထားသော အချက်အလက်များ၏ အသုံးပြုမှု အလားအလာအပြင် ဤလုပ်ဆောင်ချက်တွင် ကျွန်ုပ်၏ပါဝင်မှုနှင့် ဆက်စပ်၍ ဖြစ်လာနိုင်ခြေရှိသော အန္တရာယ်အားလုံးကို ကျွန်ုပ်နားလည်ပါသည်။

ဤအကြောင်းကြောင့် အောက်ပါအချက်များကို ကျွန်ုပ် သဘောတူပါသည် -

☐ သဘောတူထားသော လုပ်ဆောင်ချက်ကို ညွှန်ပြ/ဖော်ပြပါ (ဥပမာ - ပြောဆိုချက်တစ်ခု ပေးခြင်း၊ စာရွက်စာတမ်း သို့မဟုတ် အခြားပစ္စည်းများကို လွှဲပြောင်းပေးခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ခန္ဓာ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို မှတ်တမ်းတင်ခြင်း)။

☐ ICC တရားစွဲအရာရှိရုံးသို့ အချက်အလက် သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို ပေးပို့မျှဝေခြင်းနှင့် ၎င်းတို့ကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ နှင့်/သို့မဟုတ် တရားစွဲဆိုမှုများတွင် အသုံးပြုခြင်း။

☐ နိုင်ငံတော် အာဏာပိုင်များ သို့မဟုတ် အခြားသော နိုင်ငံတကာ တရားစီရင်ရေး ယန္တရားများသို့ အချက်အလက် သို့မဟုတ် စာရွက်စာတမ်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများကို မျှဝေခြင်းနှင့် ၎င်းတို့ကို ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ နှင့်/ သို့မဟုတ် တရားစွဲဆိုမှုများတွင် အသုံးပြုခြင်း။

☐ ကန့်သတ်ချက်များရှိပါက : ______________________________________________

______________________________________________

အမည် : ______________________

လက်မှတ် : ______________________

ရက်စွဲ : ______________________

# နောက်ဆက်တွဲ ၂. ထိန်းသိမ်းမှုကွင်းဆက်ပုံစံ

အချက်အလက်ထိန်းသိမ်းစောင့်ရှောက်သူမှ ဖြည့်ရန်

စုဆောင်းသည့် ရက်စွဲ: ________________________________________

စုဆောင်းသည့်နေရာ: ________________________________________

ပေးပို့သူ။ (သက်ဆိုင်လျှင်)

ပေးပို့/ ပုံ့ပိုးသည့် အမျိုးအစား၊ *(အချက်အလက်အမျိုးအစားကို ဖော်ပြပါ)*

လက်ခံရရှိသူ:

အဖွဲ့အစည်း။ (သက်ဆိုင်လျှင်)

စုဆောင်းရယူမှု အခြေအနေအခင်းအကျင်း ဖော်ပြချက်

__________________________________________________

________________________________________________________

______________________

________________________________________________________

______________________

________________________________________________________

_____________________

(အခြေအနေ၊ တန်ဖိုး၊ စုဆောင်းရသည့် အကြောင်းတရား)များ (အပါအဝင်) စုဆောင်းထားသော အချက်အလက် ဖော်ပြချက်-

________________________________________

________________________________________

________________________________________

________________________________________

________________________________________

အမည်/လက်မှတ် (ထိန်းသိမ်းစောင့်ရှောက်သူ) ____________________

အမည်/လက်မှတ် (ယုံကြည့်စိတ်ချ၍ အပ်နှံခြင်းခံရသူ) ____________________

| ရက်စွဲနှင့် အချိန်: | ထုတ်ပေးသူ:<br>(အမည်၊ လက်မှတ်) | လက်ခံရရှိသူ:<br>(အမည်၊ လက်မှတ်) | ထုတ်ပေးရသည့်<br>အကြောင်းအရင်း: |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |

# နောက်ဆက်တွဲ ၃. အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လုပ်ဆောင်ရမည့်အချက်များစာရင်း

ဤလုပ်ဆောင်ရမည့်အချက်စာရင်းသည် နိုင်ငံတကာရာဇဝတ်မှုများနှင့် နိုင်ငံတကာလူ့အခွင့်အရေး ချိုးဖောက်မှုများကို တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ် ရည်ရွယ်ချက်များအတွက် မှတ်တမ်း တင်ခြင်းလုပ်ဆောင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲပါရှိပြီး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသည့် အခြေခံမူ စည်းမျည်းများ၊ အဓိကအဆင့်များကို ဖော်ပြထားသည်။

ဤလုပ်ဆောင်ရမည့်အချက်စာရင်းသည် လမ်းညွှန်ချက်များတွင် အသေးစိတ်ဖော်ပြထားသော နိုင်ငံတကာစံနှုန်းများနှင့် အကောင်းဆုံးအလေ့အကျင့်များကို အလုံးစုံခြုံငုံသုံးသပ်ရန် ရည်ရွယ်ခြင်းမဟုတ်ဘဲ၊ လမ်းညွှန်ချက်များ အထောက်အကူပြု မှတ်သားရလွယ်စေရန် ရည်ရွယ်ပါသည်။

မှတ်တမ်းတင်ခြင်းလုပ်ငန်းများ မစတင်မီ အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေနှင့် လမ်းညွှန်ချက်များကို လေ့လာ ကြည့်ရှုတိုင်ပင်ဆွေးနွေးရန် တိုက်တွန်းအပ်ပါသည်။

| ၁။ ယေဘုယျအခြေခံမှု စည်းမျဉ်းများ | |
|---|---|
| ထိခိုက်မှု မရှိစေရ | ✓ သတင်းအချက်အလက်ပေးသူများ၊ ကြားခံပုဂ္ဂိုလ်များ၊ ဒေသခံရပ်ရွာအသိုင်းအဝိုင်းများနှင့် သင်ကိုယ်တိုင်အပါအဝင် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသူများ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ပါ။<br>✓ တရားဝင် နိုင်ငံတော်/နိုင်ငံတကာ အာဏာပိုင်များ၏ နောင်တချိန် အထောက်အထားများ စုဆောင်းခြင်းများ သို့မဟုတ် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးသက်ရောက်မှုများကို အကဲဖြတ်ပြီး လျှော့ချပါ။<br>✓ လူတစ်ဦး၏ လုံခြုံရေး၊ ရုပ်ပိုင်းဆိုင်ရာ/စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုနှင့် ပုဂ္ဂလိကအတွင်းရေးကို ဦးစားပေးပါ။<br>✗ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောမည်သူမဆို ထိခိုက်နစ်နာစေမည့် သို့မဟုတ် နောင်တချိန် အထောက်အထားများကို ထိခိုက်စေနိုင်သော မည်သည့် လုပ်ငန်းများကိုမှ မဆောင်ရွက်ပါနှင့်။ |
| | ✓ အချက်အလက်စုဆောင်းခြင်းဆိုင်ရာ လုပ်ဆောင်မှုတစ်ခုခုမစတင်မီ သင်ထိတွေ့ဆက်ဆံမည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ အသိပေးသဘောတူညီချက်ကို ရယူပါ။<br>✓ သဘောတူညီချက်သည်-<br>➤အသိပေးအကြောင်းကြားရမည် :လုပ်ဆောင်ချက်၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ လိုက်နာရမည့် လုပ်ထုံးလုပ်နည်း၊ ရရှိထားသော သတင်းအချက်အလက်များ၏ အသုံးပြုမှု အလားအလာ၊ လုံခြုံရေးအန္တရာယ်အလားအလာများ အပါအဝင် သတင်းအချက်အလက် မျှဝေခြင်း၏ ရေတိုအကျိုးဆက်များ စသည်တို့ကို အပြည့်အစုံ ရှင်းပြပါ။ |

| | |
|---|---|
| အသိပေး သဘောတူညီချက် | ➤ အချိန်နှင့် အမျှ အမြဲတမ်းအတည်ပြုရန်လိုအပ်သည် - လူတစ်ဦးအနေနှင့် လုပ်ဆောင်ချက်တွင် ပူးပေါင်းဆောင်ရွက်ရန် ၎င်းတို့၏သဘောတူညီချက်ကို အချိန်မရွေး ရုပ်သိမ်းနိုင်ကြောင်းနှင့် အဆိုပါအချက်အလက်များကို နိုင်ငံတော်အာဏာပိုင်များ (သို့မဟုတ်) ICC (သို့မဟုတ်) အခြားနိုင်ငံတကာ တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများနှင့် မျှဝေခြင်း မပြုမချင်း ပေးအပ်ထားသည့် အချက်အလက်များကို မျှဝေရန် သဘောတူညီချက်ကို ရုပ်သိမ်းနိုင်ကြောင်း သေချာ နားလည်သဘောပေါက်နိုင်ပါစေ။လုပ်ငန်းများ ရှေ့ဆက်တိုးတက် လုပ်ဆောင် လာသည်နှင့်အမျှ အသိပေးသဘောတူညီချက်ကို သက်တမ်းတိုးရမည်။<br><br>➤မိမိသဘောဆန္ဒအလျောက်ဖြစ်ရမည် - လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ကို လေးစားပြီး လူတစ်ဦးအနေနှင့် ၎င်းတို၏ သဘောဆန္ဒအလျောက် သဘောတူညီချက် ပေးနိုင်ပါစေ။ လွတ်လပ်စွာသဘောတူညီနိုင်စွမ်းကို ဟန့်တားနိုင်သည့် လူမှုရေးဆိုင်ရာ နောက်ခံအကြောင်းအရာများကို သတိထားပါ။ ထို့အပြင်<br><br>➤ ရှင်းလင်းပြတ်သားမှုရှိရမည် - အသိပေး သဘောတူခွင့်ပြုကြောင်း လက်မှတ် ရေးထိုးထားသည့် မှတ်တမ်းထားရှိပါ။<br><br>လမ်းညွှန်ချက်၏ နောက်ဆက်တွဲ ၁ ပါ အသိပေး သဘောတူညီချက်ပုံစံကို ကြည့်ပါ ။<br><br>✓ အရည်အချင်းပြည့်မီသောနိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ စုံစမ်းစစ်ဆေး ရေး အာဏာပိုင်များထံ ရရှိထားသော အချက်အလက်များကို မျှဝေရန် ကာယကံရှင်ပုဂ္ဂိုလ်များ၏အသိပေးသဘောတူခွင့်ပြုချက် တောင်းခံပါ။ သက်ဆိုင်ရာစည်းမျဉ်းများနှင့်အညီ လျှို့ဝှက်မှုဘောင်များကို ရှင်းပြပါ။<br><br>✗ လက်တွေ့မကျသော အာမခံမှုများ သို့မဟုတ် အချက်အလက်ကို နောက်တချိန်အသုံးပြုမှုနှင့် ပတ်သက်၍ ကတိများ မပေးပါနှင့်။<br><br>✓ အချက်အလက်မျှဝေရန် လူတစ်ဦး၏အသိပေးသဘောတူညီချက်ရရှိပြီးသည်နှင့် အရည် အချင်းပြည့်မီသောနိုင်ငံတော် သို့မဟုတ် နိုင်ငံတကာစုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ သတင်းအချက်အလက်ကို အခွင့်အရေးရရချင်းပေးနိုင်ဖို့ လုံခြုံစွာထိန်းသိမ်းထားပါ။ |

| | |
|---|---|
| | ✓ တရားစီရင်ပိုင်ခွင့် အမျိုးအပြားကြားတွင် သတင်းအချက်အလက်များမျှဝေပါက ညှိနှိုင်းဆောင်ရွက်မှုအဆင်ပြေစေရန် စီရင်ပိုင်ခွင့် တခုချင်းစီကို အကြောင်းကြားပါ။ |
| ဓမ္မဓိဋ္ဌာန်ကျမှု၊ သမာသမတ်ကျမှုနှင့် အမှီအခိုကင်းမှု | ✓ အမှန်တရားကို ရှာဖွေရန် ဘုံရည်ရွယ်ချက်ဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ၊ ဘက်မလိုက်ဘဲ အမှီအခိုကင်းစွာဖြင့် လုပ်ဆောင်ပါ။<br>✗ ထင်မြင်ယူဆချက်များ မဖန်တီးပါနှင့်။ သတင်းအချက်အလက်ပေးသူများအပေါ် ဩဇာမလွှမ်းမိုးပါနှင့်။ သင်၏ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်အတွင်း ဘက်လိုက်ခြင်းမလုပ်ပါနှင့်။<br>✓ အပြစ်ရှိကောင်းပြသသည့် အချက်အလက် နှင့် အပြစ်မှကင်းလွတ်စေသည့် အချက်အလက် နှစ်ခုလုံးကို အညီအမျှ မှတ်တမ်းတင်ပါ။<br>✓ အာဏာပိုင် သို့မဟုတ် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ဝင်ရောက်စွက်ဖက်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုမှ လွတ်လွတ်ကင်းကင်း လုပ်ဆောင်ပါ။ |
| တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဥပဒေနှင့်ဆီလျော်မှု | အထူးသဖြင့် သင်အလုပ်လုပ်နေသောနိုင်ငံ၌ တည်ဆဲဥပဒေများအောက် တွင် ဖြစ်လာနိုင်ချေရှိသော တာဝန်ခံမှုကို သတိထားပါ။<br>✓ သင်သည် တရားဝင် တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများ၏ လမ်းညွှန်မှု အောက်တွင် သို့မဟုတ် ထိုယန္တရားများကို ကိုယ်စားပြု၍ လုပ်ဆောင်နေခြင်း မဟုတ်ကြောင်း သတိရပါ။<br>✓ အချက်အလက်များကို ထိန်းသိမ်းစုဆောင်းရန် သင်၏ နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ်မှတ်တမ်း ရေးသားထိန်းသိမ်းပါ။ |
| ပရော်ဖက်ရှင်နယ်ဆန်မှုနှင့် လေးစားမှု | ✓ ပရော်ဖက်ရှင်နယ်ဆန်မှု၊ ရိုးသားဖြောင့်မတ်မှု၊ လေးစားမှု၊ စာနာမှုတို့ဖြင့် အမြဲတစေ ပြုမူပြီး ယဉ်ကျေးမှုဆိုင်ရာ အကဲဆတ်သောအကြောင်းအရာ များနှင့် ထိခိုက်နိုင်မှုများကို အချိန်တိုင်း သတိထားပါ။<br>✗ အချက်အလက်များကို ရယူရန် မည်သည့် အခကြေးငွေကိုမဆို ပေးချေခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းမျိုး မပြုပါနှင့်။ |

| ၂။ ပြင်ဆင်မှု | |
|---|---|
| ကနဦး ပြင်ဆင်မှု | ✓ လုပ်ငန်းလုပ်ဆောင်မှုပတ်ဝန်းကျင်ကို သုတေသနပြုပါ။ ထိုသို့လုပ်ရာတွင် စွပ်စွဲခံထားရသော ရာဇဝတ်မှုအမျိုးအစား (များ)။ ပါဝင်ပတ်သက်သူများနှင့် ဖြစ်နိုင်သည့်ကျူးလွန်သူ၊ လူအများ၏ ထိခိုက်ခံစားလွယ်မှု၊ ယေဘုယျ လူမှုရေး-ယဉ်ကျေးမှု၊ နိုင်ငံရေးနှင့် ဘာသာရေးဆိုင်ရာ နောက်ခံအကြောင်းအရင်း၊ ကျား၊မ၊ စသည်နှင့်အတူ သက်ဆိုင်ရာဥပဒေများ ကိုထည့်သွင်းစဉ်းစားပါ။<br><br>✓ သင်၏လုပ်ပိုင်ခွင့်၊ ရည်မှန်းချက်များနှင့် ဦးစားပေးအာရုံစိုက်မှုတို့ကို သတ်မှတ်ပါ - သင်မှတ်တမ်းတင်လိုသော အချက်အလက်များ၏ ပထဝီဝင်/ အချိန်ကာလ နယ်ပယ်ကို သတ်မှတ်ပါ။ သင့်လုပ်ငန်းဆောင်တာများကို လိုက်လျောညီထွေဖြစ်အောင် ဦးစားပေးသတ်မှတ်၊ အစီအစဉ်ဆွဲပါ။<br><br>✓ညှိနှိုင်းဆောင်ရွက်ခြင်း - တူညီသောပတ်ဝန်းကျင်တွင် လုပ်ဆောင်နေသော အခြားသောလူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏ ဆင်တူသည့် လုပ်ဆောင်မှုများကို ချရေးဆွဲပြီး ညှိနှိုင်းလုပ်ဆောင်ပါ။ အခြားသူများ စုဆောင်းပြီးသော အချက်အလက်များကို အကဲဖြတ်ပြီး သင့်လုပ်ဆောင်မှုများကို အာရုံစိုက်ပါ။<br><br>✓ ထောက်ပံ့ပို့ဆောင်ရေး - လုံလောက်သော ပစ္စည်းကိရိယာများ၊ ခရီးသွားလာမှုနှင့် တည်းခိုနေထိုင်ရေး အစီအစဉ်များ နှင့်အတူ လုံခြုံသော ဆက်သွယ်ရေး၊ ဥပမာအားဖြင့် ...များသေချာစေပါ။ |
| အရင်းအမြစ်များ | ✓သင့်အဖွဲ့ကို ဂရုတစိုက်ရွေးချယ်ပြီး ပြင်ဆင်ပါ (ဥပမာ ကျား၊ မ၊ နိုင်ငံသား၊ လူမျိုး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး၊ စသည်ဖြင့် ထည့် သွင်းစဉ်းစားပါ) ။<br><br>➤ သင့်အဖွဲ့တွင် သက်ဆိုင်ရာ အရည်အချင်းများ၊ အရည်အချင်းပြည့်မီမှု များနှင့် လေ့ကျင့်မှုများရှိနေပါစေ။<br><br>➤လိုအပ်လျှင်လိုအပ်သကဲ့သို့ စိတ်ပညာရှင်၊ လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုပိုင်းဆိုင်ရာကျွမ်းကျင်သူနှင့် ကလေးအထူးကုဆရာဝန်များ ပါဝင်ပါစေ။ |

| | |
|---|---|
| အရင်းအမြစ်များ | ➤ အဖွဲ့ဝင်များအားလုံးကို အသေအချာ စစ်ဆေး စိစစ်ပါ။<br>➤ ကြားခံပုဂ္ဂိုလ်များနှင့် စကားပြန်များကို ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ လုံခြုံရေးနှင့် လျှို့ဝှက်ထားမှု၏ အရေးပါမှုနှင့် ၎င်းတို့၏ ပါဝင်ပတ်သက်မှုကို တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ထုတ်ဖော်ပြောဆိုနိုင်ချေ အလားအလာများကို  အကျဉ်းချုပ် ပြောကြားထားပါ။ |
| လုံခြုံရေး | ✓ သင့်လုပ်ငန်းဆောင်တာများသည် သင့်ကိုယ်ပိုင်ဝန်ထမ်းများ သို့မဟုတ် သတင်းအချက်အလက်ပေးသူများ သို့မဟုတ် စကားပြန်များနှင့် ကြားခံပုဂ္ဂိုလ် များ သို့မဟုတ် ထိခိုက်ခံစားရသော ရပ်ရွာအသိုင်းအဝိုင်းများ သို့မဟုတ် အခြား မည်သည့်ပုဂ္ဂိုလ်များကိုမဆို အန္တရာယ်မဖြစ်ပါစေနှင့်။<br>✓ ခြိမ်းခြောက်မှုများ - ခြိမ်းခြောက်မှုလုပ်ဆောင်သူများနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်သူများအပေါ် ၎င်းတို့၏ထိခိုက်နစ်နာ အန္တရာယ်ပေးနိုင်စွမ်းများ ကို ခွဲခြားဖော်ထုတ်ပါ။<br>✓ အန္တရာယ်များ - အခြားအချက်များအပါအဝင် လက်တုံ့ပြန်ခြင်း၊ ခြောက်လှန့် ခြိမ်းခြောက်ခြင်း၊ ဖိအားများ၊ လာဘ်ပေးလာဘ်ယူခြင်း၊ ပြန်လည်စိတ်ဒဏ်ရာရခြင်း၊ မိသားစု/ရပ်ရွာအသိုင်းအဝိုင်းမှ ငြင်းပယ်ခံရခြင်း၊ အလုပ်နှင့်ပတ်သက်၍လုံခြုံရေး /ငွေကြေး အခက်အခဲ အကျပ်အတည်းအန္တရာယ်များ စသည်တို့ကိုပါ ထည့်သွင်းစဉ်းစားပါ။<br>✓ အန္တရာယ်အကဲဖြတ်ခြင်းများကိုလုပ်ဆောင်ပြီး အန္တရာယ်အဆင့်များကိုလျှော့ချရန် အန္တရာယ်လျှော့ချသည့် (ကြိုတင်ကာကွယ်မှုနှင့် တုံ့ပြန်မှု) အစီအမံများကို အသုံးပြုပါ။<br>✗ အန္တရာယ်များကို လက်ခံနိုင်သောအဆင့်သို့ မလျှော့ချနိုင်ပါက မှတ်တမ်းတင် လုပ်ငန်းများ မဆောင်ရွက်ပါနှင့်။ |
| လျှို့ဝှက်ချက် | ✗ မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်ကို ပြင်ပအခြားသူ အဖွဲ့အစည်းများနှင့် မဆွေးနွေးပါနှင့်။ |

| | |
|---|---|
| လျှို့ဝှက်ချက် | ✓ စုဆောင်းထားသော အချက်အလက်များနှင့် သတင်းအရင်းအမြစ်များကို တင်းကြပ်စွာ လျှို့ဝှက်ထားပါ။<br>✓ သတင်းအရင်းအမြစ်များကို စကားဝှက်ကုဒ်များဖြင့် အမည်ဝှက်ထားခြင်း၊ စကားဝှက်ကုဒ်လုပ်ထားသော စက်ပစ္စည်းများ အသုံးပြုခြင်း သို့မဟုတ် ဆက်သွယ်ရေးလမ်းကြောင်းများကို လုံခြုံအောင်လုပ်ခြင်းများ ကဲ့သို့သော လျှို့ဝှက်ရေးယန္တရား စနစ်များ အကောင်အထည်ဖော်ပါ။ |
| တဆင့်ခံ စိတ်ဒဏ်ရာ | ✓ အခြားသူများအပေါ် သက်ရောက်သော အကြမ်းဖက်မှု၊ ဝေဒနာနှင့် စိတ်ဒဏ်ရာများ ဆက်တိုက် ထိတွေ့မှုကြောင့် သင်စိတ်ဒဏ်ရာ ရနိုင်သည်ကို သတိပြုပါ။<br>✓ သင်ကိုယ်တိုင်နှင့် သင့်လုပ်ဖော်ကိုင်ဖက်များတွင် ဖြစ်ပေါ်နိုင်သည့် ရောင်ပြန်ဟပ် စိတ်ဒဏ်ရာ ရောဂါလက္ခဏာများနှင့် နိမိတ်ပြလက္ခဏာများကို စူးစမ်းလေ့လာပါ။<br>✓ ရင်ဆိုင်ဖြေရှင်းမှုအစီအမံများကို သတ်မှတ်ပြီး ပံ့ပိုးကူညီပေးနိုင်သည့် ဝန်ဆောင်မှုများနှင့် ကျွမ်းကျင်ပညာရှင်များ ထုတ်ဖော်သတ်မှတ်ပါ။ |

| ၃။ ထိရှလွယ် အားနည်းသူများ | |
|---|---|
| ယေဘုယျအခြေခံမှု စည်းမျဉ်းများ | ✓ သင့် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ထိရှလွယ် အားနည်းသူများနှင့် တတ်နိုင်သမျှ အနည်းဆုံး လိုအပ်သလောက်အနည်းဆုံးသာ ထိတွေ့ ဆက်ဆံပါ။<br>✗ အချက်အလက်သည်<br>➤ လုံး၀ လိုအပ်သည့် အချက်အလက် မဟုတ်ပါက၊<br>➤ ဓမ္မဓိဋ္ဌာန်ကျသော ထပ်လောင်းတန်ဖိုးတစ်ခု မရှိပါက၊ ထို့အတူ<br>➤ ဤအကြောင်းရာအချက်အလက် တူ ကို အခြားအရင်းအမြစ်များမှ ရယူနိုင်ပါက (တခြားအရင်းအမြစ်များမှ မရယူနိုင်သည်မျိုးမဟုတ်ပါက)<br>ထိရှလွယ် အားနည်းသူများနှင့် ထိတွေ့ဆက်ဆံပြီး ၎င်းတို့ထံမှ အချက်အလက်များ ရယူစုဆောင်းခြင်းမပြုပါနှင့်။<br>✓ ထိခိုက်နိုင်မှုကို တစ်ဦးချင်းစီ အလိုက် စစ်ဆေးရန် လိုအပ်သည်။ ကျွမ်းကျင်သူ/ လေ့ကျင့် သင်ကြားထားသော အဖွဲ့ဝင်များကို ထိခိုက်နိုင်မှုအကဲဖြတ်မှုတစ်ခု လုပ်ဆောင် ခိုင်းပြီး လိုအပ်လျှင်လိုအပ်သလို အရည်အချင်းပြည့်မီသော ကျွမ်းကျင်ပညာရှင်များနှင့် တိုင်ပင်ပါ။ စိတ်ဒဏ်ရာနှင့်ကလေးများဖြစ်ကြောင်း လက္ခဏာများ ပြသနေသူများအတွက် ဆေးခန်းစိတ်ပညာရှင်၏ အကူအညီကို ရယူပါ။<br>✓ မှတ်တမ်းတင်ခြင်းသည် ကာယကံရှင်အပေါ် အန္တရာယ် ပိုမိုကျရောက်နိုင်ပါက ထိုလုပ်ငန်းကို မလုပ်ဆောင်သင့် သို့မဟုတ် ရွှေ့ဆိုင်းသင့်သည်။ |
| စိတ်ဒဏ်ရာ | ✓ စိတ်ဒဏ်ရာ၏ အကျိုးသက်ရောက်မှုနှင့် အကျိုးဆက်များသည် လူတစ်ဦး တစ်ယောက်အပေါ်တွင် မူတည်သော်လည်း ယေဘုယျအားဖြင့် ရေရှည်တွင် စိတ်ပိုင်း ဆိုင်ရာ၊ ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ ဂယက်ရိုက်ခတ်မှုများ ရှိစေသည်။<br>✓ စိတ်ဒဏ်ရာရသူများသည် တိကျသောအချက်အလက်များကို ယုံကြည်စိတ်ချပြောဆို ပေးဆောင်နိုင်ပါသည်။ သို့သော် စိတ်ဒဏ်ရာသည် မှတ်ဉာဏ်အပေါ် သက်ရောက်မှုရှိနိုင်သည်။ |

| | |
|---|---|
| စိတ်ဒဏ်ရာ | ✓ စိတ်ဒဏ်ရာကို မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို နားလည်၊ အသိအမှတ်ပြုပြီး အသိရှိပါ။<br>✓ ပြန်လည်စိတ်ဒဏ်ရာရနိုင်ခြင်း၏ အန္တရာယ်များကို လျှော့ချပါ။ |
| ထိရှလွယ် အားနည်းသူများများနှင့် ထိတွေ့ဆက်ဆံခြင်း | ✓ စာနာစိတ်ရှိပြီး လေးစားမှုရှိပါ။<br>✓ သင်သည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် အခြားသော အထူးပြုလိုအပ်ချက်များကို ပံ့ပိုးပေးရန် အဆင်သင့်ဖြစ်နေပါစေ။<br>✓ ထိရှလွယ် အားနည်းသူများကို ရည်ညွှန်းပေးနိုင်မည့် လုံလောက်သော ပံ့ပိုးကူညီမှုယန္တရားစနစ် နေရာများများ ရှိမရှိ စုံစမ်းပါ။<br>✗ လုံလောက်သော ပံ့ပိုးကူညီမှုယန္တရားစနစ်များ မရှိပါက ထိရှလွယ် အားနည်းသူများထံ ချဉ်းကပ်ခြင်းမှ ရှောင်ကြဉ်ရန် စဉ်းစားပါ။<br>✓ လူတစ်ယောက်၏ ထိခိုက်နိုင်မှုကို အကဲဖြတ်ပြီး စိတ်ဒဏ်ရာကြောင့် ဖြစ်လာနိုင်သော သက်ရောက်မှုများအလိုက် သင်၏ ထိတွေ့ဆက်ဆံမှုကို အံဝင်ခွင်ကျဖြစ်စေရန် ပြင်ဆင်ပါ။<br>✓ အကယ်၍ (ဥပမာ -မိမိကိုယ်ကို ထိခိုက်စေလိုသောဆန္ဒကဲ့သို့သော) ပြင်းထန်သော အန္တရာယ်ရှိသည့် အချက်ပြလက္ခဏာများ ဆိုးရွားစွာ ပြသနေပါက ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်နှင့် ချက်ချင်းတိုင်ပင်ပါ။ |

| ၄။ တစ်စုံတစ်ယောက်၏ ပြောဆိုချက်များ ရယူခြင်း | |
|---|---|
| လမ်းညွှန်ချက်မူငါးပါး | ✓ အကောင်းဆုံး ဖြစ်သင့်သည်မှာ တရားစီရင်ရေးဆိုင်ရာ စစ်ဆေးမှုများအတွက် လိုအပ်သော အသေးစိတ် အချက်အလက်များရရှိရန် လူတစ်ဦးကို တစ်ကြိမ်သာ တွေ့ဆုံမေးမြန်းသင့်သည်။ ထိုသို့သော အင်တာဗျူးများကို အရည်အချင်းပြည့်မီသည့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များက လုပ်ဆောင်သင့်ပါသည်။<br><br>✓ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုလုပ်ငန်းစဉ် ကြိုးပမ်းမှုများကို ပံ့ပိုးရန် အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေနှင့် ဖြစ်လာနိုင်ခြေရှိသော စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုမှုများနှင့် သက်ဆိုင်သည့် အသေးစိတ် ဖြစ်စဉ် အချက်အလက်များကို သတင်းအချက်အလက်ရှိနိုင်သောသူများထံမှ  ရယူရန် မလိုအပ်ပါ။  အထူးသဖြင့် ထိရှလွယ် အားနည်းသူများ၊ အရည်အချင်းပြည့်မီသည့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ စစ်ဆေးမှုများ သက်ဝင်လှုပ်ရှားဆောင်ရွက်နေသည့် အခြေအနေများ စပ်လျဉ်းနေသည်။<br><br>➤ နစ်နာခံစားရသူများနှင့် မျက်မြင်သက်သေများကို ရှာဖွေဖော်ထုတ်ခြင်းနှင့် နစ်နာခံစားရခြင်းများနှင့် စွပ်စွဲခံထားရသော ရာဇဝတ်မှုများကို ချရေးပုံဖော်ခြင်းတို့ကို အာရုံစိုက်လုပ်ဆောင်ပါ။ ဤအချက်အလက်ကို နောင်တချိန်အင်တာဗျူးအတွက် အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ ပေးပို့ပါ။<br><br>✓ သင့် လုပ်ငန်းတာဝန်  အကောင်အထည်ဖော်ရာတွင် လူတစ်ဦး၏ ပြောဆိုချက်ကိုယူရန် လိုအပ်သည်ဟု ဆုံးဖြတ်ပါက ကနဦး အကြမ်းဖျင်း ဖြစ်စဉ်အချက်အလက်ကို ရယူရန် သင့်ကိုယ်သင်ကန့်သတ်ထားပြီး ကောင်းမွန်သောအလေ့အကျင့်များကို လိုက်နာရန်ကြိုးစားပါ။<br><br>✗ လူတစ်ဦးကို မေးခွန်းမေးခြင်းသည် ထိုသူ၏ ဖြစ်စဉ်အချက်အလက် ခိုင်မာပြည့်စုံမှုအတွက် အန္တရာယ်အခက်အခဲများ ရှိနေပါပြီ။ ဤတွင် အထူးသဖြင့် မသင့်လျော်သောမေးခွန်းထုတ်နည်းများကို အသုံးပြုပါက ပို၍အန္တရာယ်များ ရှိပါသည်။<br><br>✓ အထူးသဖြင့် စိတ်ဒဏ်ရာရရှိသူများနှင့် ကလေးသူငယ်များ ကဲ့သို့သော ထိရှလွယ် အားနည်းသူများထံမှ ဖြစ်စဉ်အချက်အလက်ရယူခြင်းမှ ရှောင်ကြဉ်ပါ။ |

| | |
|---|---|
| လူတစ်ဦး၏ပြောဆိုချက်ကို ရယူရန်အတွက် ယေဘုယျစဉ်းစားချက်များ | ✓ လူတစ်ဦးစီကို သီးခြားစီနှင့် တစ်ဦးချင်း မေးခွန်းထုတ်ပါ။<br>✗ တူညီသော/အခြားအဖွဲ့အစည်းတစ်ခုမှ သို့မဟုတ် အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များမှ တူညီသောအချက်များနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းပြီးသားလူကို ထပ်မေးမြန်းခြင်းမှ ရှောင်ကြဉ်ပါ။<br>✗ ပြောဆိုချက်တစ်ခုရယူရန်အတွက် လူတစ်ဦးကို ငွေပေးချေခြင်း သို့မဟုတ် အခြားအကျိုးကျေးဇူး တစ်ခုခုကို မည်သည့်အခါမျှ ပေးချေခြင်း သော်လည်းကောင်း၊ ကမ်းလှမ်းခြင်း သော်လည်းကောင်းမပြုပါနှင့်။<br>✓ မေးခွန်းမေးမြန်းခံရသူနှင့် သင်၏ ဆက်ဆံရေးတွင် ပရော်ဖက်ရှင်နယ် ဆန်ပါစေ။ ယုံကြည်မှုတည်ဆောက်ပါ။ တက်ကြွစွာနားထောင်ခြင်းနှင့် ဝေဖန်မှု မပြုတတ်သည့် သဘောထားရှိပါစေ။) သနားခြင်းမဟုတ်သည့် (စာနာမှုကိုပြပါ။ ရိုသေလေးစားပြီး အမြဲ စိတ်တည်ငြိမ်အောင်ထားပါ။<br>✓ လူတစ်ဦး၏အပြုအမူ၊ စိတ်ဒဏ်ရာနှင့် စိတ်ပူပန်မှုလက္ခဏာများနှင့် ပတ်သက်၍သာမက မေးခွန်းမေးမြန်းသည့် အသွားအလာကိုလည်း သင့်အဖွဲ့နှင့် ဆွေးနွေးအကဲဖြတ်ရန် ပုံမှန်အနားယူချိန်များကို အသုံးပြုပါ။ |
| အစီအစဉ် ရေးဆွဲချမှတ်ခြင်းနှင့် ပြင်ဆင်မှု | ✓ မေးခွန်းမေးမြန်းခံရသူနှင့်ပတ်သက်သည့် နောက်ခံအချက်အလက်များကို တတ်နိုင်သမျှရယူပါ။<br>✓ ထိုသူကို ဥပဒေအကြံပေးတစ်ဦးဦးက ကိုယ်စားပြုလိုက်ပါဆောင်ရွက်ခြင်းရှိမရှိ မေးမြန်းပါ။<br>✓ ဆက်သွယ်မှုမစတင်မီ အန္တရာယ်အကဲဖြတ်မှုတစ်ခုပြုလုပ်ပါ။<br>✓ ရည်မှန်းချက်များကို သတ်မှတ်ခြင်းနှင့် သင်ဆွေးနွေး ပြောကြားလိုသည့် အကြောင်းအရာများကို ရှာဖွေဖော်ထုတ် ခြင်းဖြင့် သင်၏မေးခွန်းများကို ကြိုတင်စီစဉ်ပါ။ |

| | |
|---|---|
| အစီအစဉ် ရေးဆွဲချမှတ်ခြင်းနှင့် ပြင်ဆင်မှု | ✓ လူတစ်ဦး၏ပြောကြားချက်ရယူရန်အတွက် လိုအပ်သောအခြေအနေများ အပါအဝင်-<br>➤ လေ့ကျင့်သင်ကြားထားပြီး အတွေ့အကြုံရှိသော အင်တာဗျူးသူများ၊<br>➤ စကားပြန်၊ နှင့်<br>➤ တည်နေရာ၊ လုံလောက်သောအချိန်၊ ခရီးသွားရန် စီစဉ်ခြင်း၊ ပစ္စည်းကိရိယာနှင့် သက်ဆိုင်ရာ ယဉ်ကျေးမှုနှင့်ကိုက်ညီသော ထောက်ပံ့ပို့ဆောင်ရေးလိုအပ်ချက်များ<br>✓ လုံခြုံသော၊ ဂရုစိုက်သော၊ သီးသန့်ဖြစ်သော ပတ်ဝန်းကျင်ကို ဖန်တီးပါ။<br>✓ လူကိုယ်တိုင်သွားရောက် အင်တာဗျူးရန် မဖြစ်နိုင်သည့်အခါမှသာလျှင် အဝေးမှမေးမြန်းခြင်းကို လုပ်ရန်စဉ်းစားသင့်ပါသည်။ |
| ထိတွေ့ဆက်ဆံခြင်း၊ ရှင်းပြမှု | ✓ လုပ်ငန်းစဉ်၏ရည်ရွယ်ချက်နှင့် ဘောင်ကို အသေးစိတ်ရှင်းပြပါ။<br>✓ သင်တွေ့ဆုံမေးခွန်းမေးမြန်းမည့် သူနှင့် ဆက်ဆံရေးတစ်ခုတည်ဆောက်ပြီး ၎င်းတို့တွင် ပေါ်ပေါက်လာနိုင်သည့် စိုးရိမ်မှုများကို ကိုင်တွယ်ဖြေရှင်းပါ။<br>✓ သင်တွေ့ဆုံမေးခွန်းမေးမြန်းမည့်သူ၏ အတ္ထုပ္ပတ္တိကိုယ်ရေးအချက်အလက်များကို ရယူပါ။<br>✓ လျှို့ဝှက်ထားမှု၊ အန္တရာယ်များနှင့် အန္တရာယ်များဖြစ်နိုင်ချေလျော့ချရေး အစီအမံများ၏ အရေးပါမှုကို ထည့်သွင်းဆွေးနွေးပါ။<br>✓ လုပ်ငန်းစဉ်ကို ရှင်းပြပါ - ၎င်းတွင် မေးခွန်းအမျိုးအစားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ၊ အနားယူချိန်များ၊ အစားအစာများ၊ အချက်အလက်ကို အသုံးပြုပုံ စသည်တို့ ပါဝင်သည်။ |
| | ✓ မေးခွန်းအသေးစိတ်မေးမြန်းခြင်းကို လိုအပ်သော အနိမ့်ဆုံးအဆင့်အထိသာ ထားရှိပါ။<br>✓ ထိုလူကြုံတွေ့ခဲ့ရသည့် သို့မဟုတ် မြင်တွေ့ခဲ့ရသည့်အရာများကို ယေဘုယျကောင်းကောင်း နားလည် သဘောပေါက်သည့်အခါ ရပ်လိုက်ပါ။ |

| | |
|---|---|
| ပြောဆိုချက် | ✓ လွတ်လွတ်လပ်လပ်သောဇာတ်ကြောင်းပြောဆိုနိုင်စေသည့် မေးခွန်းထုတ်ခြင်းနှင့် စတင်ပါ<br><br>✓ ဖြစ်နိုင်လျှင် အချိန်ကာလ အလိုက် မေးခွန်းထုတ်သည့်ပုံစံကို ချမှတ်ပါ၊<br><br>✓ အဓိကအားဖြင့် အပွင့်သဘောမေးခွန်းများကို အသုံးပြုပြီး လိုအပ်သောအသေးစိတ်အချက်အလက်ကို ရယူရန် သို့မဟုတ်၊ ဆွေးနွေးနေသည့် အကြောင်းအရာတစ်ခုကို ရှင်းလင်းရန် စူးစမ်းလေ့လာသော/ဦးတည်ချက်ထားသော /အပိတ်သဘောရှိသော မေးခွန်းများ အသုံးပြုခြင်းကို ကန့်သတ်ပါ။ အခွင့်အရေးရရချင်း အပွင့်သဘောမေးခွန်းများသို့ ပြန်သွားပါ။<br><br>✗ ရေလာမြောင်းပေး သို့မဟုတ် အမေးများစွာပါသော မေးခွန်းများမမေးပါနှင့်။ မလိုအပ်ဘဲ တူညီသော မေးခွန်းတစ်ခုကို ထပ်ခါတလဲလဲ မေးခြင်းကို ရှောင်ကြဉ်ပါ။<br><br>✓ လူတစ်ဦးက ငြင်းပေးသည့် အချက်အလက်ကို သိရှိသည့်အခြေခံကို သတိမူ၍ ဘက်မလိုက်သည့်၊ ဓမ္မဓိဋ္ဌာန်ကျကျ နှင့် အကြောင်းအချက်ဆိုင်ရာ မေးခွန်းများကို မေးပါ။<br><br>✓ သင့်လျော်သလောက် မျက်လုံးချင်းဆုံကြည့်ခြင်း အပါအဝင် ယဉ်ကျေးမှုအရ သင့်လျော်သော အပြုအမူကို ထိန်းသိမ်းလုပ်ဆောင်ပါ။ |
| နိဂုံးချုပ်အဆုံးသတ်ခြင်း | ✓ ဘက်မလိုက်သည့်အကြောင်းအရာတစ်ခုနှင့် မေးခွန်းမေးခြင်းကို အဆုံးသတ်ပြီး ထိုသူ၏ ပါဝင်မှုကို အသိအမှတ်ပြုပါ။ အဆုံးသတ်ပိတ်ဖို့အတွက် ကာယကံရှင်ကိုအချိန်ပေးပါ။<br><br>✓ ကြီးမားသောအမှားအယွင်းများ သို့မဟုတ် နားလည်မှုလွဲမှားမှုများကို ပြန်လည်ပြင်ဆင်နိုင်စေရန်အလို့ငှာ ပြောဆိုချက်ကို ချရေးထားသည့် သင့်မှတ်စုများပါ အကျဉ်းချုပ်ကို ထိုလူထံ ပြန်လည်ဖတ်ရှုပြပါ။ ထပ်၍ ဖြည့်စွက်ရန် သို့မဟုတ် ရှင်းလင်းရန် အချက်အလက် ရှိမရှိကို ထိုလူကိုလည်း မေးပါ။<br><br>✓ အသိပေးသဘောတူညီချက်ကို ပြန်လည်အတည်ပြုပါ။<br><br>✓ လုပ်ငန်းစဉ်ကို ထိုလူနှင့်အတူ အကဲဖြတ်သုံးသပ်ပါ။ |

| | |
|---|---|
| | ✓ လျှို့ဝှက်ထားမှု၏ အရေးပါမှုကို ထပ်လောင်းပြောကြားပြီး ပြဋ္ဌာန်း သတ်မှတ်ရရှိနိုင်သည့် အကာအကွယ်နှင့် ပံ့ပိုးမှုဆိုင်ရာ အစီအမံများကို ထပ်မံ ပြောကြားပါ။<br>✓ နောက်ပိုင်း ဆက်သွယ် ဆောင်ရွက်နိုင်ရန် အတွက် သင်၏ ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များကို ထိုပုဂ္ဂိုလ်ကို သေချာ ရှင်းလင်းပြောကြားပါ။ |
| အကဲဖြတ်သုံးသပ်ခြင်း | ✓ အောက်ပါတို့ကို အကဲဖြတ်သုံးသပ်ရန် အချိန်ယူပါ<br>➤ ကာယကံရှင်၏လုံခြုံရေးနှင့် ကိုယ်စိတ် နှစ်ဖြာကျန်းမာရေး<br>➤ ပေးထားသော အချက်အလက်နှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာ လုပ်ငန်းတွင် ၎င်း၏ ပံ့ပိုးကူညီမှုနှင့်<br>➤ ပြောဆိုချက် ရယူသူများ၏ စွမ်းဆောင်ရည် |
| ပြောဆိုချက် မှတ်တမ်းတင်ခြင်း | ✗ လက်မှတ်ရေးထိုးထားသည့်' သက်သေခံ ထွက်ဆိုချက် 'ဟု မထုတ်ပြန်ပါနှင့်။<br>✓ ယင်းအစား ၊ ရရှိသည့် အချက်အလက်များကို ပြောဆိုချက် ရယူသူ)များ(က နားလည်သည့်အတိုင်း အကျဉ်းချုပ်ဖော်ပြထားသည့်<br>မှတ်တမ်းတင်လုပ်ငန်းစဉ်ရေးသား ဖော်ပြချက် မှတ်တမ်းအဖြစ် ထား ရှိသင့် သည်။<br>လူတစ်ဦး၏ ပြောဆိုချက်ကို မှတ်တမ်းတင်ရေးသား ပြုစုရာတွင်-<br>➤ အဖြစ်အပျက်ဖြစ်စဉ်များကို သင်၏ထင်မြင်ချက်အတိုင်း အချိန်နှင့် တပြေးညီ အစီအစဉ်ချ၍ ဘေးလူတစ်ဦးအမြင်နှင့် အကျဉ်းချုပ်ကို အကြမ်းဖျင်းရေးဆွဲပါ။<br>ထို့အပြင်<br>➤ ၎င်းတို့လက်ဝယ်ရှိသည်ဟု ဆိုထားသည့် သက်ဆိုင်ရာ ပစ္စည်းများကို မှတ်တမ်းတွင် ခွဲခြားဖော်ထုတ်ရှင်းပြပါ။<br>✗ သင်၏ ထင်မြင်ယူဆချက်များ၊ မှတ်ချက်များ၊ အတွေးအမြင်များ၊ ခွဲခြမ်းစိတ်ဖြာမှုများကို မှတ်တမ်းတင်ခြင်း မလုပ်ပါနှင့်။ |

| | |
|---|---|
| ပြောဆိုချက် မှတ်တမ်းတင်ခြင်း | ✗ လက်မှတ်ရေးထိုးထားသည့်' သက်သေခံ ထွက်ဆိုချက် 'ဟု မထုတ်ပြန်ပါနှင့်။<br>✓ ယင်းအစား ၊ ရရှိသည့် အချက်အလက်များကို ပြောဆိုချက် ရယူသူ)များ(က နားလည်သည့်အတိုင်း အကျဉ်းချုပ်ဖော်ပြထားသည့် မှတ်တမ်းတင်လုပ်ငန်းစဉ်ရေးသား ဖော်ပြချက် မှတ်တမ်းအဖြစ် ထား ရှိသင့် သည်။<br><br>လူတစ်ဦး၏ ပြောဆိုချက်ကို မှတ်တမ်းတင်ရေးသား ပြုစုရာတွင်-<br>➤ အဖြစ်အပျက်ဖြစ်စဉ်များကို သင်၏ထင်မြင်ချက်အတိုင်း အချိန်နှင့် တပြေးညီ အစီအစဉ်ချ၍ ဘေးလူတစ်ဦးအမြင်နှင့် အကျဉ်းချုပ်ကို အကြမ်းဖျင်းရေးဆွဲပါ။ ထို့အပြင်<br>➤ ၎င်းတို့လက်ဝယ်ရှိသည်ဟု ဆိုထားသည့် သက်ဆိုင်ရာ ပစ္စည်းများကို မှတ်တမ်းတွင် ခွဲခြားဖော်ထုတ်ရှင်းပြပါ။<br>✗ သင်၏ ထင်မြင်ယူဆချက်များ၊ မှတ်ချက်များ၊ အတွေးအမြင်များ၊ ခွဲခြမ်းစိတ်ဖြာမှုများကို မှတ်တမ်းတင်ခြင်း မလုပ်ပါနှင့်။<br>✓ရေးသားထားသော မှတ်တမ်းကို ထိုလူအနေနှင့် လက်မှတ်မထိုးမိပါ စေနှင့်။<br>ရုပ်/သံ မှတ်တမ်းတင်ခြင်း-<br>✗ ယေဘုယျ အားဖြင့် တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်ကို ရုပ်/သံ မှတ်တမ်းတင်ခြင်းမပြုသင့်ပါ။<br><br>✓ ထိုသို့ လုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချပါက-<br>➤ အသိပေးသဘောတူညီချက်ကို ရယူပါ၊<br>➤ သင့်ပစ္စည်းကိရိယာများသည် ကောင်းမွန်သေချာစွာအလုပ်လုပ်နေပါစေ။ ထို့အပြင်<br>➤တည်နေရာ၊ ရက်စွဲနှင့်အချိန်၊ မေးမြန်းခံရသူများနှင့် အခန်းထဲတွင် ရှိနေသူများကိုဖော်ပြပါ။ |

| | |
|---|---|
| ထိခိုက်ခံစားလွယ်သူများထံမှ ပြောဆိုချက်ရယူခြင်း | ✓ စိတ်ဒဏ်ရာရရှိသူများနှင့် ကလေးများသည် အထူး ထိခိုက်ခံစားလွယ်နိုင်ပြီး ၎င်းတို့ကို ကျွမ်းကျင်သော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များအတွက် လုပ်ဆောင်နေသည့် အထူးပြုလေ့ကျင့်ထားပြီး အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများက တစ်ကြိမ်သာ မေးခွန်းမေးမြန်း သင့်ပါသည်။<br><br>✗ စိတ်ဒဏ်ရာရရှိသူ များနှင့် ကလေးသူငယ်များထံမှ ပြောဆိုချက်မယူပါနှင့်။<br><br>✓ ယင်းအစား ၎င်းပုဂ္ဂိုလ်များနှင့်ပတ်သက်သည့် သက်ဆိုင်ရာ အချက်အလက်များကို စုဆောင်းပြီး အရည်အချင်း ပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များထံ အခွင့်အရေးရရချင်း ပေးပါ။<br><br>✗ ခြွင်းချက်ထားရမည့် အခြေအနေမျိုးတွင် သင့်အနေနှင့် စိတ်ဒဏ်ရာရရှိသူ သို့မဟုတ် ကလေးတစ်ဦးထံမှ ကနဦးယေဘုယျ ပြောဆိုချက်တစ်ခုရယူရန် လိုအပ်ကြောင်း ဆုံးဖြတ်ပါက " ထိခိုက်မှုမရှိစေရ" မူကို လိုက်နာပြီး အကြံပြုထားသော အကောင်းဆုံးအလေ့အကျင့်များကို လိုက်နာနိုင်စေရန် ပြင်ဆင်ထားပါ။<br><br>✗ အကယ်၍ သင်သည် ထိခိုက်နိုင်မှုအကဲဖြတ်မှုကို မပြုလုပ်နိုင်ပါက အဆိုပါလူကို မေးမြန်းခြင်း မပြုပါနှင့်။<br><br>✗ လူတစ်ဦးအနေနှင့် အသိပေးသဘောတူခွင့်ပြုချက်ပေးရန် မစွမ်းဆောင်နိုင်ဟု အကဲဖြတ်သုံးသပ်ပါက သို့မဟုတ် မေးခွန်းမေးရန် သင့်လျော်မှုမရှိဟု အကဲဖြတ်သုံးသပ်ပါက ဆက်လက် မလုပ်ဆောင်ပါနှင့်။<br><br>အောက်ပါ အလေ့အကျင့်ကောင်းများကို လိုက်နာပါ-<br><br>✓ အဖွဲ့ဖွဲ့စည်းပုံနှင့် လေ့ကျင့်ရေးတို့ကို ထည့်သွင်းစဉ်းစားပါ။<br><br>✓ စိတ်ဒဏ်ရာရရှိသူ သို့မဟုတ် ကလေးထံမှ ပြောဆိုချက်တစ်ခုယူသည့်အခါ စိတ်ပညာရှင် သို့မဟုတ် စိတ်ရောဂါအထူးကု၏အကူအညီကို ရယူပါ။<br><br>✓ စကားပြန်များနှင့် ကြားခံပုဂ္ဂိုလ်များသည် လေ့ကျင့် သင်ကြားပြီး အကြောင်းအရာနှင့် ပတ်သက်၍ အကျဉ်းချုံး သေချာပြောကြားထား ပါစေ။<br><br>✓ ထိခိုက်ခံစားလွယ်သူက ယုံကြည်ရသော ပံ့ပိုးကူညီသူတစ်ဦး ပါဝင်ပတ်သက်ခြင်းကို ထည့်သွင်းစဉ်းစားပါ။ |

| | |
|---|---|
| | ✓ ထိခိုက်ခံစားလွယ်သူများကို တွေ့ဆုံမည့်နေရာ၊ အချိန်နှင့် ပံ့ပိုးကူညီသူ၏ရှေ့မှောက်တွင် ဆုံးဖြတ်ချက် ချခွင့်ပြုပါ။<br>✓ မေးခွန်းများကို ယေဘုယျအဆင့်နှင့် လိုအပ် သလောက် အနည်းဆုံး ထားပါ။ နားလည်ရန် လွယ်ကူသောမေးခွန်းများကိုသုံးပါ။<br>✓ အမှန်တကယ် လိုအပ်မှသာမှ စိတ်ဒဏ်ရာရစေသည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို ရယူပါ။<br>✓ လူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကို စောင့်ကြည့်ပါ။<br>✓ ထိုလူအနေနှင့် ပူဆွေးဝမ်းနည်းမှု စိတ်ဆင်းရဲဒုက္ခလက္ခဏာများ ပြလာပါက မေးမြန်းမှုကို ဆိုင်းငံ့ပါ။<br>✓ ပြီးနောက် အကဲဖြတ်သုံးသပ်မှုတစ်ခုပြုလုပ်ပါ။ ထိုသို့လုပ်ဆောင်ရတွင် စိတ်ပညာရှင်တစ်ဦး၏ ပံ့ပိုးကူညီမှုရရှိလျှင် အကောင်းဆုံးဖြစ်သည်။ |
| လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများ(SGBC) ကြောင့် နစ်နာခံစားရသူများ | ✓ SGBC ခံရသူများသည် ထိခိုက်ခံစားလွယ်သော အခြေအနေတွင် ရှိနေနိုင်သလို စိတ်ဒဏ်ရာရရှိမှုပင် ဖြစ်ဖွယ်ရှိသည်။ ထိခိုက်နိုင်မှုအကဲဖြတ်မှုတစ်ခုကို ပြုလုပ်ပါ၊<br>SGBC ခံရသူထံမှ ကနဦး ယေဘုယျပြောဆိုချက်ကို ရယူရန် လိုအပ်သည်ဟု အကဲဖြတ်ဆုံးဖြတ်သည့် အခါတွင်-<br>✓ မေးခွန်းသူနှင့် စကားပြန်များသည် လိုအပ်သောသင်ကြားလေ့ကျင့်ထားမှုနှင့် အတွေ့အကြုံရှိနေပါစေ။<br>✓ စကားလုံး အသုံးအနှုန်းနှင့် လိင်၊ လိင်ပိုင်းဆိုင်ရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ရည်ညွှန်းပြောဆိုရတွင် ဒေသဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှုအရ လိုက်လျော ညီထွေဖြစ်အောင် ပြင်ဆင်ပါ-<br>➤လိင်ပိုင်းဆိုင်ရာ အပြုအမူများကို ရည်ညွှန်းသည့်အခါ သို့မဟုတ် နှုတ်မှမဟုတ်ဘဲ အချက်ပြသောလက္ခဏာများ အပါအဝင် လူ့ခန္ဓာကိုယ်၏ အချို့သော အစိတ်အပိုင်းများကို ရည်ညွှန်းသည့်အခါ နစ်နာခံစားရသူများအနေနှင့် အသုံးပြုသည့် ဝေါဟာရကို သတိပြုပါ။ |

| | |
|---|---|
| လိင်နှင့် ကျားမအခြေပြု ရာဇဝတ်မှုများ) SGBC) ကြောင့် နစ်နာခံစားရသူများ | ➤ခန္ဓာကိုယ်ပုံ များကို အသုံးပြုပါ။ ထို့အပြင်<br>➤ ၎င်းကျူးလွန်တိုက်ခိုက်ခံရချိန်တွင် စုဆောင်းထား နိုင်သည့် ရုပ်ပိုင်းဆိုင်ရာပစ္စည်းများ) ဥပမာ အဝတ်အစား (နှင့် ဆေးဘက်ဆိုင်ရာ သို့မဟုတ် မှုခင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ နစ်နာခံစားရသူကို မေးမြန်းပါ။<br>✓ အမျိုးသား SGBC ခံရသူများနှင့် စပ်လျဉ်း၍ ယုံကြည်မှုတည်ဆောက်ရန် အချိန်ပိုပေးကာ ချက်ချင်းမမြင်နိုင်သော စိတ်ဒဏ်ရာကို ကိုင်တွယ်ဖြေရှင်းရန် ပြင်ဆင်ပါ။ |
| ကလေးသူငယ်များ | ✓ (အသက် ၁၈ နှစ်အောက်) ကလေးသူငယ်များကို အရည်အချင်းရှိသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ အတွက် လုပ်ဆောင်နေသည့် အထူးပြုလေ့ကျင့်ထားပြီး အတွေ့အကြုံရှိသော စုံစမ်းစစ်ဆေးသူများက တစ်ကြိမ်သာ မေးမြန်းသင့်သည်။<br>✗ ယေဘုယျအားဖြင့် ကလေးသူငယ်များထံမှ ပြောဆိုချက်များကို မယူသင့်ပါ။<br>✓ ကလေး၏ ကိုယ်ရေးရာဇဝင်နှင့် ဆက်သွယ်ရန်အချက်အလက်များကို အာရုံစိုက်ပြီး ကလေးအနေနှင့် ၎င်းကြုံတွေ့ခဲ့ရသော သို့မဟုတ် မျက်မြင်တွေ့ခဲ့ရသော အကြောင်းအရာအတွက် ကနဦးယေဘုယျပြောဆိုချက်ကိုရယူရန် ကလေး၏ မိဘများ / ကြည့်ရှုစောင့်ရှောက်သူများ /ဆရာဝန်များ သူများနှင့် ထိတွေ့ဆက်ဆံပါ။<br>ခြွင်းချက် အခြေအနေများတွင် ကလေးထံမှ အထွေထွေယေဘုယျပြောဆိုချက်တစ်ခု ရယူခြင်းသည် ထိုကလေး၏ ကောင်းကျိုးအတွက်ဖြစ်ပြီး အကောင်းဆုံး လုပ်ဆောင်မှုဖြစ်သည်ဟု အကဲဖြတ်သုံးသပ်ပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။<br>➤ ကလေး၏ ကောင်းကျိုးအတွက် လုပ်ဆောင်ပါ။<br>➤ ကလေးများကို မေးခွန်းထုတ်ရာတွင် ကျွမ်းကျင်သည်ဟု အသိအမှတ်ပြု ထားသော ပုဂ္ဂိုလ်များက မေးခွန်းမေးပါ။<br>➤ စိတ်ပညာရှင်တစ်ဦးက ထိခိုက်နိုင်မှုအကဲဖြတ်မှု တစ်ခု ပြုလုပ်ပါ။ |

| | |
|---|---|
| ကလေးသူငယ်များ | ➤ ကလေး၏မိဘ သို့မဟုတ် အုပ်ထိန်းသူတို့၏ အသိပေးသဘောတူညီချက်ကို ရယူပါ။<br>➤ ကလေးနှင့် ထိတွေ့ဆက်ဆံပြီး လုပ်ငန်းစဉ်အကြောင်းကို ရှင်းပြပါ။<br>➤ ဖြစ်နိုင်လျှင် ၎င်းတို့၏မိဘ(များ) တရားဝင်အုပ်ထိန်းသူများ ရှိပါစေ။<br>➤ ကလေး၏အသက်အရွယ်နှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်လျော်သောစကားအသုံးအနှုန်းကို အသုံးပြုပါ။ ထို့အပြင်<br>➤ အဓိကအားဖြင့် အပွင့်သဘောမေးခွန်းများကို အသုံးပြုပြီး ခြင်းကို အနည်းဆုံးလိုအပ်သလောက်သာ မေးခွန်းမေးပါ။ |
| ရာဇဝတ်မှုများကို ကျူးလွန်ကောင်း ကျူးလွန်နိုင်ခဲ့သူများ | ✓ တိကျသောအန္တရာယ်အကဲဖြတ်မှုတစ်ခုကို ပြုလုပ်ပါ။<br>✗ လူတစ်ဦး၏ ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်မှုနှင့်ပတ်သက်သည့် အချက်အလက်များကို တက်ကြွစွာတွန်းတွန်းတိုက်တိုက် မတောင်းဆိုပါနှင့်။<br>✓ အကယ်၍ လူတစ်ဦးသည် မှုခင်းတစ်ခုတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ပတ်သက်နေသည်ကို ပြသသည့် အချက်အလက်များကို မိမိဆန္ဒအ လျောက် လိုလားစွာ  မျှဝေပြောပြပါက လုံခြုံရေးအခြေအနေကို ပြန်လည်အကဲဖြတ်ပါ။<br>✓ ထိုသို့ပြုလုပ်ရန် ဘေးကင်းပါက ဆွေးနွေးသည့်အချက်အလက်၊ ဆွေးနွေးမှု အခြေအနေများကို မှတ်တမ်းတင်ထားပါ။ ထိုပုဂ္ဂိုလ်က အသုံးပြုသော စကားလုံးအသုံးအနှုန်းကို မှတ်တမ်းတင်ထားပါ။ |

| ၅။ ဓာတ်ပုံနှင့်ဗီဒီယိုများရယူခြင်း | |
|---|---|
| ပဏာမခြေလှမ်းများ | ✓ သက်ဆိုင်ရာ ဥပဒေမူဘောင်ကို အကဲဖြတ်ပါ။<br>✓ လုံခြုံရေးကို အကဲဖြတ်ပါ။<br>✓ လုံခြုံပြီး သင့်လျော်သည့်အခါတိုင်း ဓာတ်ပုံ/ဗီဒီယိုရိုက်ကူး ခံမည့်သူများ၏ အသိပေး သဘောတူညီချက်ကို ဦးစွာရယူပါ။<br>✓ သင့်လျော်သော ပစ္စည်းကိရိယာကို ရွေးချယ်ပါ။<br>✓ ဓာတ်ပုံ/ဗီဒီယိုနှင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်၏ မှတ်တမ်းတစ်ခု ဖန်တီးပါ။<br>➤ လမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ ၂ – ထိန်းသိမ်းမှုကွင်းဆက် ကို ကြည့်ပါ။ |
| ဘယ်အရာကို ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးသင့်သည် ဆုံးဖြတ်ပါ | ✓ ဘာလဲ - ဘယ်သူလဲ - ဘယ်လိုလဲ နှင့်ပတ်သက်၍ ရိုက်ကူးပါ။ |
| ဗီဒီယိုနှင့် ဓာတ်ပုံများကို ဘယ်လိုရိုက်မလဲ | ✓ ပုံများကို ရိုက်ကူးခဲ့သည့် နေ့၊ အချိန်နှင့် တည်နေရာရာ ("ဘယ်အချိန်လဲ" /"ဘယ်မှာလဲ") ကို မှတ်တမ်းတင်ထားပါ။<br>. မတူညီသော မြင်ကွင်းများမှ ဓာတ်ပုံများ/ဗီဒီယိုများကို ရိုက်ယူပါ - မြင်ကွင်းကျယ် ပုံများ (Panorama) ဖြင့်စ၍ အကျယ်/အလယ်အလတ် အကွာအဝေး wide/medium range မှ ရိုက်ကူးထားသောပုံများ ၊ close-up အနီးကပ်ရိုက်ချက်များဖြင့်အဆုံးသတ်ပါ။<br>✓ အတိုင်းအတာ အကျယ်အဝန်းများကို ဖော်ညွှန်းပြရန်အတွက် ပေတံ (သို့မဟုတ် အခြားပစ္စည်းတစ်ခု) ကိုသုံးပါ။<br>✓ ရိုက်ကူးနေစဉ် ရိုက်ကူးသည့်နေရာ၊ ရက်စွဲနှင့် အချိန်၊ ရိုက်ကူးသူ (များ) ၏အမည်နှင့် ရိုက်ကူးခံနေရသည့် မည်သည့်ပုဂ္ဂိုလ်၏ အမည်ကိုမဆို ဖော်ပြပါ။ |
| ဗီဒီယိုများနှင့် ဓာတ်ပုံများကို ထိန်းသိမ်းပါ | ✓ ရုပ်ပုံများရိုက်ကူးရန်အတွက် သက်ဆိုင်ရာ metadata ကိုဖန်တီးပါ။<br>✓ သင့်လျော်သော သိုလှောင်မှုနှင့် စကားဝှက်စနစ်ကို အသုံးပြုပါ။ |

| ၆။ ရုပ်ဝတ္ထုပစ္စည်းများ | |
|---|---|
| အခြေခံမူများ | ✓ ခြွင်းချက် အခြေအနေများတွင်သာ ရုပ်ဝတ္ထုပစ္စည်းများနှင့် စာရွက်စာတမ်းများကို စုဆောင်းရမည်။ ထိုအခြေအနေများတွင်-<br>➤ ယင်းသို့ လုပ်ဆောင်မည့် တရားဝင် စုံစမ်းစစ်ဆေးသူများ လုပ်ဆောင်ရန် ဆန္ဒမရှိသောအခါ သို့မဟုတ် မလုပ်ဆောင်နိုင်သော အခါ၊<br>➤ ထိုပစ္စည်း သို့မဟုတ် ထိုပစ္စည်းများ ယိုယွင်းပျက်စီးခြင်း သို့မဟုတ် ထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးနိုင်ခြေ ရှိသည့်အချိန်အခါ၊<br>➤ "ထိခိုက်မှုမရှိစေရ " မူကို လေးစားနိုင်သည့် အခါ၊ နှင့်<br>➤ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သင်ကောင်းစွာ သိရှိထားပါက၊ စသည်တို့ ပါဝင်သည်။<br>✓ အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေး အာဏာပိုင်များထံ အခွင့်အရေးရရချင်း တိုက်ရိုက်လွှဲပြောင်းပေးနိုင်ဖို့အတွက် သက်ဆိုင်ရာ ပစ္စည်းများ လက်ဝယ်ရှိသူများအား ထိုပစ္စည်းများကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ရန် အကြံပြုရမည်။<br>✓ အချက်အလက်ပေးသူ၏ ဆက်သွယ်ရန်အချက်အလက်များကို မှတ်တမ်းတင်ပြီး အဆိုပါပစ္စည်း(များ) ကို အခြားသော တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများထံ လွှဲပြောင်းပေးအပ်ရန် သဘောတူညီချက်ကို ရယူပါ။ |
| လက်တွေ့ကျသော အကြံပြုချက်များ | ✓ ပစ္စည်းများကို မစုဆောင်းမီ မူလနေရာတွင်ရှိနေသည့် အခြေအနေကို ဓာတ်ပုံရိုက်ပါ။<br>✓ တင်းကြပ်သောစွန်းထင်းညစ်ပေမှုထိန်းချုပ်ရေး အစီအမံများကိုအသုံးပြုပြီး မှန်ကန်သောထုပ်ပိုးမှုနှင့် သိုလှောင်မှုလုပ်ငန်းစဉ်များကိုရွေးချယ်ပါ။<br>✗ သင် သို့မဟုတ် အခြားသူများကို အန္တရာယ် ဖြစ်စေနိုင်သော လက်ဆုပ်လက်ကိုင် ပြရသည့် ပစ္စည်းများကို မစုဆောင်းပါနှင့်။<br>✗ ရုပ်ဝတ္ထုပစ္စည်းကို မည့်သည့် နည်းဖြင့်မှ အသုံးပြုခြင်း၊ စမ်းသပ် မောင်းနှင် လည်ပတ်ခြင်း မပြုရ။ |

| | |
|---|---|
| အထောက်အထား<br>စိစစ်ခြင်း | ✓ ပစ္စည်းတခု၏စစ်မှန်မှုကို သက်သေပြရန်အတွက် ၎င်း၏ ထပ်တိုး အဖြည့်အချက်အလက်များကို ရယူပြီး မှတ်တမ်းတင်ပါ။<br>➤ လမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ ၂ – ထိန်းသိမ်းမှုကွင်းဆက် ကို ကြည့်ပါ။ |

| ၇။ စာရွက်စာတမ်းနှင့် ဒစ်ဂျစ်တယ် သတင်းအချက်အလက်များ | |
|---|---|
| အဓိပ္ပါယ်နှင့်<br>သဘောတရားများ | ➤ စာရွက်စာတမ်းများသည် လက်ဆုပ်လက်ကိုင်ပြရသည့်ပစ္စည်းများ သို့မဟုတ်) (သိမ်းဆည်းထားသောဒေတာ သို့မဟုတ် ဒစ်ဂျစ်တယ်ပုံစံဖြင့် ပေးပို့သော ဒေတာ ကဲ့သို့) ဒစ်ဂျစ်တယ်အချက်အလက်များ ဖြစ်နိုင်သည်။<br>✓ လက်ခံရရှိသောစာရွက်စာတမ်းများသည် မူရင်းဗားရှင်းဖြစ်စေ၊ မိတ္တူများဖြစ်စေ ပြုပြင် ပြောင်းလဲခြင်း မပြုရ။<br>✓ ဒစ်ဂျစ်တယ်အထောက်အထားများကို ထိန်းသိမ်းထားစဉ်တွင် အပြောင်းအလဲများ ကို လျှော့ချရန် သင့်လျော်သောနည်းလမ်းများကို အသုံးပြု၍ အထောက်အထားကို ထိန်းသိမ်းရန် လုပ်ဆောင်ခဲ့သော အဆင့်အားလုံးကို မှတ်တမ်းတင်ပါ။<br>✓ ပိုးသတ်ထားသော လက်အိတ်များကို အသုံးပြုပြီး ဓာတ်ပုံများရိုက်ပါ။<br>✓ သက်ဆိုင်သော ဥပဒေဘောင်နှင့် အချို့သော စာရွက်စာတမ်းများကို လက်ခံခြင်း သို့မဟုတ် လက်ဝယ်ရှိခြင်းကြောင့် ဖြစ်လာနိုင်သည့် အန္တရာယ် အလားအလာများကို သတိပြုပါ။ |

| | |
|---|---|
| ဒစ်ဂျစ်တယ်<br><br>အချက်အလက်များအတွက်<br><br>အထူးဂရုပြုရ မည့် အချက်များ | ➤ ဖြစ်နိုင်ပါက ဒစ်ဂျစ်တယ်ဒေတာပါရှိသော အီလက်ထရွန်းနစ် ပစ္စည်းများကို မှုခင်းဆေးပညာ ကျွမ်းကျင်သူများကသာ ကိုင်တွယ်သင့်သည်။<br><br>✓ ဤသို့ မဖြစ်နိုင်ပါက မူရင်း အသွင်သဏ္ဍာန်ကို ရယူပါ။ တင်းကျပ်သော စွန်းထင်းညစ်ပေမှုထိန်းချုပ်ရေး အစီအမံများကို အသုံးပြုကာ မှုခင်းဆေးပညာကျွမ်းကျင်သူ၏ နောက်ထပ် စစ်ဆေးမှုအတွက် စက်ပစ္စည်းကို ဘေးကင်းစွာ သိမ်းဆည်းထားရှိပါ။<br><br>✗ စက်ပစ္စည်းအတွင်းရှိ ဒေတာကို စူးစမ်းလေ့လာခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုပါနှင့်။<br><br>✓ နောက်ဆုံးနည်းလမ်းအနေဖြင့်-<br><br>➤ စက်ပစ္စည်းကို စုဆောင်း ထိန်းသိမ်းရန် မဖြစ်နိုင်သည့်ကိစ္စများတွင်၊<br><br>➤ ၎င်းတွင်ပါရှိသော အချက်အလက်များသည် အရေးကြီးပြီး ပျောက်ဆုံးသွားမည်ဖြစ်ပါက<br><br>✓ ဒေတာများကို မှုခင်းဆေးစစ် ရယူမှုလုပ်ဆောင်ရန် ဒစ်ဂျစ်တယ်မှုခင်းဆေးပညာကျွမ်းကျင်သူ ၏အကူအညီကို ရယူပါ။ |

| ၈။ Online မှတဆင့် စုံစမ်းခြင်းများ | |
|---|---|
| အခြေခံစံနှုန်းများ | ✓ သင်သည် သက်ဆိုင်ရာ ဥပဒေများကို ချိုးဖောက်ခြင်း ရှိ၊ မရှိနှင့် သင်ကိုယ်တိုင်နှင့် အခြားသူများအား လက်မခံနိုင်သော အန္တရာယ်များနှင့် ထိတွေ့စေခြင်း ရှိမရှိကို အချိန်တိုင်း သုံးသပ်ပါ။<br>✓ မည်သည့် အွန်လိုင်းဆောင်ရွက်မှု လုပ်ငန်းမစတင်မီ ဒစ်ဂျစ်တယ်အခင်းအကျင်းတွင် လုံခြုံရေးအကဲဖြတ်ချက်ကို လုပ်ဆောင်၍ အန္တရာယ်များကို လုံလောက်စွာ ကာကွယ်ပေးမည့် ဒစ်ဂျစ်တယ်အခြေခံ အဆောက်အအုံကို သတ်မှတ်ပြီး အကောင်အထည်ဖော်ပါ။<br>✓ အချက်အလက်၏ စစ်မှန်မှုနှင့် ခိုင်မာပြည့်စုံမှုကို ဖော်ပြစေနိုင်မည့်နည်းလမ်းဖြင့် အွန်လိုင်းမှ အချက်အလက်များကို ရယူပါ။<br>➤. အွန်လိုင်းမှ ပစ္စည်းများကို ၎င်းတို့၏ နဂို format သို့မဟုတ် ၎င်းတို့၏ မူရင်း format နှင့်အနီးဆုံးဖြစ်နိုင်သော format အဖြစ်နှင့် စုဆောင်းပါ။<br>➤ အနည်းဆုံးအ ခြေခံအားဖြင့် ပစ်မှတ်ထားသော website လိပ်စာ (URL)၊ HTLM အရင်းအမြစ်ကုဒ်၊ နှင့်' screenshot ပုံဖမ်းယူခြင်း 'သို့မဟုတ်' စာမျက်နှာအပြည့် ပုံဖမ်းယူခြင်း - ' စုဆောင်းသူ စက်၏ ရက်စွဲနှင့် အချိန်ကိုညွှန်ပြထားသည့် ပစ်မှတ်ထားသော website စာမျက်နှာ၏ screenshot ပုံ သို့မဟုတ် (အကြောင်း အရာပေါ် မူတည်၍) ဗီဒီယို စသည်ကဲ့သို့ အချက်အလက်များကို  ရယူရန်<br>➤ ဖြစ်နိုင်ပါက မြှုပ်သွင်း ထားသော မီဒီယာဖိုင်များနှင့် မြှုပ်သွင်းထားသော meta ဒေတာ၊ ဆက်စပ်ဒေတာ စုဆောင်းမှုဒေတာများကို ရယူပါ။<br>✓ စုဆောင်းထားသော ဒစ်ဂျစ်တယ်ပစ္စည်းတစ်ခုစီ၏ hash နံပါတ်တန်ဖိုးကို တွက်ချက်မှတ်တမ်းတင်ပါ။<br>✓ အသစ်ဖြစ်သော/သန့်ရှင်းသော မီဒီယာကိရိယာထဲတွင် ထိုစုဆောင်း ထားသော အရာများကို သိမ်းဆည်းပါ။ |

| ၉။ ရုပ်ပိုင်းပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ | |
|---|---|
| ထိခိုက်နစ်နာသူများကို<br>ဆေးဘက်ဆိုင်ရာ<br>ကျွမ်းကျင်သူများထံ<br>လွှဲပြောင်းပါ။ | ➤ အရည်အချင်းပြည့်မီသော ဆေးဘက်ဆိုင်ရာ ပညာရှင်များကသာလျှင် နစ်နာခံစားရသူကို ဆေးဘက် ဆိုင်ရာ စစ်ဆေးမှု ပြုလုပ်နိုင်သည်။<br>✓ ထိုသို့သော ကျွမ်းကျင်ပညာရှင်များ မရနိုင်ပါက နစ်နာခံစားရသူများနှင့် ထိတွေ့ ဆက်ဆံမှုများ လုပ်ရာတွင် မြင်သာသောဒဏ်ရာများကိုသာ မှတ်တမ်းတင်ခြင်း လောက်သာပြုလုပ်ပါ။<br>✓ ကြိုတင်အသိပေးသဘောတူညီချက်ရယူပြီး လုပ်ဆောင်မှုတိုင်းကို မှတ်တမ်းတင်ထားပါ။<br>✓ စုဆောင်းထားသည့် အချက်အလက်များကို ပုဂ္ဂိုလ်ရေးအချက်အလက်အရေးကြီးအဆင့်ထား၍ ကာကွယ် စောင့်ရှောက်ပါ။<br>✓ ထိခိုက်နစ်နာသူများကို ကျွမ်းကျင်သူများထံ၌ ဆေးကုသမှုခံယူရန်နှင့် မှတ်တမ်း အားလုံးကို ထိန်းသိမ်းထားရန် အားပေးကူညီသင့်သည်။ |

| ၁၀။ ရာဇဝတ်မှုကျူးလွန်ခဲ့သည့်နေရာများ/အခင်းဖြစ်ပွားရာနေရာများ | |
|---|---|
| မှုခင်းဖြစ်ပွားရာ<br>နေရာကို<br>စစ်ဆေးခြင်းဆိုင်ရာ အခြေခံမှုများ | ✗ အခင်းဖြစ်ပွားရာနေရာကို မည်သည့်နည်းဖြင့်မျှ ဝင်ရောက် နှောင့်ယှက် စွက်ဖက်ခြင်းမပြုဘဲ သက်ဆိုင်ရာအာဏာပိုင်များထံ ချက်ချင်းဆက်သွယ်ပါ။<br>✓ အခင်းဖြစ်နေရာကို အခြားသူများ လာရောက် စွန်းထင်းညစ်ပေပုံပျက်မှု ကို တားဆီးဟန့်တားရန်အတွက် ဖြစ်နိုင်သောအစီအမံများ ချမှတ်ထားပါ။<br>✓: ခြွင်းချက်အခြေအနေများ အောက်တွင်သာ ဝင်ရောက်လုပ်ဆောင်ပါ။ ဆိုလိုသည်မှာ အကယ်၍ -<br>➤အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များသည် အခင်းဖြစ်နေရာကို အချိန်နှင့်တပြေးညီ လုံခြုံစိတ်ချမှုရှိအောင်လုပ်ရန် ဆန္ဒမရှိခြင်း သို့မဟုတ် ဆောင်ရွက်နိုင်ခြင်းမရှိပါက သို့မဟုတ် ဤသို့ ဝင်ရောက်လုပ်ဆောင်ရန် ဖြစ်နိုင်ချေရှိကြောင်းကို ထိုအာဏာပိုင်များအား အကြံပြုအသိပေးထားပြီး ယင်းကို ၎င်းတို့က သဘောတူသည်ဟု အကြောင်း ပြန်ထားပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။ |

| | |
|---|---|
| မှုခင်းဖြစ်ပွားရာ<br>နေရာကို<br>စစ်ဆေးခြင်းဆိုင်ရာ အခြေခံမှုများ | ➤ အရည်အချင်းပြည့်မီသော စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ မတိုင်မီ အခင်းဖြစ်တည်နေရာကို မစစ်ဆေးခြင်းသည် မှုခင်းအခင်းဖြစ်ပွားရာ နေရာတွင် အရေးကြီးသောအချက်အလက်များ ပျောက်ဆုံးသွားခြင်း သို့မဟုတ် ပြန်လည် ပြုပြင်၍မရအောင် ပျက်စီးဆုံးရှုံးခြင်းများကို ဖြစ်စေနိုင်ပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။<br>➤ ထိခိုက်မှုမရှိစေရမှုကို လေးစားလိုက်နာနိုင်ပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။<br>➤ သင့်တွင် လုံလောက်သော လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် စွမ်းရည်နှင့် အရင်းအမြစ်များရှိပါက ဝင်ရောက်ဆောင်ရွက်နိုင်သည်။<br><br>✗ ဖော်ထုတ် သတ်မှတ်ထားသော အန္တရာယ်များသည် လက်ခံနိုင်ဖွယ် မရှိသော အဆင့်တွင် ရှိနေသည်ဟု အကဲဖြတ်ပါက ဆက်လက်မလုပ်ဆောင်ပါနှင့်။<br><br>✓ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် သမာသမတ်ကျမှုကို ထိန်းသိမ်းပါ။<br>✓ ပုဂ္ဂလိကအတွင်းရေးနှင့် လူ့ဂုဏ်သိက္ခာကို လေးစားပါ။<br>✓ အခင်းဖြစ်နေရာ၏ ခိုင်မာပြည့်စုံမှု ၊မယိုမယွင်း ပကတိအ ခြေအနေကို ထိန်းသိမ်းပါ။ |
| အခင်းဖြစ်နေရာ၏ခိုင်မာပြည့်စုံမှု၊မယိုမယွင်း ပကတိအ ခြေအနေကို ကန့် သတ် ထိန်းသိမ်းပါ | ✓ (ဥပမာ -အခင်းဖြစ်နေရာကို ဘောင်နယ်နမိတ်ကန့် သတ်ခြင်း၊ တစ်ကိုယ်ရည်ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင်ခြင်း၊ ဝင်ရောက်ခွင့်ကို ကန့်သတ်ခြင်း ကဲ့သို့) တင်းကျပ်သော စွန်းထင်းညစ်ပေပုံပျက်မှု ထိန်းချုပ်ရေး အစီအမံများ ချမှတ်ပါ။ |

| | |
|---|---|
| အခင်းဖြစ်ပွားရာနေရာ၏ စစ်ဆေးမှုကို မှတ်တမ်းတင်ထားပါ | ✓ (ဥပမာ - ရက်စွဲနှင့် ဆိုက်ရောက်မည့်အချိန်၊ တည်နေရာ၊ အခင်းဖြစ်နေရာ၌ ရှိသူများ၊ ယေဘုယျ သရုပ်ဖော်ပြချက်၊ အသုံးပြုသည့် နည်းနိဿယစနစ် ကဲ့သို့သော) သက်ဆိုင်ရာ အချက်အလက်အားလုံးပါဝင်သော မှတ်တမ်း တစ်ခုကို ဖန်တီးပါ။<br>✓ အခင်းဖြစ်နေရာကို တစုံတရာ ထိတွေ့ဝင်ရောက်ဆောင်ရွက်ခြင်း မပြုမီ ယေဘုယျ အခင်းဖြစ်နေရာနှင့် သီးခြားသွင်ပြင် လက္ခဏာများကို မတူညီသောရှုထောင့်အမြင်များမှ ဓာတ်ပုံ၊ဗီဒီယို ရိုက်ကူးပါ။ |
| အခင်းဖြစ်နေရာကို စနစ်တကျစီမံခြင်း | ✗ အန္တရာယ်ရှိသောပစ္စည်းများကို မကိုင်တွယ်၊ မစုဆောင်းပါနှင့်။ ယင်းအစား ရုပ်ပုံများ ရိုက်ယူပါ။<br>✓ ၎င်းတို့အား ရှာဖွေတွေ့ရှိမှုကို မှတ်တမ်းတင်ပြီးနောက် ပစ္စည်းများကို တတ်နိုင်သမျှ အမြန်စုဆောင်းပါ။<br>✓ ယာယီသိုလှောင်မှုအတွက် ဘေးကင်းလုံခြုံသော နေရာ ဖန်တီးပါ။ စုဆောင်းထားသောပစ္စည်းများကို အမြဲတမ်း လုံခြုံသောနေရာသို့ တတ်နိုင်သမျှအမြန်ဆုံး ရွှေ့ပါ။<br>✓ ဆက်သွယ်ရန်အချက်အလက်များကိုရယူပြီး အခင်းဖြစ်နေရာတွင်ရှိနေသူအချို့ကို မေးမြန်းရန်စဉ်းစားပါ။<br><br>လူ့သေအလောင်းများနှင့် ရင်ဆိုင်ရလျှင်-<br>➤ အလောင်းများကို ကိုင်တွယ်ထိတွေ့ခြင်း သို့မဟုတ် နေရာ ရွှေ့ခြင်း စသည့် အနှောင့်အယှက် မပြုပါနှင့်<br>➤ ဗီဒီယို သို့မဟုတ် ဓာတ်ပုံရိုက်ပါ။<br>➤ မည်သူ မည်ဝါ သတ်မှတ်နိုင်ရန် အချက်အလက်များ ရယူပါ။ ထို့အပြင် |

| | |
|---|---|
| သင်္ချိုင်းမြှုပ်ထားသည့်နေရာများနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ထားသည့်နေရာများကို မှတ်တမ်းတင်ခြင်း | ✗ အလောင်းဖော်ခြင်းနှင့် အလောင်းကို ခွဲစိတ်စစ်ဆေးခြင်းများကို လက်မှတ်ရ ကျွမ်းကျင်သူများသာလျှင် ပြုလုပ်သင့်သည်။<br><br>✓ အခင်းဖြစ်နေရာများကို သက်ဆိုင်ရာအာဏာပိုင်များထံ သတင်းပို့ရန် ထည့်သွင်းစဉ်းစားပါ။<br><br>✓ အာဏာပိုင်များနှင့် မှုခင်းဆေးစစ် ကျွမ်းကျင်သူများ မရနိုင်ပါက သင်၏လုပ်ဆောင်မှု များကို အောက်ပါတို့ကိုသာ လုပ်ဆောင်ပါ-<br><br>✓ သင်္ချိုင်းမြှုပ်ထားသည့်နေရာမှ အရေးကြီး သတင်းအချက်အလက်များကို ထိန်းသိမ်းစောင့်ရှောက်ပါ။<br><br>✓ အခင်းနေရာကို ဝင်ရောက်ခွင့်ပိတ်ပင် သို့မဟုတ် ကန့်သတ်၍၊ အခင်းဖြစ်နေရာ (များ) လုံခြုံရန် လိုအပ်ကြောင်း ဒေသဆိုင်ရာ ရပ်ရွာအသိုင်းအဝိုင်းကို သတိပေးပါ။<br><br>✓. အခင်းဖြစ်နေရာကို ဗီဒီယို ဓာတ်ပုံများ၊ သင်၏တွေ့ရှိချက်များကို မှတ်သားပြီး မှတ်တမ်းတင်ပါ။ |

| ၁၁။ သတင်းအချက်အလက်များကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း | |
|---|---|
| အခြေခံမှုများ | ✓ သတင်းအချက်အလက်ကို ထိန်းသိမ်းသိမ်းဆည်းနှင့် စပ်လျဉ်း၍ အန္တရာယ်အကဲဖြတ်မှု တစ်ခုကို လုပ်ဆောင်ပါ။<br>✓ စုဆောင်းရရှိသည့်အချိန်မှစပြီး စုံစမ်းစစ်ဆေးရေး အရာရှိများထံ လွှဲပြောင်းပေးအပ်သည့်အချိန်အထိ စုဆောင်းထားသော ပစ္စည်းတစ်ခုနှင့် သတင်းအချက်အလက်တခုချင်းစီ၏ ခိုင်မာပြည့်စုံမှုကို ထိန်းသိမ်းပါ။<br>✓ စုဆောင်းရရှိထားသော အချက်အလက်တိုင်းအတွက် စေ့စပ်သော ထိန်းသိမ်းမှုကွင်းဆက် မှတ်တမ်းတစ်ခု ထားရှိပါ။<br>➤ လမ်းညွှန်ချက်များ၏ နောက်ဆက်တွဲ ၂ – ထိန်းသိမ်းမှုကွင်းဆက်ကို ကြည့်ပါ။<br>✓ စုဆောင်းထားသည့် အချက်အလက်၏ မှတ်တမ်း သို့မဟုတ် ဒေတာဘေ့စ်ကို ဖန်တီးပြီး သင့်တော်သော အချက်အလက်စီမံ ခန့်ခွဲ မှုဆိုင်ရာအ ခြေခံမူ စည်းမျဉ်းများကို အသုံးပြုပါ။ |
| ထုပ်ပိုးမှု | ✓ စုဆောင်းထားသော ပစ္စည်းတိုင်း ဘေးကင်းလုံခြုံစေရန်နှင့် ယိုယွင်းပျက်စီးမှုမှ ကာကွယ်ရန် သေချာ စနစ်တကျ ထုပ်ပိုးပါ။<br>✓ အချက်အလက်၏ အရွယ်အစားနှင့် သဘောသဘာဝ အပေါ်မူတည်၍ သင့်လျော်သောထုပ်ပိုးမှုကို အသုံးပြုပါ။ |
| တံဆိပ်တပ်ခြင်း၊ အလုံပိတ်ခြင်းနှင့် စာရင်းပြုစုခြင်း | ✓ အလွယ်တကူ ခွဲခြားသိရှိနိုင်စေရန် အထုပ်အပိုးများကို တံဆိပ်တပ်ပါ။<br>✓ ပြုပြင် ပြောင်းလဲ ပြန်လည်ပြင်ဆင်ထားခြင်းကို သိသာထင်ရှား စေသည့် အလုံပိတ်နည်းများကို အသုံးပြု၍ အထုပ်ကို ပိတ်ကာ အလုံပိတ်ထားသည့် အထုပ်ကို တံဆိပ်ရေး၍ ရက်စွဲတပ်ပါ။<br>✓ စုဆောင်းထားသော ပစ္စည်းများအားလုံး၏ အခြေခံအချက်အလက်များကို မှတ်တမ်းတင်ထားသော စာရွက်စာတမ်း သို့မဟုတ် ဒေတာဘေ့စ်တစ်ခု ဖန်တီးပါ။ |

| | |
|---|---|
| သိမ်းဆည်းသိုလှောင်ခြင်း | ✓ သင်၏ အရင်းအမြစ်များအပေါ်မူတည်၍ ရုပ်ပိုင်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ်ဖြင့် သိမ်းဆည်းသိုလှောင်မှုစနစ်များကို ရွေးချယ်ကာ စုဆောင်းထားသော အချက်အလက်များနှင့် ပစ္စည်းအားလုံးကို လုံလုံခြုံခြုံ သိမ်းဆည်းသိုလှောင်ထားပါ။<br>✓ Lock ချခြင်း၊ စကားဝှက်ထားခြင်း၊ အမည်ဝှက်ခြင်းများ လုပ်ဆောင်၍ အကဲဆတ်သောအချက်အလက်များကို လုံခြုံအောင်ထားပြီး အခြားသောစုဆောင်းထားသော ပစ္စည်းများမှ သီးခြားသိမ်းဆည်းပါ။<br>✓ 'သိရန်လိုသော/သိခွင့်ရှိသောမူ 'ချမှတ်၍ သတင်းအချက်အလက်ကို ဝင်ရောက်ကြည့်ရှုခွင့်ကို အနည်းဆုံးဖြစ်အောင် တတ်နိုင်သလောက် ထိန်းချုပ်ကန့်သတ်ပါ။<br>✓ စုဆောင်းထားသော အချက်အလက်များ အားလုံးကို အရန်သိမ်းဆည်းခြင်း၊ မိတ္တူကူးခြင်းနှင့် သီးခြားသိမ်းထားခြင်းကို ပုံမှန်လုပ်ပါ။<br>✓ သတင်းအချက်အလက်တစ်ခုခုအပေါ် အန္တရာယ်ကျရောက်လာပါက တုံ့ပြန်နိုင်ရန် အရေးပေါ်လုံခြုံရေးအစီအစဉ် ရေးဆွဲပါ။ |

| ၁၂။ စုဆောင်းကောက်ယူထားသည့် သတင်း အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း | |
|---|---|
| ပင်မအခြေခံမူများ | ✓ စုဆောင်းထားသော ပစ္စည်းများ၏ ခိုင်မာပြည့်စုံမှုနှင့် ထိန်းသိမ်းမှုကွင်းဆက်ကို မထိခိုက်စေသည့် နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာမှုကို လုပ်ဆောင်ပါ။<br>✓ စုဆောင်းရရှိထားသော ဖြစ်ရပ်မှန်အချက်အလက် မှတ်တမ်းများမှ သင်၏ ခွဲခြမ်းစိတ်ဖြာမှုကို သီးခြားမှတ်တမ်းတင်ပါ။<br>✓ အသုံးပြုသော သတင်းအချက်အလက် သို့မဟုတ် ပစ္စည်းများအပြင် အသုံးပြုသော နည်းစနစ်နှင့် ပတ်သက်၍ ကိုးကားချက်များ ရှင်းရှင်းလင်းလင်း ထည့်သွင်းပါ။<br>✓ အောက်ပါ ခွဲခြမ်းစိတ်ဖြာချက်သည် ကြီးမားသောဒေတာအစုများနှင့် ပတ်သက်လျှင် အထူးသဖြင့် အထောက်အကူ ဖြစ်စေနိုင်သည်-<br><br>➤ အရင်းအမြစ်အကဲဖြတ်ခြင်း (သတင်းအရင်းအမြစ်၏ ယုံကြည်စိတ်ချရမှုနှင့် ယုံကြည်အားထားရမှု)။<br>➤ အချက်အလက်များ ရှေ့နောက်ဆက်စပ်ပုံဖော်ခြင်း (စုဆောင်းထားသော အချက်အလက်များနှင့် ဆက်နွယ်ပြီး ချိတ်ဆက်ကာ နှိုင်းယှဉ်ပါ)နှင့်<br>➤ အချက်အလက်ခိုင်မာစေခြင်း (အဓိကသဲလွန်စများကိုဖော်ထုတ် သတ်မှတ်ပြီး ၊ချိတ်ဆက်အတည်ပြုပါ)။<br><br>✓ သင်၏ခွဲခြမ်းစိတ်ဖြာချက်ကို အရင်းခံအချက်အလက်များနှင့်အတူ အရည်အချင်းပြည့်မီသော နိုင်ငံတော် သို့မဟုတ် နိုင်ငံတကာ တာဝန်ခံမှုယန္တရားများသို့ အခွင့်အရေးရရချင်း မျှဝေပါ။ |

# နောက်ဆက်တွဲ ၄: အဓိက မှီငြမ်းအရင်းအမြစ်များ[41]

- Office of the High Commissioner for Human Rights – 'Istanbul Protocol: Manual on the Effective Investigation and Documentation of Torture and Other Cruel, Inhuman or Degrading Treatment or Punishment', 2nd edition, 2022.

https://www.ohchr.org/en/publications/policy-and-methodological-publications/ istanbul-protocol-manual-effective-0

- Global Code of Conduct for Gathering and Using Information about Systematic and Conflict-Related Sexual Violence (the Murad Code), 13 April 2022.

https://static1.squarespace.com/ static/5eba1018487928493de323e7/ t/6255fdf29113fa3f4be3add5/1649802738451/220413_ Murad_Code_EN.pdf

- Institute for International Criminal Investigations – 'IICI guidelines on remote interviewing', 2021.

https://iici.global/0.5.1/wp-content/uploads/2021/08/IICI-Remote-Interview-Guidelines.pdf

- Mendez Principles – 'New Principles on Effective Interviewing for Investigations and Information Gathering', 2021;

https://www.apt.ch/en/resources/publications/new-principles-effective-interviewing-investigations-and-information

- United Nations Investigative Team to Promote Accountability for Crimes Committed by Da'esh – Trauma-Informed Investigations Field Guide', 2021.

https://www.unitad.un.org/sites/www.unitad.un.org/files/general/2104429-trauma-informed_ investigations_field_guide_web_0.pdf

[41] ဤအရင်းအမြစ်များကို အရပ်ဘက်အဖွဲ့အစည်းများအနေနှင့် ထပ်တိုးသုတေသနပြုရာတွင် ပံ့ပိုးကူညီမှုဖြစ်အောင် ပံ့ပိုးထည့်သွင်းပေးထားပါ သည်။ Eurojust၊ Genocide Network နှင့် International Criminal Court တရားစွဲအရာရှိရုံးတို့သည် ထိုအရင်းအမြစ်များ၌ပါရှိသော အမြင်များနှင့် ရပ်တည်ချက်အားလုံးနှင့် သဘောတူထောက်ခံခြင်း မဟုတ်ပါ။

• United States Holocaust Memorial Museum – 'Pursuing Justice for mass atrocities – A Handbook for Victim's Groups', 2021.

https://www.ushmm.org/m/pdfs/USHMM-Pursuing-Justice-for-Mass-Atrocities.pdf

• Bournemouth University – 'The Bournemouth Protocol on Mass Grave Protection and Investigation', 2020.

https://issuu.com/bournemouthuniversity/docs/the_bournemouth_protocol_on_mass_grave_ protection_?fr=sMjc3OTI0MjAyNzM

• Office of the High Commissioner for Human Rights/Human Rights Center UC Berkeley School of Law – 'Berkeley Protocol on digital open source investigations', Advanced version, 2020.

https://www.ohchr.org/en/publications/policy-and-methodological-publications/ berkeley-protocol-digital-open-source

• Global Rights Compliance LLP - 'Basic Investigative Standards for International Crimes', 2019. https:// global-rightscompliance.com/wp-content/uploads/2022/03/Basic-Investigative-Standards-for-International-Crimes-Hardcopy.pdf

• Women's Initiatives for Gender Justice – 'The Hague Principles on Sexual Violence', 2019.

https://4genderjustice.org/ftp-files/publications/The-Hague-Principles-on-Sexual-Violence.pdf

• United Kingdom Foreign and Commonwealth Office – 'International Protocol on the Documentation and Investigation of Sexual Violence in Conflict', 2nd edition 2017.

https://assets.publishing.service.gov.uk/government/uploads/system/uploads/attachment_data/file/598335/International_Protocol_2017_2nd_Edition.pdf

• International Nuremberg Principles Academy - 'Cooperation between Civil Society Actors and Judicial Mechanisms in the Prosecution of Conflict-Related Sexual Violence: Guiding Principles and Recommendations', 2017.

https://www.nurembergacademy.org/fileadmin/media/pdf/projects/improving_cooperation_sexual_ vio-

lence/Guiding_Principles_And_Recommendations_CRSV.pdf

• Office of the High Commissioner for Human Rights – 'The Minnesota Protocol on the Investigation of Potentially Unlawful Death', 2016.

https://www.ohchr.org/sites/default/files/Documents/Publications/MinnesotaProtocol.pdf

• Public International Law & Policy Group – 'Handbook on Civil Society Documentation ofSerious Human Rights Violations', 2016.

https://static1.squarespace.com/ static/5900b58e1b631bffa367167e/ t/59dfab4480bd5ef9add73271/1507830600233/ Handbook-on-Civil-Society-Documentation-of-Serious-Human-Rights-Violations_c.pdf

• Witness, 'Video as Evidence Field Guide', 2016.

https://vae.witness.org/video-as-evidence-field-guide/

• Institute for International Criminal Investigations – 'Guidelines for investigating conflict-related sexual and gender-based violence against men and boys', 2016.

https://iici.global/0.5.1/wp-content/uploads/2017/03/160229_IICI_InvestigationGuidelines_ ConflictRelatedSGBVagainstMenBoys.pdf

• European Union Agency for Cybersecurity – 'Electronic evidence – Abasic guide for First Responders', 2015.

https://www.enisa.europa.eu/publications/electronic-evidence-a-basic-guide-for-first-responders

• Office of the Prosecutor of the International Criminal Tribunal for Rwanda – 'Best Practices Manual for Investigation and Prosecution of Sexual Violence Crimes in Post-Conflict Regions', 2014.

https://unictr.irmct.org/sites/unictr.org/files/publications/ICTR-Prosecution-of-Sexual-Violence.pdf

• United Nations Office on Drugs and Crime – 'Crime Scene and Physical Evidence Awareness for Non-Forensic Personnel', 2009.

https://www.unodc.org/documents/scientific/Crime_scene_awareness__Ebook.pdf

• World Health Organization – 'Ethical and safety recommendations for researching, documenting and monitoring sexual violence in emergencies', 2007.

https://www.who.int/publications/i/item/9789241595681



EUROJUST

Network for investigation and prosecution of genocide, crimes against humanity and war crimes

Cour Pénale Internationale
International Criminal Court

Le Bureau du Procureur
The Office of the Prosecutor

European Union Agency for Criminal Justice Cooperation

# တာဝန်ယူမှု၊ တာဝန်ခံမှု လုပ်ငန်းစဉ် ရည်ရွယ်ချက်အတွက် နိုင်ငံတကာရာဇဝတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ခြင်း:

## အရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ

AAPP

“ဤအရပ်ဖက်လူမှုအဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်များ” ကို

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) မှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

**Assistance Association for Political Prisoners**